www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဖြန့်ချီရေး အောင်မြင်စာပေ၊
ပထမအကြိမ်၊ ၂၀၁၄ ခုနှစ်၊
(အောက်တိုဘာလ)၊ အုပ်ရေ(၅၀၀)၊

အတွင်းပုံနှိပ် နှင့် မျက်နှာဖုံးပုံနှိပ်
အောင်မြင်ပုံနှိပ်တိုက်၊ [illegible]



၈၉၅.၈၃
ဖြိုးစုသ္တ
ပလ္လင်ပျောက်ကုန်းမှ မျက်နှာဖုံးရှင်/ ဖြိုးစုသ္တ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၄။
၂၄၀-စာ၊ ၁၂.၅ × ၁၈.၃ စင်တီ။

# ဒဿနလက်ဆောင်

➤ စိတ်ကူးဆိုတာ ...
ပျိုးစေ့ချခြင်းပင်ဖြစ်သည်။
မိမိလိုချင်တာမရမချင်း
စိတ်ကူးမျိုးစေ့ကို
ရှင်သန်ကြီးထွားလာအောင်
ဖက်တွယ်ထားရပါမယ်...။

➤ မပြီးခင်မှာတော့
ဘာမှဖြစ်လာနိုင်မှာ မဟုတ်ပါဘူး၊
ပြီးမြောက်အောင်မြင်သွားတဲ့ အချိန်မှာတော့
ဘာမဆိုဖြစ်လာနိုင်ပါတယ်။

➤ ခက်ခဲတာတွေကို
လက်တွဲဖြေရှင်းရင် ရနိုင်ပါတယ်၊
လမ်းခွဲချင်လျှင်တော့
ဖန်းနဲ့ရှက်ခေါ်လာလည်း
ခုန်ဆင်းပြေးမှာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

# ဒသယနုလက်ဆောင်

- မျက်စိနဲ့ကြည့်ရင်တော့
သဘောကျစရာတွေ
အများကြီးတွေ့ရမှာပါ
နှလုံးသားနဲ့ကြည့်ရင်တော့
ရွေးချယ်စရာများများ တွေ့ရမှာမဟုတ်ပါဘူး။

- အချစ်နှင့်ခံစားချက်တူသော
အရာတစ်ခုရှိပါတယ်၊
စိုးရိမ်သောကပင်ဖြစ်သည်။
အချစ်ကြီးလေလေ
စိုးရိမ်သောက ပိုများလေလေဖြစ်ပါတယ်။

- ချစ်ခြင်းမေတ္တာက
အသက်အရွယ်ကို
ပြုပြင်ပြောင်းလဲစေနိုင်ပါတယ်၊
အသက်အရွယ်ကတော့
ချစ်ခြင်းမေတ္တာကို
အပြောင်းအလဲ ပြုလုပ်ပေး၍ မရနိုင်ပေ။

# ဒသယနုလက်ဆောင်

- စိတ်ကူးယဉ်သောအချစ်သည်
သက်တံ့ပေါ်သို့ တက်ရခြင်းနှင့် တူ၏။
ရောင်စုံသက်တံ့ ပျောက်ကွယ်သောအခါ
အချစ်လည်း ကွယ်ပျောက်သွားပေလိမ့်မည်။

- အချစ်နှင့်အိမ်ထောင်ရေးသည်
တစ်လမ်းစီဖြစ်သော်ငြားလည်း
ပတ်သက်မှုတော့ရှိသည်။
ချစ်ခြင်းမေတ္တာဖြင့် ချည်နှောင်ထားသော
အိမ်ထောင်ရေးသည်
ခိုင်မြဲမှုရှည်ကြာစေနိုင်ပါသည်။

- လက်သီးဆုပ်ထားခဲ့လျှင်
ပန်းတစ်ပွင့်ကို ခူးဆွတ်၍ မရနိုင်ပါပေ။
ချစ်ခြင်းမေတ္တာကို အလိုရှိလျှင်တော့
အလျှော့အတင်းပြုလုပ်ပေးရတာတွေ
ရှိကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဒသမနှလက်ဆောင်

- ကြီးမြက်သော စွမ်းဆောင်မှုအတွင်း
အနက်ရှိုင်းဆုံးသော သည်းခံမှုနှင့်
မိမိပိုင်သော အသက်အရေအတွက်
အချိန်ကာလတို့ကို
အတိတ်မှာ မြှုပ်နှံထားခဲ့ရတတ်ပါတယ်။

- သင်ကိုယ်တိုင် အသိပညာ
အတတ်ပညာ သင်ယူခဲ့ခြင်းသည်
သားသမီးများအတွက် အမွေပေးရန်
အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှုတစ်ခုလည်း
ဖြစ်နိုင်ပါတယ်။

- စိတ်ပါသည်ဖြစ်စေ..မပါသည်ဖြစ်စေ၊
စမိသောအလုပ်ကို ပြီးမြောက်အောင်သာလုပ်ပါ။
အောင်မြင်ပြီးမြောက်သောအခါ
ကျေနပ်ဝမ်းသာခြင်းတွေ တွေ့ရနိုင်ပါတယ်။

BURMESE CLASSIC

## (စာရေးသူ၏ အမှာစာ)

ဤဝတ္ထုရှည်ရေးသားရာတွင် ပလ္လင်နှင့် ပတ်သက်သည့် အချက်အလက်များကို မြန်မာ့ စွယ်စုံကျမ်း အတွဲ (၇) မှ ရေးသား ဖော်ပြသော အချက်အလက်များနှင့်၊ ဇွန်လထုတ် ဂမ္ဘီရမဂ္ဂဇင်း မှာပါဝင်သော ကိုအေးမြင့် (မဟာဝိဇ္ဇာ ရှေး-သု) ရေးထားသော ‘ကမ္ဘာတစ်လွှားမှ ပလ္လင်တော်များ’ ဆောင်းပါး၌ ပါဝင်သော အချက်အလက်တို့ကို ကိုးကားရေးသားခဲ့ခြင်း ဖြစ်ပါကြောင်း၊

စာဖတ်သူများ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ၊

စာဖတ်သူများ မေတ္တာရိပ်အောက်မှ....

(တြိစက္က)

www.burmeseclassic.com

www.burmeseclassic.com

# ဤဝတ္ထု၌ပါဝင်သောအခန်းများ


အခန်း(၁) ဂမ္ဘီရဆန်သော ဥစ္စာသိုက်များ
အခန်း(၂) ပလ္လင်ပျောက်ကုန်းမှ လျှို့ဝှက်ချက်များ
အခန်း(၃) ပလ္လင်ကိုးမျိုး သိုက်ကိုးမျိုး
အခန်း(၄) အလှဖျက်သော ပါးမည်းကွက်များ
အခန်း(၅) တစ်ဆယ့်နှစ်လရာသီနှင့် အောင်ပွဲများ
အခန်း(၆) အငှားသိုက်နှင့် သက်သေခံပေးရသူ
အခန်း(၇) ဘေးသဲသို့မဟုတ် ခေါင်ရေသောက်ပွဲ
အခန်း(၈) မြွေဒါးရှင်သိုက်ကျား
အခန်း(၉) စောယာလာနှင့် ရစ်နွယ်လာသော ပြဿနာ
အခန်း(၁၀) တင်းပုတ်ထမ်းလာသော ဘီလူး
အခန်း(၁၁) အဖော်မပါ နဝင်းအကူရာ
အခန်း(၁၂) ကွယ်ပျောက်နေသော ပလ္လင်
အခန်း(၁၃) ကမ္ဘာတလွှားမှ ထူးခြားဆန်းကြယ်သော ပလ္လင်များ
အခန်း(၁၄) အမှောင်ရိပ်တွင်းမှ ပရလောကသား
အခန်း(၁၅) ပျော်ရွှင်ခွင့်မရသော မင်္ဂလာပွဲ
အခန်း(၁၆) ပလ္လင်ပျောက်ကုန်းမှ မျက်နှာဖုံးရှင်


BURMESE CLASSIC





## အခန်း ( ၁ )

# ဂမ္ဘီရဆန်သော ဥစ္စာသိုက်များ

ကမ္ဘာ့နေရာအနှံ့အပြားတွင် ဂမ္ဘီရဆန်သော နေရာများ ရှိကြသည်။ ထိုသို့ရှိကြရာမှာလည်း သူ့နေရာနှင့် သူ့ဓလေ့ မတူကြဘဲ အမျိုးမျိုးရှိကြလေသည်။

အီဂျစ်ဆိုလျှင် ဂမ္ဘီရဆန်သောနေရာများတွင် ရှေ့တန်း ပါဝင်ပြီး မဟာဂန္ဓာရီပညာများနှင့်ပတ်သက်လျှင် မူလဒေသမြစ် အခြေခံနေရာလည်း ဖြစ်ပေသည်။

အီဂျစ်နှင့်ပတ်သက်ပြီး ဂမ္ဘီရဆန်သောအကြောင်းအ

www.burmeseclassic.com

www.burmeseclassic.com

ရာများကို ပြောကြမည်ဆိုလျှင်. . . ပိရိမစ်များနှင့် မံမီရုပ်အလောင်းများ၊ ရတနာသိုက်များအကြောင်းကို ပြောကြသည်။

အိန္ဒိယဆိုလျှင် ယောဂကျင့်စဉ်များအကြောင်း၊ တရုတ်၌ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များနှင့် ဂမ္ဘီရဆန်သော ဆေးပညာများအကြောင်း ရေးကြပြောကြသည်။

တိဘက်ဆိုလျှင်တော့ နှစ်ပေါင်းများစွာ အသက်ရှည်စေနိုင်သော နည်းလမ်းများကို ရှာဖွေကျင့်ကြံနေကြသည့်. . တိဘက်ဘုန်းကြီးများအကြောင်းနှင့်၊ ရှမ်ဗဲလားအကြောင်းကို စိတ်ဝင်စားစွာ ရေးကြပြောကြလေသည်။

ထို့ပြင် ကမ္ဘာ့နေရာဒေသများ၌ ရှိကြသောနေရာများမှာလည်း သူ့နေရာနှင့်သူ၊ သူ့ဓလေ့စရိုက်နှင့်သူ ဂမ္ဘီရဆန်သော နေရာများ ရှိကြပေသည်။

ကမ္ဘာပေါ်ရှိ ဂမ္ဘီရဆန်သော နေရာများရှိသည့် တိုင်းပြည်နိုင်ငံတို့ထဲတွင် မြန်မာနိုင်ငံလည်း တစ်နေရာအပါအဝင် ဖြစ်ပေသည်။

အခြားတိုင်းပြည်နိုင်ငံများတို့တွင် သူ့နေရာနှင့်သူ ဂမ္ဘီရဆန်သောအကြောင်းအရာများ ရှိကြသလို မြန်မာနိုင်ငံမှာလည်း ရှိကြလေသည်။

မြန်မာနိုင်ငံတွင် ဂမ္ဘီရဆန်သော အကြောင်းအရာမျိုးစုံ ရှိကြသည့်အနက် 'သိုက်'နှင့်ပတ်သက်သော အကြောင်းအရာတို့က ရှေ့တန်းမှပါဝင်လေသည်။

လူဝင်စားများအကြောင်း၊ သရဲတစ္ဆေတို့အကြောင်းများ





မှာ အခြားတိုင်းပြည်နိုင်ငံများ၌လည်း သူ့နေရာနှင့်သူ ရှိကြသဖြင့် ထူးဆန်းတော့ပေ။

သိုက်နှင့်ပတ်သက်လျှင်လည်း အခြားနေရာများ၌ ရှိကြပေသည်။ သို့သော် ဥစ္စာသိုက်နှင့်ပတ်သက်သော နေရာများသာ ဖြစ်ပေသည်။ ထို့ပြင် မြန်မာနိုင်ငံ၌ရှိသော အရေအတွက်လောက်တော့ မများလှပေ။

တူတန်ခမန် ရတနာသိုက်၊ ဆော်လမွန်သိုက်၊ အတ္တလန္တစ်ရွှေမြို့တော်၊ ဂိုအာရွှေမြို့တော် စသောနေရာများမှာ. . ကမ္ဘာပေါ်၌ လူသိအများဆုံးနှင့် နာမည်ကြီးလှသော ရတနာသိုက်ကြီးများ ဖြစ်ကြလေသည်။

မြန်မာနိုင်ငံအတွင်းမှာတော့ သိုက်အရေအတွက်ပေါင်း ကိုးသိန်းကိုးသောင်းကျော်ပင်ရှိကြောင်း ရေးသားဖော်ပြထားသည်။

ငမှန်ကန်း၏ ဘုမ္မိယသိုက်ကျမ်းထဲ၌ ဖော်ပြထားချက်အရဆိုလျှင် ရွှေလှည်းကိုးစီး၊ ငွေလှည်းကိုးစီးတိုက်မျှရှိသော ရွှေငွေရတနာသိုက်ကြီးများမှစပြီး ရွှေအိုးတစ်လုံး၊ ငွေအိုးတစ်လုံးလောက် မြှုပ်နှံထားရုံနှင့် သိုက်စာရင်းဝင်နေကြသော သိုက်ငယ်ကလေးများလည်း ပါဝင်နေသည်ကို တွေ့ကြရပေသည်။

ထို့ပြင် သိုက်အမျိုးအမည်များမှာလည်း ကွဲပြားခြားနားစွာ ရှိကြသေးသည်။

ဘုရားသိုက်၊ သိကြားသိုက်၊ ငမှန်းကန်းသိုက်၊ ဂဝံပတေ့သိုက်၊ အင်းသိုက်၊ ပြဒါးရှင်သိုက်၊ ကျားသိုက်၊ နဂါးသိုက်၊ ဘီလူး



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



သိုက်၊ မြေသိုက်၊ ပညာသိုက်၊ မျှော့သိုက်၊ လွှမ်းသိုက်၊ ချေးပေါ်သိုက်၊ အငှားသိုက်. . . စသည်ဖြင့် သိုက်အတွင်းမှာရှိသော ဥစ္စာရတနာများ၊ အင်း၊ ပြဒါးစသော သိဒ္ဓိဝင်ပစ္စည်းများ၊ စောင့်ကြပ်ပေးနေသောပုဂ္ဂိုလ်များ၊ ဝေမာနိကပြိတ္တာများနှင့်၊ တိရစ္ဆာန်များတို့အမည်ကို အစွဲပြုပြီး အမည်နာမများလည်း အမျိုးမျိုးကွဲပြားမှုရှိကြပေသည်။

သိုက်အရေအတွက်ပေါင်း ကိုးသိန်းကိုးသောင်း ကိုးထောင့်ကိုးရာ ကိုးဆယ့်ကိုးသိုက် ရှိကြသည်ဆိုသဖြင့် ထိုကဲ့သို့သော အမျိုးအမည်ကွဲပြားနေသည်ကတော့ အထူးအဆန်းမဟုတ်ပါချေ။

အတော်များများကတော့ ရွှေငွေရတနာများ ရှိကြသည်ဖြစ်ပြီး၊ အချို့သိုက်များကတော့ သိဒ္ဓိပြီးမြောက်ပြီးသော အင်း၊ ပြဒါးရှင်လုံး၊ ပြဒါးပြာ၊ သံသေစသော သိဒ္ဓိဝင်ပစ္စည်းများသာ ရှိကြလေသည်။

အချို့သိုက်များမှာတော့ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များထားခဲ့သော ပညာရပ်များ ရှိကြလေသည်။

ထိုသိုက်မျိုးကိုတော့ ပညာသိုက်ဟု ခေါ်ဝေါ်ကြသည်။

ဖျာပုံမြို့၌ရှိသော ခရေပင်ဇောက်ထိုးသိုက်မှာ ပညာသိုက်စာရင်းဝင် ဖြစ်ပေသည်။

ထိုအကြောင်းကို 'အထိကရ ပညာလမ်း'ဟူသော ဝတ္ထုရှည်၌ ပြည့်စုံစွာရေးသားဖော်ပြပေးခဲ့ပြီး ဖြစ်ပေသည်။ ဥစ္စာသိုက်အချို့မှာ သိုက်အတွင်းမှာရှိကြသော ရွှေငွေရတနာတို့ကို နှော



ပွင့်လာမည့် မြတ်စွာဘုရားအား ရည်စူးလှူဒါန်းထားကြသောကြောင့် ထိုသိုက်မျိုးကို 'ဘုရားသိုက်'ဟုပင် ခေါ်ဝေါ်ကြလေသည်။

မြန်မာနိုင်ငံအတွင်း၌ ဘုရားအတွက် ရည်စူးထားသောရတနာပစ္စည်းများရှိသည့် သိုက်ကြီးများထဲတွင် ဒေးစွန်ပါသိုက်၊ ရွှေကျိုးဖြူ မူလာခဲသိုက်၊ ရွှေတိဂုံမဟာဇော်ဂျီသိုက်၊ မော်လမြိုင်ခမင်းစိန်သိုက်၊ မှော်ဘီမနှင်းစိန်သိုက်၊ အင်းဝဘောဂဗလသိုက်စသည်တို့မှာ ထင်ရှားကြလေသည်။

ထိုသိုက်ကြီးများအကြောင်းကို ဝတ္ထုနှင့်ရုပ်ရှင်ဇာတ်လမ်းများ ရေးသားရိုက်ကူးပြသကြသဖြင့်လည်း လူသိများလေသည်။

သိဒ္ဓိပေါက်စေသော ပညာရပ်များကို သိုဝှက်ထားခဲ့သော ခရေပင်ဇောက်ထိုးသိုက်နှင့်၊ ဘားမဲ့သိုက်တို့မှာတော့ ပညာရပ်နှင့်သက်ဆိုင်သောသိုက်များ ဖြစ်သောကြောင့် ပညာလမ်းလိုက်စားကြသူတို့သာ စိတ်ဝင်စားမှုရှိကြလေသည်။

သာမန်လူတို့ကတော့ ရွှေငွေရတနာရနိုင်သော ဥစ္စာသိုက်များလောက် စိတ်ဝင်စားမှုမရှိပေ။

"ဆေးစာဖတ်ရာ နားထောင်ပါ. . ရောဂါပျောက်နိုးနိုး၊ သိုက်စာဖတ်ရာ နားထောင်ပါ. . ဥစ္စာရနိုးနိုး"

ဟူသောစကားအတိုင်း ဥစ္စာသိုက်များအကြောင်း ပြော နားထောင်ရလျှင်ပင် ယခုပင် ဥစ္စာသိုက်စောင့်များက ပစ္စည်းလာပေးသဖြင့် နေ့ချင်းညချင်း ချမ်းသာတော့မလိုလို စိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ထင်တတ်ကြပေသည်။

အဘယ်ကြောင့်ဆိုသော်. . .

မြန်မာနိုင်ငံအတွင်းမှာ ဥစ္စာစောင့်မှ ဥစ္စာပေးသဖြင့် ချမ်းသာသူတို့အမှန်ပင် ရှိခဲ့ကြသောကြောင့် ဖြစ်ပေသည်။ ထို အကြောင်းများကို ရှေ့အခန်းများ၌ အလျင်းသင့်ပါက ထည့် သွင်းရေးသားပေးပါမည်။

သိုက်များနှင့်ပတ်သက်ပြီး အမည်နာမ မတူသလို အ ခြေအနေချင်းလည်း မတူကြပေ။

ဘုရားအတွက် ရည်စူးထားသော ရတနာများရှိသော သိုက်ကြီးများကို ဘုရားသိုက်ဟုခေါ်ကြပြီး မည်သူမှဖျက်ဆီး ယူငင်၍ မရပေ။

"သိုက်ကိုဖောက်လျှင် သိုက်စောင့်တစ်ယောက်တိုး" ဟူသောစကားအတိုင်း ထိုသိုက်မျိုးကို ဖျက်ဆီးရန်ကြံစည်သူ တို့မှာ သေကြေပျက်စီးကြရပြီး ထိုသိုက်မှာပင် သိုက်စောင့်ဘဝ မျိုးဖြင့် နေသွားကြရလေသည်။

သိဒ္ဓိပေါက်စေသော ပညာရပ်များ၊ အင်းများ၊ ပြဒါး ရှင်လုံး၊ ပြဒါးပြာ၊ သံသေ စသောပစ္စည်းများရှိသော သိုက်များ ကိုတော့ 'ပညာသိုက်' ဟု ခေါ်ဝေါ်ကြပြီး သာမန်လူတို့ စိတ်မဝင် စားကြပေ။

ထိုသိုက်မျိုးကို ရှာဖွေသူတို့မှာ ထွက်ရပ်ပေါက်လမ်းစဉ် ကို စိတ်ဝင်စားကြသူတို့သာ ဖြစ်ကြလေသည်။

မျှော့သိုက်ဟူသော ဝေါဟာရကတော့ အရပ်စကားဖြင့်



ခေါ်ဝေါ်သော အမည်မျိုးဖြစ်သည်။

တစ်ခါက နွားကျောင်းသားတစ်ယောက်သည် ချောင်း ကမ်းစပ်၌ နွားကျောင်းရင်း ပုလွေမှုတ်နေစဉ် ချောင်းထဲမှ ရေ အိုးတစ်လုံး မျောလာသည်ကို တွေ့သဖြင့် ဆင်း၍ဆယ်ယူပြီး ကြည့်သောအခါ အိုးထဲတွင် မျှော့နက်မည်းကြီးများ ပြည့်နေ သည်ကို တွေ့ရလေသည်။

"မျှော့တွေကတော့ ဘာမှသုံးလို့မရဘူး၊ အိုးကတော့ အိမ်ကိုယူသွားရင် သုံးလို့ရတယ်"

ဟုတွေးတောပြီး အိုးထဲမှ မျှော့များကို ချောင်းထဲသို့ သွန်ချလေရာ မျှော့များကျသွားသည်နှင့် နောက်မှတစ်စုံတစ် ယောက်က လက်ဝါးဖြင့်ရိုက်ချရာ ချောင်းထဲကျပြီး သေရလေ သည်။

လအတန်ကြာတော့ မိဘကိုလုပ်ကျွေးနေသော နွား ကျောင်းသားတစ်ယောက်မှာ ချောင်းကမ်းနံဘေး၌ နွားကျောင်း နေရင်း ချောင်းထဲမှ ရေအိုးတစ်လုံး မျောပါလာသဖြင့် ဆယ်ယူ ပြီးကြည့်သောအခါ. . မျှော့နက်မည်းကြီးများ ပြည့်နေသည်ကို တွေ့ရသဖြင့် အဖုံးပိတ်ပြီး အိမ်သို့သယ်ယူသွားလေသည်။

အိမ်သို့ရောက်သောအခါ. .

"အိုးကို မျှော့ကနိုင်၊ မျှော့ကို ထုံးကနိုင်သတဲ့"

ဟု ပြောဆိုရေရွတ်ပြီး ထိုအိုးထဲသို့ ထုံးရေများ ဖျော် ထည့်ပြီး အဖုံးပြန်ပိတ်ထားလေသည်၊

တနင်္ဂနွေနံ 'အိုး'နှင့် ကြာသပတေးနံ 'မျှော့'မှာ မိတ်

www.burmeseclassic.com

www.burmeseclassic.com



ခာတ်ဖြစ်သည်။ ကြာသပတေးနံ 'မျှော့'နှင့် 'ထုံး'မှာ ရန်ဘက်ဖြစ်သည်။

သို့သော်. . အိုးနှင့် မျှော့မှာ မိတ်ဓာတ်ဖြစ်သလို. . ထုံးနှင့်ရေမှာလည်း မိတ်ဖက်ဖြစ်နေသည်ကိုတော့ နွားကျောင်းသားက မသိပေ။

သူ့အနေဖြင့် မျှော့များသေစေရန် ထုံးရေလောင်းထည့်ပေးလိုက်ခြင်း ဖြစ်ပေသည်။

နောက်တစ်နေ့နံနက်လင်းသဖြင့် အိုးကိုဖွင့်ကြည့်သောအခါ အိုးထဲမှာ ရွှေမျှော့တောင့်များ ပြည့်နေသည်ကို တွေ့ရလေရာ မိသားစုများမှာ နေ့ချင်းညချင်း ချမ်းသာခြင်းသို့ ရောက်ကြရပေတော့သည်။

ညဏ်မရှိသော်လည်း ကံရှိသဖြင့် ချမ်းသာရခြင်းပင်ဖြစ်ပေသည်။

ထိုသတင်းကြားသောအခါ. . ရွာထဲမှာနေထိုင်သောလောဘကြီးသော လူတစ်ယောက်သည် နေ့တိုင်းချောင်းကမ်းစပ်သို့ သွားထိုင်ပြီး ညီးတွားနေလေတော့သည်။

"ငါ့ကိုလည်း မျှော့နက်ကြီးတွေ ပေးပါ၊ ငါ့ကိုလည်း မျှော့နက်ကြီးတွေ ပေးပါ"

ထိုကဲ့သို့ ပြောဆိုမြည်တမ်းနေရာ နေဝင်ချိန်ရောက်သောအခါ ချောင်းထဲမှ ကူးလာသော မျှော့နက်ကြီးများကို တွေ့ရသဖြင့် များစွာဝမ်းသာသွားလေသည်။

"ဟာ. . မျှော့နက်ကြီးတွေ ရောက်လာပဟ"





အကောင်အရွယ်အစားကြီးပြီး များလှသောမျှော့နက်ကြီးများမှာ ရေထဲမှကူးလာရာ ချောင်းရေတစ်ခုလုံး မည်းနက်နေလေတော့သည်။

တကယ်ဆိုလျှင်တော့ ထိုမျှအရေအတွက်များသောမျှော့များကို တွေ့မြင်ရသည်မှာ ကြောက်မက်ဖွယ်ရာဖြစ်လေသည်။ လောဘစိတ်များ နေသူကတော့ မကြောက်ရွံ့ဘဲ ဝမ်းသာနေလေသည်။

ချောင်းထဲမှကူးလာသော မျှော့များက သူတို့ရှိရာသို့တက်လာပြီး ဝိုင်းတွယ်ကြလေသည်။

ခဏအကြာမှာတော့ သူ့တစ်ကိုယ်လုံး မျှော့နက်မည်းကြီးများဖြင့် နေရာလပ်မရှိအောင် ပြည့်သွားကြလေတော့သည်။

မျှော့နက်ကြီးများက တစ်ကိုယ်လုံး သွေးစုပ်သောအခါမှာတော့ ဝမ်းမသာနိုင်တော့ပေ။ ကြောက်ရွံ့စိတ်ဖြင့် ဖယ်ရှားရန်ကြိုးစားသော်လည်း မရတော့ပေ။

ထို့နောက်မှာတော့ မျှော့နက်ကြီးများက မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ်၊ စအိုပေါက်စသည်တို့မှ ကိုယ်ခန္ဓာအတွင်းသို့ ဝင်ရောက်သွားကြပြီးနောက်မှာတော့ ထိုလူမှာ နေရာမှာတင် သေနိုင်တော့ဘဲ အသက်သေရလေတော့သည်။

နောက်တစ်နေ့အထိ အိမ်ပြန်မရောက်လာတော့၍ အိမ်သူအိမ်သားများက လိုက်လံရှာဖွေကြရာ ချောင်းစပ်တစ်နေရာတွင် သေဆုံးနေသော အလောင်းကိုသာ တွေ့ကြရပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံး သွေးမရှိတော့ဘဲ ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ သေဆုံးဆနေခြင်းပင် ဖြစ်တော့သည်။

ထိုကဲ့သို့သော အဖြစ်အပျက်များကို အကြောင်းပြုပြီး 'မျှော့သိုက်'ဟု ခေါ်ဝေါ်ကြခြင်းဖြစ်ပေသည်။

ချေးပါသိုက်ဆိုသော အမျိုးအစားမှာ ၄င်းသိုက်အတွင်းမှ ရွှေငွေရတနာတစ်ခုခုတို့ကို ယူဆောင်မိပါက ကောက်ကာငင်ကာ ဝမ်းရောဂါဖြစ်သကဲ့သို့ မရပ်မနား ဝမ်းသွားလေတော့သည်။

ထိုအချက်ကို သတိပြုမိသဖြင့်. . ယူလာသော ရွှေငွေရတနာတို့ကို မူလနေရာရောက်အောင် ပြန်ထားပါက သက်သာသည်။ ဝမ်းသွားခြင်းလည်း ချက်ချင်းရပ်တံ့သွားသည်။ မဟုတ်ဘဲ ဇွတ်တိုးပြီး ယူသွားပါက အသက်သေသည်အထိ မရပ်မနားဝမ်းသွားလေတော့သည်။

ထိုသိုက်မျိုးကို 'ချေးပါသိုက်' ဟုပင် အရပ်စကားဖြင့် ခေါ်ဝေါ်ကြသည်။

ငွေယားသိုက်ဆိုသည်မှာ. . .

ထိုရွှေငွေရတနာသိုက်မှ' ရွှေငွေရတနာများအား ယူဆောင်လာမိပါက မနေနိုင်အောင် ယားယံလေ့ရှိသည်။ ထိုမှ သတိမရဘဲ ယူဆောင်လာသော ပစ္စည်းကို မူလနေရာရောက်သည်အထိ ပြန်မပို့ဘဲရှိသော် မခံမရပ်နိုင်အောင် ယားယံပြီး အော်ဟစ်နေရလေသည်။ ယူလာသော ငွေတို့ကို မူလနေရာရောက်အောင် ပြန်ပို့ပေးမှသာ သက်သာရာရစေသည်။



စာဖတ်သူများအနေဖြင့် လွှမ်းဆွတ်သော ဝေဒနာကို ကြဖူးပေလိမ့်မည်၊ သာမန်ဆိုလျှင်တော့ မထောင်းသာ ၊ သည်းသည်းထန်ထန် လွှမ်းဆွတ်ရလျှင်တော့ အတော် အခံရခက်လှသော ဝေဒနာမျိုးဖြစ်သည်။

လူသော်လည်းကောင်း၊ တိရစ္ဆာန်သော်လည်းကောင်း မ်းဆွတ်ခြင်း' ဝေဒနာနှိပ်စက်မှုကြောင့်. . သေရသည်မျိုးရှိ ည်၊ ထိုကဲ့သို့သေခြင်းမျိုးကို 'ရင်ကွဲနာကျခြင်း' ဟုခေါ်ကြ သည်။

သိုက်အမျိုးအမည်ပေါင်းများစွာ ရှိကြသည့်အနက်တွင် အကွင်းမှ ရွှေငွေရတနာတို့ကို ယူဆောင်မိပါက လွှမ်းဆွတ် ဝေဒနာခံရပြီး ထိုနေရာမှ မခွာနိုင်သော သိုက်မျိုးလည်း င်လေသည်။

ထိုသိုက်မျိုးကိုတော့ 'လွှမ်းသိုက်'ဟုပင် အလွယ်တကူ ခေါ်ဝေါ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com







# အခန်း ( ၂ )

# ပလ္လင်ပျောက်ကုန်းမှ ထူးဆန်းထူးခြားမှုများ

မြန်မာနိုင်ငံအတွင်း၌. . . သိုက်အရေအတွက်ပေါင်း ...ကျက်များစွာရှိသည့်အနက် ထူးခြားဆန်းကြယ်သော နေရာ ...နှင့် သိုက်များလည်း ပါဝင်လေသည်။

ထူးခြားဆန်းကြယ်သော နေရာများထဲတွင်. . 'ပလ္လင် ...ပျောက်ကုန်း'လည်း တစ်နေရာအပါအဝင်ဖြစ်ပေသည်။

ပလ္လင်ပျောက်ကုန်း ရှိသောနေရာမှာ ချင်းပြည်နယ်အ



www.burmeseclassic.com

www.burmeseclassic.com



တွင်း၌ဖြစ်ပြီး ဝိတိုရိယတောင်နှင့် မောပိတောင်တို့ရှိသော ေ
ရာကြား၌ဖြစ်သည်။

ဂန့်ဂေါနယ်ဘက်မှ စီးဆင်းလာသော မြစ်သာမြစ်ဖျ
နှင့် ဧရာဝတီမြစ်ဘက်မှ အနောက်ဘက်သို့ ခွဲတက်လာသေ
မြစ်ခွဲတစ်စင်းတို့ ပေါင်းဆုံသောနေရာတစ်ဝိုက်တွင် ရှိေ
သည်။

အချိန်ကာလမှာ (၁၉၄၀)ခုနှစ် ပတ်ဝန်းကျင်တစ်ဝိုး
လောက်သာ ရှိသေးသဖြင့် မြန်မာနိုင်ငံမှာ သူ့ကျွန်ဘဝမှ လွ
မြောက်စေရန် ကြိုးစားနေကြသော အချိန်အခါလည်းဖြစ်သည
ထိုအချိန်တွင် ခေတ်ကာလအခြေအနေ မကော
သေးသောကြောင့် တောတောင်ထူထပ်လှသော ချင်းပြည်န
အတွင်း၌ နေထိုင်သူလူဦးရေ မများလှသေးပေ။

ချင်းပြည်နယ်တွင် တောင်မြင့်ကြီးများ နေရာအနှံ့
ရှိကြပြီး နေရာမလပ် သစ်တောကြီးများက ဖုံးလွှမ်းထားကြေ
သည်။

ထိုကဲ့သို့ တောင်မြင့်ကြီးများက ကာဆီးထားပြီး သ
တောကြီးများက ဖုံးလွှမ်းထားသောကြောင့် တစ်နေရာနှင့်တ
နေရာ သွားလာရန် မလွယ်ကူလှပေ။ သို့ကြောင့် နေထိုင်သူ
ဦးရေ နည်းခြင်းဖြစ်သည်။

မြန်မာနိုင်ငံကို အင်္ဂလိပ်များသိမ်းပိုက်ပြီးနောက်ပိုင်
တော့ ခရစ်ယာန်သာသနာပြုလုပ်ငန်းများကြောင့် အတန်
သင့် တိုးတက်မှုရှိလာလေသည်။ ချင်းတောင်တန်းများပေါ်



အင်္ဂလိပ်များ မရောက်လာခင်ကတည်းက နတ်ဆရာများမှ ကြိုတင်နိမိတ်ဖတ်ခဲ့ကြသည်။

ငှင်းတို့ နိမိတ်ကောက်၍ ဟောပြောချက်များမှာ. . .

(၁) ချင်းတောင်ပေါ်သို့ မျောက်ဖြူများ တက်လာကြပေတော့မည်။ (ငှင်းတို့ဟောသည့်အတိုင်း အင်္ဂလိပ်များ ရောက်လာကြလေသည်)

(၂) ချင်းတောင်တွင် ငွေပင်ပေါက်မည်။ (ဟားခါးတွင် အင်္ဂလိပ်တို့ မြို့တော်နှင့် ရုံးစိုက်ခြင်း)

(၃) ဂဏန်းကောင်သည် တောင်ပေါ်သို့ တွားသွားတက်ယာပြီးနောက် နရိန်ရွာအထိ ရောက်ပေလိမ့်မည်။ (တောင်ပေါ်သို့ မော်တော်ကား တက်လာခြင်း)

(၄) အမှောင်ဖုံးနေသည့် ချင်းတောင်တန်းတလျှောက် မျှော်ကြည့်လျှင် ဆင်ထန်နယ်၊ ဖိုင်ဇောင်းရွာ၊ ထန်တလန်နယ် မှ လေတပ်ရွာအထိ မီးအလင်းရောင် မြင်ရမည်။ (နောက်ပိုင်း လျှပ်စစ်မီးရောင်ဖြင့် လင်းခြင်း)

(၅) ငါးအကြီးများနေသော ကျောက်ခေါင်းအတွင်း ငါးအငယ်များ ဝင်ရောက်နေထိုင်ကြမည်။ (ချင်းတောင်ပေါ်တွင် လူမျိုးပေါင်းစုံတို့ ရောနှောနေထိုင်ကြခြင်း)

(၆) လင်းပေါ်တွင် တွေ့ရသော မြက်များကို သုတ်သင်ဖယ်ရှားရမည်။ (အင်္ဂလိပ်တို့ကို တိုက်ထုတ်ပစ်ရခြင်း)

www.burmeseclassic.com

www.burmeseclassic.com



(၇) ပွေး သစ်ပင်ပေါ်တက်သဖြင့် မျောက်လွဲကျော် သစ်ပင်ပေါ်မှ ဆင်းပေးရမည်။

(အခြားကျူးကျော်သူများ ဝင်ရောက်လာသောကြောင့် ချင်းတောင်မှာနေသူများ နေရာဖယ်ပေးရခြင်း)

(၈) လူအားလုံး၊ တိရစ္ဆာန်အားလုံး ပိုးလောက်လန်းဘဝမျိုး ဖြစ်ရမည်။

(လူနည်းစုနေသော ချင်းတောင်တန်းပေါ်သို့ တဖြည်းဖြည်းလူများလာပြီး တိုးတိုးဝှေ့ဝှေ့နေကြရခြင်း) စသည်တို့ပင်ဖြစ်သည်။

(တခြားဟောပြောချက်များလည်း ရှိသေးသော်လည်း ဘာသာရေးနှင့် သက်ဆိုင်သော အကြောင်းအရာများ ပါဝင်နေသောကြောင့် မဖော်ပြတော့ပြီ)

ရှေ့တွင်ဖော်ပြခဲ့သော ပလ္လင်ပျောက်ကုန်းရှိသောနေရာမှာ တောင်မြင့်ကြီးနှစ်လုံးကြားတွင် တည်ရှိပြီး လူသူမနေသော နေရာဖြစ်သည်။

ထိုနေရာတစ်ဝိုက်တွင် သစ်တောကြီးများကလည်း နေပြောက်မထိုးအောင် ပိတ်သည်းနေသည်။

'ပလ္လင်ပျောက်ကုန်း' ရှိသောနေရာမှာ နယ်မြေကြမ်းသော နေရာမျိုးဖြစ်သည်။

တောတောင်ထူထပ်သဖြင့် ကျား၊ ဆင်ရိုင်း၊ ကျားသစ်မြွေ၊ ဝက်ဝံ၊ လူဝံတို့ရှိသည်။ ကျတ်ကုန်းများရှိသည်။ သိုက်ကုန်းများရှိသည်။





သိုက်ကုန်းများထဲတွင် ရှေ့၌ဖော်ပြခဲ့သော ကျားသိုက် လွှမ်းသိုက်၊ အငှားသိုက်တို့လည်း ရှိကြသည်။

ပလ္လင်ပျောက်ကုန်းဟု ဒေသခံများမှ ခေါ်နေကြရခြင်း အကြောင်းရင်းမှာ ထိုနေရာတွင် ပလ္လင်ဟောင်းများ ရှိသောကြောင့်ပင်ဖြစ်သည်။

ပလ္လင်များမှာ နှစ်ပေါင်းများစွာကပင် အုတ်၊ ကျောက်၊ အင်္ဂတေစသည်တို့ဖြင့် ပြုလုပ်ထားခြင်းဖြစ်ပြီး စုစုပေါင်း ပလ္လင် (၃)ခု ရှိသည်။ အမြင့်ပေ (၉)ပေခန့်စီရှိပြီး တစ်ညီတည်း၊ တစ်ပုံစံတည်း ပြုလုပ်ထားခြင်းဖြစ်သည်။

မည်သည့်အချိန်က မည်သူက ပြုလုပ်ထားခဲ့သည် ဆိုတာတော့ မသိကြရပေ။ နှစ်ပရိစ္ဆေဒရကြာမြင့်ပြီဖြစ်သဖြင့် ချုံနွယ်ပိတ်ပေါင်းတို့က ဖုံးအုပ်နေကြသည်။ ပလ္လင်များပေါ်တွင် ရေညှိရေမှော်များက အထပ်ထပ် ကပ်နေကြသည်။ အချို့မှာ ပြိုကျနေပြီး အင်္ဂတေချပ်များပင် ပေါ်နေလေသည်။

ပလ္လင်ကြီးများပေါ်မှာတော့ မည်သည့်ရုပ်ထုမှ မရှိတော့ပေ။ ဗုဒ္ဓရုပ်ပွားတော်သော်လည်းကောင်း၊ နတ်ရုပ်စသော အခြားရုပ်ထုများသော်လည်းကောင်း မရှိပေ။

ပလ္လင်များပြုလုပ်စဉ်က ထိုအပေါ်တွင် တစ်စုံတစ်ခုတင်ရန် ရည်စူးထားသော်လည်း ယခုတော့ ဘာမှမရှိတော့ပေ။ ပလ္လင်များပြုလုပ်ထားပုံမှာ တစ်နေရာတည်း၊ တစ်စုတဝေးတည်းတော့ မဟုတ်ပေ။

တနင်္ဂနွေထောင့် (အရှေ့မြောက်ထောင့်)တွင် ပလ္လင်



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံး၊

တနင်္လာထောင့် (အရှေ့ထောင့်)တွင် ပလ္လင်တစ်လုံး၊

အင်္ဂါထောင့် (အရှေ့တောင်ထောင့်)တွင် ပလ္လင်တစ်လုံး၊

ဗုဒ္ဓဟူးထောင့် (တောင်အရပ်)တွင် ပလ္လင်တစ်လုံး၊

စနေထောင့် (အနောက်တောင်ထောင့်)တွင် ပလ္လင်တစ်လုံး၊

ကြာသပတေးထောင့် (အနောက်အရပ်)တွင် ပလ္လင်တစ်လုံး၊

ရာဟုထောင့် (အနောက်မြောက်ထောင့်)တွင် ပလ္လင်တစ်လုံး၊

သောကြာထောင့် (မြောက်အရပ်)တွင် ပလ္လင်တစ်လုံးနှင့် အလယ်နေရာတွင် ပလ္လင်တစ်လုံး၊

စုစုပေါင်း ပလ္လင်ကိုးလုံး ရှိလေသည်။

ထူးဆန်းသောအချက်က ထိုနေရာတွင် ပလ္လင်ကိုးလုံးရှိသော်ငြားလည်း စိတ်ဝင်စားသဖြင့် သွားရောက်ရှာဖွေပါက (၉)လုံးမတွေ့ရဘဲ (၈)လုံးသာတွေ့ရသည်။

ဘယ်လိုပဲရှာရှာ (၈)လုံးသာတွေ့ရသည်။

အချို့က မကျေနပ်သဖြင့် ပလ္လင်များကို ထုံးဖြူဖြင့် တို့မှတ်ပြီး ရှာဖွေကြသည်။

ဘယ်လိုပင်ရှာဖွေသော်လည်း (၈)လုံးကိုသာ တွေ့ရပြီး (၉)လုံးပြည့်အောင် မရှာနိုင်ကြပေ။





ပလ္လင်တစ်လုံး အမြဲပျောက်နေသောကြောင့် ထိုနေရာကို 'ပလ္လင်ပျောက်ကုန်း'ဟု ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

ထိုကုန်းနှင့် မဝေးလှသောနေရာ၌ နေကြသော အချို့ရွာသားများသည် ဝက်၊ နွားနောက်စသော သတ္တဝါများကို အလောင်းအစားပြုလုပ်ကာ ပလ္လင်(၉)လုံးကို ပြည့်အောင် ရှာဖွေကြသည်။

သို့သော်.. ပလ္လင်(၉)ခုစလုံးပြည့်အောင် မရှာဖွေနိုင်သောကြောင့် အရှုံးပေးကြရသည်။

"ငါအရင်တစ်ခေါက် ဒီနေရာရောက်တုန်းက ပလ္လင်တွေကို လိုက်ရေကြည့်သေးတယ်၊ အဲဒီအချိန်တုန်းက ပလ္လင်(၉)လုံးစလုံး တွေ့ခဲ့ရတယ်"

"မင်း မျက်စိမှားပြီး.. ရေခဲ့ပြီးသားပလ္လင်ကို ထပ်ရေလို့သာ (၉)လုံးပြည့်ခဲ့တာ ဖြစ်မှာပေါ့"

"ငါလည်း အဲဒီလိုပဲထင်လို့ ပလ္လင်တွေပေါ်မှာ ကျောက်ခဲတွေတင်ပြီး ရေကြည့်ခဲ့တာ၊ အဲဒီတုန်းက ပလ္လင်(၉)လုံးစလုံး စုံအောင်တွေ့ခဲ့ရတယ်၊ ဒါကြောင့် မင်းတို့နဲ့ အလောင်းအစား လုပ်ဝံ့တာပေါ့၊ အခုတော့ ဝက်တစ်ကောင်ဆုံးပါပြီကွာ"

ဟုလောင်းကြေးရှုံးသွားသူက ညည်းညည်းညူညူ ပြောဆိုနေလေတော့သည်။

"ဒီလောက်လည်းစိတ်ပျက်မနေပါနဲ့ကွာ၊ ပလ္လင်ပျောက်ကုန်းမှာရှိတဲ့ ပလ္လင်တွေက(၉)လုံးရှိတယ်လို့သာ ပြောကြပေမယ့် တကယ်လိုက်ရှာကြည့်တဲ့အခါ (၈)လုံးပဲတွေ့ကြရတယ်"

www.burmeseclassic.com

www.burmeseclassic.com

"အဲဒါဘာကြောင့်လဲ"

"အဲဒီနေရာမှာရှိတဲ့ အစောင့်အရှောက်တွေ နတ်တွေ ထည့်ထားလို့သာ မတွေ့ကြရတာနေမှာပေ့ါ၊ နောက်ပြီးပလ္လင်ပျောက်ကုန်းက တစ္ဆေလည်းကြမ်းတယ်၊ ဥစ္စာစောင့်သိုက်စောင့်တွေလည်း ပေါတယ်"

ထိုစကားကြားသောအခါ လောင်းကြေးရှုံးသွားသူမှာ ဘာမှမပြောသာတော့ပေ။

သို့သော် သူတစ်ယောက်တည်း ရောက်ခဲ့စဉ်က ပလ္လင် (၉)လုံးတွေ့ခဲ့ရပြီး၊ ဝက်တစ်ကောင်နှင့် အလောင်းအစားပြုလုပ်၍ ရှာတော့မှ (၈)လုံးပဲတွေ့ရသည်ကိုတော့ စိတ်ထဲမှမကျေမနပ်ဖြစ်နေလေသည်။

သို့သော် မတတ်နိုင်တော့ပေ။

ထိုသူ၏အမည်မှာ ချန်ထန် ဆိုသူဖြစ်သည်။

သူသည် ချင်းလူမျိုးတစ်ယောက် ဖြစ်သော်လည်း ထိုဒေသမှမဟုတ်ပေ။

အခြားနေရာဒေသမှ ရွှေ့ပြောင်းလာသူဖြစ်ပြီး ထိုနေရာမှ အကြောင်းများကို သိပ်မသိရှာပေ။

ချန်ထန်မှာ အသက်(၃၀)ကျော်အရွယ်ခန့်သာ ရှိသေးပြီး၊ အမဲလိုက်သောအလုပ် လုပ်ကိုင်စားသောက်လေသည်။

တူးမီးသေနတ်တစ်လက်၊ လေးမြား၊ ဓားလှံတို့ဖြင့် တောထဲတောင်ထဲဝင်ပြီး တစ်ယောက်တည်း အမဲလိုက်သူ ဖြစ်လေသည်။





သူရောက်ကာစက ခင်မင်ရင်းနှီးသော အခြားအဖော်များက သတိပေးသည်။

"ချန်ထန် မင်းကတစ်ယောက်တည်း သွားလာနေတာဆိုတော့ သတိပေးရဦးမယ်၊ ငါတို့နယ်ဘက်က တောတွေထဲမှာ တောကြမ်းတဲ့နေရာတွေရှိတယ်"

"ဘယ်နေရာတွေလဲ"

"ပလ္လင်ပျက်တွေရှိတဲ့ နေရာမျိုးတွေက ကြမ်းတယ်. . အဲဒီနေရာကို အဖော်မပါဘဲ တစ်ယောက်တည်း မသွားမလာနဲ့"

ချန်ထန်က သတ္တိကောင်းသူဖြစ်သောကြောင့် ထိုသို့သတိပေးသော်လည်း မကြောက်ရွံ့ပေ။

"ဘယ်လိုကြမ်းတာလဲ၊ သရဲတစ္ဆေကြမ်းတာလား၊ ငါက သရဲခြောက်လည်း မကြောက်ဘူး"

ချန်ထန်ပြောသည်ကို ကျန်လူများက လက်ခံကြသည်။

တစ်ခါက ချန်ထန်တစ်ယောက် တောထဲမှပြန်လာရာ တောထဲတွင် သရဲနှင့်တွေ့ခဲ့ရဖူးသည်။

အချိန်က မှောင်ရီသမ်းစအချိန်ရောက်နေပြီး သူရလာသော ဒရယ်တစ်ကောင်ကို ထမ်းပြီး ပြန်လာခြင်းဖြစ်သည်။

သွေးနံ့ရသဖြင့် ချုံထဲမှထွက်လာသော ကျတ်၊ မှင်စာတို့နှင့် တွေ့သော်လည်း မမှုပေ။

အချို့ကျတ်များ၊ မှင်စာများက အသားစားလိုသဖြင့်. . နောက်မှပြေးလိုက်လာပြီး သားကောင်ကို ဝင်လုကြသည်။

"သူများဖမ်းလာတဲ့သားကောင်ကို လိုချင်တဲ့ကောင်

www.burmeseclassic.com

www.burmeseclassic.com



တွေ အသားတော့မရဘူး. . ဒါပဲရမယ်"

ဟုပြောဆိုပြီး သားကောင်ထိုးသောလှံရိုးဖြင့် ရိုက်ထုတ်ပစ်ရာ ဘူးသီး၊ ဖရုံသီးများရိုက်ရသကဲ့သို့ ဒလိမ့်ခေါက်ကွေးဖြစ်ကာ ကျန်ခဲ့ကြလေသည်။

တစ်နေရာရောက်တော့ သူသွားမည့်လမ်းပေါ်မှာ ပိတ်ရပ်နေသော မည်းမည်းသဏ္ဍာန်ကြီးနှင့် တွေ့ရလေသည်။

လမ်းတစ်ခုလုံး ပြည့်နေရုံမကဘဲ အရပ်က သစ်ပင်ထိပ်ဖျားလောက်အထိ ရောက်နေသည်။

"မင်းက အကောင်ပိုကြီးတယ်၊ လှံနဲ့မရတော့လည်း သေနတ်နဲ့ ပစ်ရရုံအပြင် ဘာမှမရှိဘူး"

ဟု ကြိမ်းမောင်းပြီး သေနတ်ဖြင့် သုံးလေးချက်ဆက်ပစ်လေသည်။

ထိုသို့ပစ်သောအခါ သစ်ပင်ကြီးကို အပင်အောက်ခြေမှ လွှဖြင့်တိုက်လှဲချလိုက်သကဲ့သို့ လဲကျသွားသည်ကို မြင်လိုက်ရလေသည်။

ထိုအကောင်ကြီး လဲကျသွားပြီးသောအခါ နောက်ထပ် အနှောင့်အယှက်မတွေ့ရတော့ဘဲ ရွာသို့ပြန်လာခဲ့လေသည်။

နောက်တစ်နေ့တွင် အခြားရွာသားများကို အဖော်ခေါ်ပြီး ထိုနေရာသို့ တစ်ခေါက်သွားကြည့်သောအခါ ကျည်ဆံထိမှန်သောဒဏ်ရာများဖြင့် သေဆုံးနေသော တောခွေးတစ်ကောင်ကိုသာ တွေ့ကြရပေသည်။

ချန်ထန်က ထိုကဲ့သို့ သတ္တိကောင်းသူတစ်ယောက်ဖြစ်



သေသည်။

ယခုလည်း အပေါင်းအဖော်များက ပလ္လင်ပျောက်ကုန်းအကြောင်းကို ပြောသောအခါ မယုံကြည်လှပေ။

"အဲဒီနေရာမှာ သရဲတစ္ဆေတွေအပြင် တခြားအနှောင့်အယှက်တွေလည်း အများကြီးရှိတယ်၊ နောက်ပြီး သိုက်တွေလည်းရှိတယ်"

"သိုက်ဆိုတာဘာလဲ"

"သိုက်ဆိုတာ ရွှေငွေရတနာတွေ ရှိတဲ့နေရာမျိုးပေါ့"

"ဟန်ကျတာပေါ့၊ ငါတစ်ခေါက်တော့ သွားရှာကြည့်ဦးမယ်"

ဟု ပြောလေသည်။

နောက်တစ်ကြိမ် တောပစ်ထွက်သောအခါ အပြန်တွင် ပလ္လင်ပျောက်ကုန်းရှိရာဘက်သို့ လှည့်ဝင်လာလေသည်။

သူရောက်သွားတော့ ပလ္လင်ပျက်ကြီးများကိုသာ တွေ့ရပြီး အခြားအနှောင့်အယှက်တော့ ဘာမှမတွေ့ရပေ။

"ဘူနိမ်းတို့ပြောတော့ ဒီနေရာပလ္လင် (၉)ခုရှိသတဲ့၊ ဒါပေမယ့် ရေကြည့်ရင် (၈)ခုပဲတွေ့ရတယ်လို့ ပြောတယ် ဟုတ်မဟုတ် သိရအောင် လိုက်ရေကြည့်ဦးမှပဲ"

ဟုစိတ်ကူးပြီး ပလ္လင်များကို လိုက်လံရေတွက်ကြည့်ရာ ပလ္လင် (၉)ခုစလုံးတွေ့ရလေသည်။

စိတ်မသက်သာသဖြင့် အမှတ်အသားများပြုလုပ်ပြီး လိုက်ရေကြည့်တော့လည်း ပလ္လင်(၉)ခုစလုံး တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သေသေချာချာ မရှာဘဲနဲ့ ရမ်းပြောနေကြတာပဲ၊ ဒီမှာ ငါရေကြည့်တော့ ပလ္လင်(၉)ခုရှိနေသားပဲ"

ထိုအကြောင်းကို ဘူနိမ်းတို့ကို ပြန်ပြောပြရာ မယုံသ ဖြင့် ဝက်တစ်ကောင်ချင်း လောင်းကြေးထပ်ကာ သွားရောက်ရှာ ဖွေတော့မှသာ ပလ္လင်(၉)ခုမတွေ့ရဘဲ (၈)ခုသာတွေ့ရတော့သ ဖြင့် သူ့ဝက်တစ်ကောင် ပေးလိုက်ရခြင်းဖြစ်ပေသည်။

ချန်ထန်က ထိုအကြောင်းကို နည်းနည်းမှ မကျေနပ် ပေ။

"ငါ ဝက်တစ်ကောင်ရှုံးအောင် ပလ္လင်တစ်ခုကို ဘယ် ကောင်ဖျောက်ထားသလဲမသိဘူး၊ တွေ့ရင်တော့ တူမီးသေနတ် စာ အမိပဲ"

ဟု စိတ်ထဲမှကြိမ်းဝါးကာ နောက်တစ်ကြိမ် တော ရောက်တော့ ထိုနေရာသို့ သွားပြန်လေသည်။

ပလ္လင်ပျောက်ကုန်းသို့ ရောက်သောအခါ ပလ္လင်များ လိုက်လံရေတွက်ကြည့်ရာ (၉)ခုစလုံး စုံစုံလင်လင် တွေ့ရ လေသည်။

"ဒါဆိုရင် အရင်တစ်ခေါက်လာရှာတုန်းက ပလ္လင်တစ် ပျောက်နေတာ တစ်ယောက်ယောက်က ဖွက်ထားလို့ ရှာမတွေ့ တာပဲဖြစ်ရမယ်"

ဟု တွေးမိပြီး အသံကျယ်ကျယ်ဖြင့် အော်ပြောလို လေသည်။

"ဟေး. . ပလ္လင်တစ်လုံးဖျောက်ထားတာ ဘယ်သူ



ဘူ၊ ငါ့ရဲ့ဝက်တစ်ကောင် ကုန်အောင်လုပ်တဲ့ကောင် သတ္တိရှိရင် အပြင်ထွက်ခဲ့စမ်းဟေ့"

အသံကျယ်ကျယ်ဖြင့် အော်ပြောလိုက်သောကြောင့်. . တော်ဝန်းကျင်တစ်ဝိုက်မှာ ပဲ့တင်ထပ်သွားလေသည်။

ထိုသို့အော်ပြီးမကြာမီ တောထဲမှထွက်လာသော ခြေ သံကို ကြားလိုက်ရသောကြောင့် လှည့်ကြည့်လိုက်သည်။

အရပ်အမောင်းမြင့်ပြီး အသားနီစပ်စပ်နှင့်၊ မျက်နှာ ခေါက်ကလည်း ဘီလူးမျက်နှာမျိုးဖြင့် လူတစ်ယောက်ထွက်လာ ခြင်းပင်ဖြစ်သည်။

"မင်း ဘာကောင်လဲ"

"ပလ္လင်ဖျောက်ထားတာ ငါပဲ"

"ငါ့ စီးပွားပျက်အောင် ဘာကြောင့်ဒီလိုလုပ်တာလဲ. . င်းကိုမကျေနပ်ဘူး"

ထိုသို့ပြောနေစဉ် ဘီလူးမျက်နှာနှင့်တူသောလူက သူ့ရှိ ာသို့ တိုးလာလေသည်။

ချန်ထန်ကလည်း နံဘေးနားမှာ ချထားသောသေနတ် ကောက်ယူပြီး ပစ်လေသည်။

ဒီတစ်ခါမှာတော့ သေနတ်ကျည်ဆံ ထိမှန်သော်လည်း ာမှမဖြစ်ဘဲ ရှေ့သို့တိုးမြဲ တိုးလာလေသည်။

"မင်းက သေနတ်ပြီးတဲ့ကောင်လား"

သေနတ်ဖြင့်ပစ်မရတော့ သေနတ်ကိုချပြီး ဓားဖြင့်ဝင် ပြန်လေသည်။

www.burmeseclassic.com



မားဖြင့် ခုတ်တော့လည်း အရာမထင်ပြန်ပေ။

နောက်ဆုံးမှာတော့ ဘီလူးမျက်နှာနှင့်တူသောလူက အနားကပ်လာပြီး ချန်ထန်ကို သတ်လိုက်လေတော့သည်။

နောက်တစ်ရက်အထိ ချန်ထန်တစ်ယောက် ရွာသို့ ပြန် မရောက်လာသဖြင့် လိုက်လံရှာဖွေကြရာ ပလ္လင်ပျက်တစ်ခု နံဘေးတွင် ရုပ်ပျက်ဆင်းပျက်ဖြင့် သေဆုံးနေသော ချန်ထန်အ လောင်းကို တွေ့ကြရသဖြင့် ထိုနေရာတစ်ဝိုက်မှာပင် မြေမြှ သင်္ဂြိုလ်လိုက်ကြလေသည်။

တကယ်တော့ ဒေသခံများ မသိသောအချက်မှာ ပလ္လ ပျောက်ကုန်းနှင့် ပတ်သက်သည့် လျို့ဝှက်ချက်များပင်ဖြစ်သည်

ထိုလျို့ဝှက်ချက်များကတော့ အခြားမဟုတ်ပေ. . .

ပလ္လင်ပျက် (၉)နေရာတွင် ဉစ္စာသိုက်အပါအဝင် သို (၉)သိုက်ရှိနေခြင်းပင် ဖြစ်ပေတော့သည်။





# အခန်း ( ၃ )

# ပလ္လင်ကိုးမျိုး သိုက်ကိုးမျိုး

သိုက်နှင့်ပတ်သက်သည့် နေရာများအကြောင်းအရာ များကတော့ နေရာအနှံ့အပြားမှာ ရှိနေကြပေသည်။

သို့သော်လည်း တစ်နေရာတည်းမှာ စုဝေးနေသောနေ ရာမျိုးကတော့ ရှားပေလိမ့်မည်။

ပလ္လင်ပျောက်ကုန်းသည် ဂမ္ဘီရဆန်သောနေရာမျိုးဖြစ် သည်။ ထိုနေရာတွင် သိုက်များရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရဆန်သောနေရာတွင် သိုက်များရှိသည်ကတော့ မဆန်းပေ။ ဆန်းကြယ်တာက တစ်နေရာတည်းတွင် သိုက်များစွာတို့ ရှိနေကြခြင်းပင်ဖြစ်သည်။

ရှေ့အခန်း၌ ဖော်ပြပေးခဲ့သည့်အတိုင်း ထိုနေရာတွင် ပလ္လင်ဟောင်း၊ ပလ္လင်ပျက် (၉)နေရာရှိသည်။

သို့သော် လိုက်ရှာကြည့်ပါက (၉)လုံးပြည့်အောင်မတွေ့ရဘဲ (၈)လုံးသာတွေ့ရလေသည်။

ကံထိုက်သူတို့မှသာ ပလ္လင်(၉)နေရာကို ပြည့်စုံအောင် ရှာတွေ့ရနိုင်သည်။ တွေ့မြင်နိုင်သည်။

ထိုပလ္လင် (၉)နေရာတွင် သိုက်(၉)သိုက်ရှိသည်။

ပလ္လင်တစ်လုံးလျှင် သိုက်တစ်သိုက် ရှိခြင်းပင်ဖြစ်သည်။

တနင်္ဂနွေထောင့်၌ရှိသော ပလ္လင်နေရာတွင် 'အငှားသိုက်' ရှိသည်။ အငှားသိုက်ဆိုသည်မှာ ဥစ္စာသိုက်ထဲမှ ပစ္စည်းများကို ငှားရမ်းယူငင်၍ရသည်။

သိုက်ရှိသောနေရာတွင် ပြဒါးရှင်မျက်လုံးရှိသော ဂဠုန်ရုပ်ရှိသည်။

တနင်္လာထောင့်၌ရှိသော ပလ္လင်နေရာတွင် 'ကျားသိုက်' ရှိသည်။ သိုက်တွင်းမှာ ရွှေငွေရတနာများရှိပြီး ပြဒါးရှင်ဖြင့် စီရင်ထားသော ကျားရုပ်တစ်ရုပ်လည်းရှိသည်။

ထိုသိုက်ကို လာရောက်ဖျက်ဆီးသူတို့မှာ သိုက်ကျားကိုက်သဖြင့် သေကြေပျက်စီးကြရသည်။

အင်္ဂါထောင့်၌ရှိသော ပလ္လင်နေရာတွင် 'စိန်မျက်လုံးသိုက်'ရှိသည်။ သိုက်ရှိသောနေရာတွင် မျက်လုံးပြဒါးရှင် တပ်ဆင်ထားသော ခြင်္သေ့ရုပ်ရှိသည်။



သိုက်ထဲမှာ မျက်လုံးအရွယ်အစားရှိသော စိန်ပွင့်များ ရှိကြလေသည်။

ထိုစိန်ပွင့်များကို ယူရန်ကြိုးစားသူတို့မှာ မျက်လုံးထဲသို့ စိန်အလင်းရောင်များ ဝင်လာပြီး မျက်စိကွယ်စေသောကြောင့် မယူဝံ့ကြပေ။

ဗုဒ္ဓဟူးထောင့်၌ ပလ္လင်ပျက်ရှိသောနေရာတွင် 'လွမ်းသိုက်'ရှိသည်။ အပေါက်ဝတွင် ဆင်ရုပ်နှစ်ကောင်ကျောပေါ်တွင် ညောင်စောင်းတစ်ခု တင်ထားသည်။

ထိုညောင်စောင်းပေါ်တွင် သလင်းကျောက်ဖြင့် ထုလုပ်ထားသော အမျိုးသမီးတစ်ယောက်ရှိသည်။

ရှေးခေတ် အဝတ်အစားများဖြင့် တစောင်းအနေအထားထိုင်နေပြီး ရုပ်ရည်ကလည်း ချောမောလှပသူဖြစ်သည်။ ရေညှိရေမှော်များ တက်နေသောကြောင့် သလင်းကျောက်၏ အရောင်မှာ မထွက်သော်လည်း. . ထုလုပ်ထားပုံမှာ လက်ရာမြောက်လှသဖြင့် အသက်ရှိသူတစ်ယောက်နှင့် များစွာတူလှပေသည်။

ထိုလွမ်းသိုက်ထဲတွင် ရွှေငွေရတနာများရှိကြသည်။

ထိုရတနာများကို ဝင်ယူ၍မရပေ။

ယူသည်နှင့် တစ်နေရာမှ လွမ်းဆွတ်ဖွယ်ကောင်းသော သီချင်းသံကို ကြားလာရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသီချင်းသံကြားသည်နှင့် ပစ္စည်းဝင်ယူသူမှာ ဝမ်းနည်းလာသလို တစ်နေရာသို့သော်လည်းကောင်း၊ တစ်စုံတစ်ယောက်ကိုသော်လည်းကောင်း လွမ်းဆွတ်မှုဖြစ်လာပြီး ငိုကြွေးရလေသည်။

ထိုကဲ့သို့ ငိုကြွေးပြီဆိုလျှင်တော့ ရပ်နား၍မရတော့ပေ။ နေရာမှလည်း ပြန်ထွက်၍မရတော့ပေ။

နောက်ဆုံးမတတ်နိုင်တော့မှ သိုက်ထဲမှယူသော ပစ္စည်းများကို သူနေရာသူ ပြန်ထားတော့မှ နားထဲမှာကြားနေရသော သီချင်းသံလည်းပျောက်၊ ရင်ထဲမှာခံစားနေရသော အလွမ်းစိတ်များလည်းပျောက်ကာ ငိုကြွေးခြင်း ရပ်တန့်နိုင်တော့သည်။

လွမ်းသိုက်၊ သို့မဟုတ် အလွမ်းသိုက်မှာ ရှားရှားပါးပါး ပလ္လင်ပျောက်ကုန်း၌သာ ရှိဟန်တူပေသည်။

အနောက်အရပ် ကြာသပတေးထောင့်၌ 'မြွေသိုက်'ရှိလေသည်။ သိုက်ထဲ၌ရှိသော ရတနာပစ္စည်းများကို မြွေများက စောင့်ရှောက်ပေးကြလေသည်။

သိုက်တူးရန်လာသူတိုင်း သိုက်စောင့်မြွေများ လက်ချက်ဖြင့် သေကြေပျက်စီးကြရလေသည်။

မြောက်ဘက်အရပ်၌ရှိသော ပလ္လင်နေရာ၌လည်း ဥစ္စာသိုက်ရှိသည်။ သိုက်ရှိသောနေရာတွင် ကျောက်မိကျောင်းရုပ်တစ်ရုပ်ရှိရာ အတော်ပင်ကြီးမားလေသည်။

ကျောက်မိကျောင်းကြီးမျက်လုံးနှစ်ဘက်တွင် ပြဒါးရှင်ရှိပြီး ထိုက်သူတို့သာ တွေ့မြင်ရသည်။





ကျောက်မိကျောင်းမှာ ပါးစပ်ဟနေပြီး လူတစ်ယောက် ဝင်သာလောက်အောင် ကြီးမားလှသည်။

သိုက်အတွင်းသို့ ဝင်လိုသူများမှာ ကျောက်မိကျောင်း ပါးစပ်တွင်းမှ ဝင်ရောက်ကြရသည်။

သိုက်တူးသူတို့ ပါးစပ်တွင်းသို့ ဝင်ရောက်သွားသည်နှင့် ကျောက်မိကျောင်းပါးစပ်က ပိတ်သွားတတ်ပေရာ အထဲရောက်နေသူတို့ သေကြေပျက်စီးကြရသည်။

ကျောက်မိကျောင်း စောင့်ရှောက်သောသိုက် ဖြစ်သောကြောင့် 'သံသုမာသိုက်' ဟု အမည်ပေးထားကြလေသည်။

အနောက်တောင်ထောင့် ပလ္လင်ရှိသောနေရာမှာတော့ နဂါးစောင့်သောသိုက်ရှိလေသည်။

သိုက်ရှိသောနေရာတွင် နဂါး နှစ်ကောင်ရှိသည်။ ဒီအဆိုင်းမှာတော့ မတွေ့ကြရပေ။

သိုက်တူးရန် ရောက်လာပြီဆိုလျှင်တော့. . တောထဲမှ နဂါးနှစ်ကောင် ထွက်လာပြီး လူများကို ရန်မူတတ်လေသည်။

အဆိပ်ပြင်းသော အခိုးအငွေ့များနှင့် ထိသည်နှင့်ပင် သေကြေပျက်စီးမှုရှိရာ သိုက်ဆရာတို့ပင် အနားမကပ်ဝံ့သော သိုက်ကုန်းဖြစ်သည်။

အနောက်မြောက်ထောင့်မှာတော့ ပလ္လင်ပျက်နံဘေးမှာ ရပ်နေသော ဟိုင်းဆင်ရုပ်တစ်ရုပ်ရှိသည်။

ဟိုင်းဆင်ရုပ်ရှိသောနေရာမှာ ဥစ္စာသိုက်ရှိသည်။ ထိုဆင်ရုပ်မှာ 'ဟိုင်းနားပင်း' အမျိုးအစားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နားမကြားရသော ဆင်အမျိုးအစားဖြစ်သဖြင့် သိုက်ဆရာများ မန်းမှုတ်ရွတ်ဆိုသော ဂါထာမန္တာန်တို့ကို မကြားရပေ

ထို့ကြောင့် သိုက်ဆရာအတော်များများမှာ ဟိုင်းနားပင်း ဆင်လက်ချက်ကြောင့် သေကြေပျက်စီးကြရသည်။

သို့ကြောင့် ထိုသိုက်ကိုတော့ 'ဟိုင်းနားပင်း' သိုက်ဟုပင် အမည်ပေးထားလေသည်။

ပလ္လင် (၈)နေရာတွင် သိုက်(၈)သိုက်ရှိသည့်အပြင် အလယ်နေရာမှာလည်း ပလ္လင်တစ်လုံးရှိသေးသည်။

ထိုပလ္လင် ရှိသောနေရာမှာတော့ မည်သည့်ရုပ်ထုမှ မ ပေ။ တွေ့ဖူးမြင်ဖူးသူတို့အဆိုအရ အလယ်နေရာ၌ ရှိသော ပလ္လင်ပေါ်တွင် ကလပ်ဖြင့်တင်ထားသော ပတ္တမြားမျက်ရှင်တစ်လုံး ရှိလေသည်။

ကံထိုက်သူတို့သာ မြင်တွေ့ခွင့်ရပြီး၊ ကံမထိုက်လျှင်တော့ တကူးတကလိုက်ရှာလျှင်တောင်မှ မတွေ့ရပေ။ တစ်ခါတစ်ရံ ပလ္လင်ပေါ်မှာတင်ထားသော ပတ္တမြားမျက်ရှင်မှာ အရောင်ကွန့်မြူးလေ့ရှိသည်။

ပတ္တမြားမျက်ရှင်မှာ အရောင်များထွက်လာလျှင် ထိုနေရာတစ်ဝိုက်မှာ နီရဲနေတတ်ပေသည်။

ပလ္လင် (၉)ပလ္လင်စလုံး အနီရောင်များ ပြန့်နှံ့ရောက်ရှိလေသည်။

တစ်ခါတစ်ရံ၌မူ ထိုပတ္တမြားမျက်ရှင်မှာ တောင်ပေါ်သို့တက်ကာ ပျံဝဲနေတတ်လေသည်။



ထိုအခါ ပတ်ဝန်းကျင်တစ်ခုလုံး အနီရောင်များ ပြန့်နှံ့နေတတ်ပြီး ထိုအလင်းရောင်တို့ကို အဝေးမှပင် လှမ်းမြင်နိုင်ကြပေသည်။

တစ်ခါက တောလိုက်သမားသုံးယောက်တို့သည် ပလ္လင်ပျောက်ကုန်းနှင့် မဝေးလှသောနေရာ၌ စခန်းချနေကြလေသည်။

ညဉ့်ဦးပိုင်းအချိန်ရောက်သောအခါ သစ်ပင်များပေါ်မှ တဝီဝီနှင့် ပျံသန်းလာသော အသံကြားကြရလေသည်။

"တဝီဝီနဲ့ ဘာသံတွေလဲ"

"ပျားကြီးတွေ ပျံလာတဲ့အသံမျိုးပဲ"

"ဒီအချိန်ရောက်မှ ပျားတွေပျံတာ ဟုတ်ပါ့မလား"

ဟု အချင်းချင်းပြောဆိုနေကြစဉ်မှာပင် ကြားနေရသော အသံက တဖြည်းဖြည်းနီးလာလေသည်။

ထို့အတူ အနီရောင်အလင်းများကလည်း သူတို့ရှိသော နေရာအထိ ရောက်လာကြလေသည်။

"အနီရောင်တွေပါလား"

"ဟုတ်ပါရဲ့ ဒီလောက်လင်းတာ ငါဖြင့်တစ်ခါမှ မမြင်ဖူးသေးဘူး"

ထိုသို့ပြောဆိုနေကြသည့်အချိန်မှာပင် အနီရောင်အလင်းများ ဖြာထွက်နေသော အလုံးတစ်လုံးက သူတို့ရှိရာသို့ ရောက်လာလေတော့သည်။

"ဘာလုံးကြီးလဲ"

www.burmeseclassic.com

www.burmeseclassic.com

"သရဲမီးလုံးမဟုတ်လား"

"သရဲမီးလုံးမဟုတ်ရင်တော့ စုန်းမီးပဲဖြစ်မှာပဲ၊ ငါတို့ရှိတဲ့နေရာကိုလာနေပြီ ဘယ်လိုလုပ်ကြမလဲ"

"အခုမှတော့ ထွက်ပြေးလို့လည်း မရတော့ဘူး၊ သတိနဲ့သာ ကြည့်နေကြ"

ဟု ပြောဆိုတိုင်ပင်ကာ ၎င်းတို့မှာပါလာသော ဓားလှံတို့ကိုကိုင်ပြီး မျက်ခြည်မပြတ် ကြည့်နေကြသည်။

ထိုအခိုက်မှာပင် တဝီဝီအသံထွက်လျက် ပျံလာသော နီနီအလုံးကြီးက သူတို့နေထိုင်နေသောနေရာသို့ ရောက်လာလေတော့သည်။

လက်တစ်ကမ်းအကွာအဝေးရောက်လာတော့ သူတို့အနီးသို့ ရောက်လာသောအရာမှာ စုန်းမီးလည်းမဟုတ်၊ သရဲမီးလည်းမဟုတ်ပဲ အရွယ်အစားကြီးသော ပတ္တမြားလုံးကြီးဖြစ်နေသည်ကို တွေ့ကြရလေသည်။

"ပတ္တမြားလုံးကြီး မဟုတ်လား"

"ဟုတ်တယ်ဟ၊ ငါတို့နဲ့ထိုက်လို့ ငါတို့အနားရောက်လာတာဖြစ်မယ်၊ မိအောင်လိုက်ဖမ်းကြစမ်း၊ ဒါကြီးသာရရင်တော့ ငါတို့သုံးယောက် ချမ်းသာပြီ"

ဟုပြောဆိုကာ သုံးယောက်သား နေရာမှထပြီး ပျံဝဲနေသော ပတ္တမြားလုံးကြီးကို လိုက်လံဖမ်းဆီးကြလေသည်။

သူတို့ လိုက်ဖမ်းတော့လည်း မမိပေ၊ လက်ထဲရောက်လာပြီးသောအခါမှ ပြဒါးရည်ကဲ့သို့ စိမ့်ကာ အပြင်ရောက်သွားလေသည်။ ထိုအခါ တစ်ယောက်က အကျီကိုချွတ်ပြီး အုပ်ဖမ်းလိုက်လေသည်။

"ဒီတစ်ခါတော့ မိပြီ"

ဟု ဝမ်းသာအားရပြောလိုက်လေသည်၊

ပျံဝဲနေသော ပတ္တမြားလုံးကြီးမှာ. . အကျီထုပ်ထဲသို့ ရောက်သွားသည်နှင့် အရောင်များလည်း ပျောက်ကွယ်သွားလေသည်။

လူသုံးယောက်ကတော့ ကြီးလှသော ပတ္တမြားလုံးကြီးကို ဖမ်းမိကြသဖြင့် ဝမ်းသာနေကြလေသည်။

သို့သော် ကြာရှည်တော့ ဝမ်းသာခွင့်မရကြပါချေ။ ခဏကြာတော့ ပတ္တမြားထုပ်ထားသောအကျီမှ မီးခိုးငွေ့များ အူတက်လာလေသည်။

ကြည့်နေရင်းမှာပင် အကျီတစ်ခုလုံး မီးတောက်များထွက်လာလေတော့သည်။

"ဟာ. . ငါ့အကျီ မီးလောင်နေပြီ လုပ်ကြပါဦး"

ဟုပြောပြီး မီးစွဲနေသော အကျီကို မီးငြိမ်းသတ်ကြလေသည်။

သို့သော်လည်း အကျီတစ်ထည်လုံး မီးကျွမ်းသွားပြီဖြစ်သောကြောင့် မရတော့ပေ။

သူတို့သုံးယောက်က မီးစွဲနေသောအကျီကို မီးငြိမ်းသတ်နေကြစဉ် ထိုအထဲမှထွက်လာသော ပတ္တမြားကြီးက အပြင်သို့ပြန်ရောက်နေပြီး အနားမှာပျံဝဲနေပြန်လေသည်။





www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က မြင်တွေ့သွားသဖြင့် အော်ပြောလိုက်လေသည်။

"ဟာ. . ပတ္တမြားက ဟိုအပြင်မှာရောက်နေပြီ"

"အဝတ်နဲ့ဖမ်းလို့မရမှတော့ ဒီတစ်ခါတစ်မျိုးကြံရမယ်"

ဟုတစ်ယောက်ကပြောပြီး ပျံဝဲနေသော ပတ္တမြားကြီးကို ရအောင်လိုက်ဖမ်းလေသည်။

လက်ဖြင့်ဖမ်းမိသည်နှင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ပါးစပ်ထဲသို့ထည့်ကာ မျိုချလိုက်လေသည်။

"ဟင်. . မင်း ဘယ်လိုလုပ်လိုက်တာလဲ"

"မျိုချလိုက်တာလေ၊ အဝတ်နဲ့ထုပ်ထားရင် မီးလောင်နေဦးမယ်၊ အခုလို မျိုချထားလိုက်တော့ ဘယ်မှပြန်ထွက်လို့မရတော့ဘူး၊ ဟန်မကျဘူးလား"

"ဟန်တော့ကျပါရဲ့ ဘယ်လိုပြန်ထုတ်ယူမလဲ"

"အီးပါတော့ ပြန်ကျလာမှာပေါ့"

ပတ္တမြားမျိုချထားသူက လွယ်လွယ်ပင်ပြန်ပြောလိုက်လေသည်။

ထိုသို့ပြောသည်ကို ကျန်နှစ်ယောက်က သဘောမတူကြပေ၊ ပတ္တမြားကို တစ်ယောက်တည်းလိုချင်သောကြောင့် ဤသို့ပြုလုပ်သည်ဟု ထင်မြင်ကြသည်။

သူပြောသည့်အတိုင်း မဟုတ်လျှင်တော့၊ တောထဲမှာပင် သတ်ဖြတ်ပြီး ဗိုက်ခွဲယူကြမည်ဟု ကျိတ်ပြီးတိုင်ပင်ထားကြလေသည်။



ပတ္တမြားကို မျိုချလိုက်ပြီးနောက် ထူးထူးခြားခြား ဘာမှမတွေ့ကြရတော့သဖြင့် တစ်ရေးတစ်မော အိပ်ကြလေသည်။

ပတ္တမြားမျိုချထားသူ အိပ်ပျော်သွားသောအခါ အကြံရှိနေသူနှစ်ယောက်က ပြန်ထလာပြီး အဖော်ဖြစ်သူကို သတ်ဖြတ်လိုက်ကြလေသည်။

ထိုသို့သတ်ဖြတ်ပြီး ဝမ်းဗိုက်ကိုခွဲကာ ပတ္တမြားကို ရှာဖွေသော်လည်း အစအနမျှပင် မတွေ့ရပေ။

မကျေနပ်သဖြင့် အစာသစ်အိမ်၊ အစာဟောင်းအိမ်တို့သာမကဘဲ အူများပါထုတ်ပြီး အပိုင်းပိုင်းအတစ်တစ် ဖြတ်တောက်ကာ ရှာဖွေသော်လည်း မျိုချလိုက်သော ပတ္တမြားကိုတော့ မတွေ့ကြရသဖြင့် များစွာအံ့သြနေကြလေသည်။

"သူမျိုချလိုက်တာ မင်းလည်းမြင်လိုက်တယ် မဟုတ်လား၊ ဘယ်ပျောက်သွားပြီလဲ"

"ငါလည်း မသိဘူး၊ ပတ္တမြားမတွေ့တာထက်၊ သူ့ကို ငါတို့သတ်မိပြီ ဘယ်လိုလုပ်ကြမလဲ"

"တောထဲမှာ မြေမြှုပ်ထားခဲ့ရုံပေါ့"

ထိုသို့ပြောနေစဉ် သူတို့ကိုယ်ပေါ်သို့ အနီရောင်များ ရောက်လာသဖြင့် လှည့်ကြည့်လိုက်သောအခါ မနီးမဝေးမှာ ပျံဝဲနေသော ပတ္တမြားကြီးကို တွေ့ကြရသဖြင့် များစွာအံ့သြနေကြလေသည်။

"ဟိုမှာ အပြင်ရောက်နေပြီ"

ဒီတစ်ကြိမ်တော့ လိုက်မဖမ်းဝံ့ကြတော့ပေ။

www.burmeseclassic.com



လေပေါ်မှာပျံ့ဝဲနေသော ပတ္တမြားကြီးက လေထဲမှာအတော်ကြာအောင် ပျံ့ဝဲနေပြီးမှ တောတွင်းသို့ဝင်ရောက် ပျောက်ကွယ်သွားလေတော့သည်။

ပတ္တမြားကြီးပျောက်သွားသည်နှင့် အလင်းရောင်များလည်း ပျောက်သွားလေတော့သည်။

ထိုအခါမှ ကျန်ခဲ့သောလူနှစ်ယောက်မှာလည်း လောဘစိတ်ကြောင့် မိမိတို့လူတစ်ယောက်ကို သတ်မိခဲ့သဖြင့်. . . မတတ်နိုင်တော့ပါချေ။

ပလ္လင်ပျောက်ကုန်းနှင့်ပတ်သက်သည့် ဆန်းကြယ်မှုများက မြောက်များစွာရှိကြလေသည်။

ထူးခြားသော ပလ္လင်ဟောင်းများရှိသကဲ့သို့ ထိုပလ္လင်များရှိသောနေရာတွင် သိုက်ပေါင်းစုံတို့လည်း ရှိနေကြပေသည်။ ထိုသိုက်ကုန်းများနှင့်ပတ်သက်သော ထူးခြားဆန်းကြယ်မှုများကို ရှေ့အခန်းများ၌ ဆက်လက်ရေးသားပါမည်။





# အခန်း ( ၄ )

# အရှုမျက်သော ပါးမည်းကွက်များ

ဇန်တလန်ရွာသည် နေထိုင်သူအိမ်ခြေများသော ရွာကြီးတစ်ရွာဖြစ်သည်။ ထိုရွာရှိသောနေရာမှာ ဝိတိုရိယတောင်နှင့် မောပိတောင်တို့ကြားတွင် တည်ရှိပြီး၊ ပလ္လင်ပျောက်ကုန်းရှိသော နေရာနှင့်လည်း မဝေးလှပေ။

ဇန်တလန်ရွာကို အုပ်ချုပ်သူမှာ ဦးထန်ဖုန်းရှိန်ဖြစ်ပြီး ချင်းအမျိုးသားတစ်ဦးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုရွာမှာ နေထိုင်ကြသူအများစုမှာ ချင်းလူမျိုးများဖြစ်ပြီး အခြားလူမျိုးအချို့လည်း စုပေါင်းနေထိုင်ကြသည်။ ဗန်တလန်ရွာတွင် နေကြသူအများစုမှာ စပါးစိုက်ပျိုးခြင်း၊ သီးနှံစိုက်ပျိုးခြင်း၊ သစ်သီးခြံများစိုက်ပျိုးခြင်း၊ အမဲလိုက်ခြင်း စသောအလုပ်တို့ဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြလေသည်။

နီမောင်တို့မိသားစုက ဗန်တလန်ရွာမှာ နေကြလေသည်။ နီမောင့်မိဘများက ရွာလူကြီးဦးထန်ဖုန်းရှိန်နှင့် ခင်မင်ရင်းနှီးမှုရှိကြသောကြောင့် ၎င်းကခေါ်သဖြင့်. . ထိုရွာသို့လာရောက်နေထိုင်ကြသည်မှာ နှစ်အတော်ကြာခဲ့ကြပေပြီ။

ယခုတော့ သူတို့မိသားစုမှာ မြန်မာစကားသာမကဘဲ ချင်းဘာသာစကား အတော်များများကိုပင် သဘောပေါက်နားလည်နေကြလေသည်။

သူတို့မိသားစုမှာ (၅)ယောက်ရှိသည်။

ဖခင်ဖြစ်သူ ဦးဘရှိန်နှင့် မိခင်ဖြစ်သူ ဒေါ်ကျင်မေတို့အပြင် နီမောင်က သားအကြီးဆုံးဖြစ်သည်။

ယခုအခါ နီမောင် အသက်အရွယ်ပင် (၂၅)နှစ် အရွယ်ခန့်ရှိနေပေပြီ။ သူ့အောက်မှာ ညီမဖြစ်သူ နှင်းမေက (၁၉)နှစ် ညီဖြစ်သူ ရင်မောင်က (၁၅)နှစ်အရွယ်ပင် ရှိနေကြလေပြီ။

နှစ်ယောက်စလုံးက မိဘများနှင့်အတူ ခြံအလုပ်တို့ကို ဝိုင်းဝန်းလုပ်ကိုင်နိုင်ကြပေပြီ။

၎င်းတို့မိသားစုတွင် အသီးအနှံမျိုးစုံထွက်သော သစ်သီးခြံတစ်ခြံ၊ ဝမ်းစာအတွက် စပါးနှင့်ဂျုံစိုက်ပျိုး၍ရသော လယ်





မြေတစ်ကွက်အပြင် ရာသီထွက်အသီးအနှံများ စိုက်ပျိုး၍ရသော တောင်ယာစိုက်ခင်း တစ်ကွက်တို့ပါ ပိုင်ဆိုင်ထားလေသည်။

ထို့ပြင် ခြံဝန်းထဲမှာ နွားနောက်၊ ဆိတ်၊ ဝက်နှင့်ကြက်သည်တို့လည်း မွေးထားသေးသည်။

ပြောရလျှင်တော့ နီမောင်တို့မိသားစုမှာ ဗန်တလန်ရွာတွင် အတော်အသင့်စီးပွားရေးချောင်လည်သော မိသားစုတစ်စုဟု ဆိုရပေမည်။

ထိုရွာမှာ အချမ်းသာဆုံးကတော့ ဦးထန်ဖုန်းရှိန်တို့မိသားစုပင်ဖြစ်သည်။

၎င်းတို့မိသားစုကတော့ ဗန်တလန်ရွာ စတင်တည်ထောင်စဉ်ကပင် နေလာကြသူများဖြစ်သောကြောင့် စပါးနှင့်စိုက်ပျိုးသော လယ်ကွက်များ၊ ရာသီထွက်အသီးအနှံများ စိုက်သော တောင်ယာစိုက်ခင်းများအပြင် သီးနှံထွက်သော သစ်သီးခြံများလည်းရှိသည်။

ထို့ပြင် ကြက်ဘဲ၊ ဝက်၊ သိုး၊ ဆိတ် စသော တိရစ္ဆာန်သည်း ခြံကျယ်ကြီးများဖြင့် မွေးထားသေးသည်။

ဦးထန်ဖုန်းရှိန်ပိုင်ဆိုင်သော တိရစ္ဆာန်များထဲတွင် အကောင်အရေအတွက် အများဆုံးမှာ နွားနောက်ဖြစ်သည်။

၎င်းပိုင်ဆိုင်သော ခြံကျယ်ကြီးထဲတွင် နွားနောက်(၃၀)ကျော်ခန့် အရေအတွက်ရှိလေသည်။

သို့ကြောင့် ဗန်တလန်ရွာတွင် ဦးထန်ဖုန်းရှိန်တို့ မိသားစု

www.burmeseclassic.com

www.burmeseclassic.com



က အချမ်းသာဆုံးဖြစ်သည်။

ထို့ပြင် မိသားစုလည်း အတော်များသည်။

ဦးထန်ဖုန်းရှိန်မိန်းမမှာ ဒေါ်ဇယ်လီဖြစ်သည်။

မျက်နှာပေါ်မှာ ပါးမည်းကွက် (ပါးရဲဟုလည်းခေါ်သည်) များ ထိုးထားသည်။ အခြား အိမ်သူအိမ်သားများမှာ ပါးမည်း မထိုးထားဘဲ ဒေါ်ဇယ်လီတစ်ယောက်သာ ထိုးထားခြင်းဖြစ် သည်။

ချင်းတိုင်းရင်းသားတို့ ပါးမည်း(ပါးရဲ)ထိုးခြင်းနှင့် ပတ် သက်ပြီး အယူအဆအမျိုးမျိုးတော့ ရှိကြသည်။

ထိုပါးမည်း ထိုးခြင်းမှာ ဓလေ့တစ်ခုတော့ မဟုတ်ပါ ချေ။ သို့သော်လည်း ရှေးအခါကတော့ ချင်းတောင်တန်းပေါ်မှာ နေသော အမျိုးသမီးအတော်များများ ပါးမည်းထိုးခြင်းကို ပြုလုပ် ကြလေသည်။

ချင်းအမျိုးသမီးတိုင်း ပါးမည်းထိုးရမည်ဆိုသော ဓလေ့ ထုံးတမ်းအစဉ်အလာ မရှိကြစေကာမူ အတော်များများကတော့ ပါးမည်းထိုးခြင်းကို နှစ်သက်ကြသည်။

ထို့နှင့်ပတ်သက်ပြီး အယူအဆအမျိုးမျိုးရှိကြသည်၊

အချို့က တောတောင်ထဲတွင် ကျားအလွန်ပေါသဖြင့် ကျားဆွဲသောအန္တရာယ်မှ ကင်းဝေးစေရန် ပါးမည်းထိုးကြသည်။

မျက်နှာပေါ်တွင် ပါးမည်းကွက်များ ထိုးထားသော အမျိုးသမီးကို ကျားက ကြောက်လန့်သဖြင့် ထွက်ပြေးသည်ဟု ဆိုသည်။



ထိုအယူအဆကတော့ အာဖရိကတောနက်ထဲမှာ နေ ထိုင်ကြသည့် လူရိုင်းများ အသုံးပြုလေ့ရှိသော 'သရဲမျက်နှာဖုံး' နှင့် သဘောသဘာဝ တူသည်ဟု ဆိုရပေသည်။

ကျားသည် လူကိုဆွဲလျှင် နောက်မှဝင်ဆွဲလေ့ရှိရာ. . နောက်စေ့တွင် သရဲမျက်နှာဖုံးတစ်ခု တပ်ထားပါက ဝင်မဆွဲ တော့ပေ။

ချင်းတောင်မှာလည်း ကျားအလွန်ပေါရာ မျက်နှာပေါ် မှာ ကြောက်စရာကောင်းသော ပါးမည်း ထိုးထားသောအခါ. . ကျားက ဝင်မဆွဲဝံ့ဟု ယုံကြည်သဖြင့် ထိုးကြသူများလည်းရှိ သည်။

မျက်နှာပေါ်မှာ အမည်းစက်၊ အမည်းကွက်များ ထိုး သောအခါ ကျားမျက်နှာ၊ ကျားမျက်စိထက်ပိုများအောင် ထိုးကြ လေသည်။ ပါးမည်းထိုးခြင်းကို မကန်း၊ ဒိုင်၊ မွန်းမျိုးနွယ်စုများက ပိုမိုများပြားစွာ ထိုးလေသည်။

နောက်တစ်ချက်ကတော့ ချင်းတောင်မှာနေကြသော ချင်းအမျိုးသမီးအများစုတို့မှာ ချောမောလှပသူ များကြလေ သည်။

ပဒေသရာဇ်ခေတ်က ရှင်ဘုရင်များ တိုင်းခန်းလှည့် လည်သောအခါ ချောမောလှပသော ချင်းအမျိုးသမီးများ တွေ့ မြင်ပါက တော်ကောက်ကာ သိမ်းပိုက်သွားလေ့ရှိသည်။

သို့ကြောင့် ဘုရင်များမြင်လျှင် မနှစ်သက်စေရန် မျက် နှာပေါ်မှာ ပါးမည်းထိုးထားခြင်းဖြစ်သည်ဟုလည်း ပြောသူက

www.burmeseclassic.com



ပြောကြလေသည်။

နောက်ပိုင်းမှာတော့ မိခင်များက ပါးမည်းထိုးထားသဖြင့် ၄င်းတို့မွေးလာသော သမီးများကိုပါ ပါးမည်းထိုးစေရာ. . အစဉ်အလာတစ်ခုကဲ့သို့ ဖြစ်ခဲ့ပေတော့သည်။

အချို့. . မျက်နှာတစ်ခုလုံး အမည်းကွက်များပြည့်နေအောင် ထိုးကြသည်။ အချို့ကတော့ သဘောလောက်သာ ထိုးကြသည်။

ရှေးအခါကတော့ အပျိုဖော်ဝင်လာသည်နှင့် ချောမောလှပသော မျက်နှာပေါ်မှာ ပါးမည်းထိုးကြရလေသည်။

အချို့မိန်းမပျိုများကတော့ မထိုးလိုကြပေ။

ပါးမည်းထိုးခြင်းမှာ တစ်သက်လုံး အလှပျက်သွားသကဲ့သို့ များစွာလည်း နာကျင်လှပေသည်။

ပါးမည်းထိုးသောအခါ ကြိမ်ဆူးခြောက်များ၊ ဖြူဆူးချွန်များဖြင့် သွေးထွက်အောင် ထိုးကြရပေရာ များစွာနာကျင်လှပေသည်။

သို့ကြောင့် အချို့မိန်းမများက ပါးမည်းမထိုးလိုကြပေ။

သို့သော်လည်း. . မိခင်နှင့်လူကြီးမိဘများက မထိုးချင်လျှင်လည်း မနေရဘဲ အတင်းထိုးခိုင်းသဖြင့်သာ ကြောက်ရွံ့စွာဖြင့် ထိုးခဲ့ကြရပေသည်။

ထိုကဲ့သို့ ပါးမည်းထိုးသည့်နေရာမှာ မျိုးနွယ်တစ်စုနှင့်တစ်စု ပါးမည်းထိုးသော ဒီဇိုင်းချင်း မတူပေ။

ဥပမာ ပါးမည်းထိုးရာတွင် မကာန်းနှင့် ဒိုင်မျိုးနွယ်စု



ထိုးသောဒီဇိုင်းက ဆင်ဆင်တူပြီး၊ မွန်းမျိုးနွယ်စုများထိုးသော ဒီဇိုင်းကတော့ ကွဲပြားမှုရှိလေသည်။

အခြားပါးမည်းထိုးသော မျိုးနွယ်စုတို့မှာလည်း ကိုယ့်ဒီဇိုင်းဖြင့်ကိုယ် ထိုးကြလေသည်။

သို့ကြောင့် အမျိုးသမီးများ မျက်နှာပေါ်မှာထိုးထားသောဒီဇိုင်းကို ကြည့်ရုံနှင့် ၄င်း၏မျိုးနွယ်စုကို သိကြလေသည်။

(ယခုလက်ရှိအချိန်မှာတော့ ခေတ်မီတိုးတက်လာပြီ ဖြစ်သောကြောင့် မျက်နှာပေါ်မှာ ပါးမည်းထိုးသော အလေ့အထသည်း ကွယ်ပျောက်သွားခဲ့ပြီဖြစ်သည်။.

ပါးမည်းထိုးခြင်းဓလေ့မှာ ရှေးအခါက မြန်မာလူမျိုးတို့ခါင်တွင်ထိုးကွင်းထိုးသော ဓလေ့မျိုးပင်ဖြစ်သည်။ ယခုအခါမှာတော့ ပါးမည်းထိုးခြင်းနှင့် ထိုးကွင်းမှင်ကြောင်ထိုးသော အလေ့များ ပပျောက်သွားခဲ့ပြီဖြစ်ပေသည်။)

အချိန်ကာလမှာ (၁၉၄၀)ပြည့်နှစ်အချိန်သာ ရှိသေးသောကြောင့် ချင်းတောင်တန်းဒေသများမှာ တိုးတက်မှုမရှိလှသေးပေ။

အချို့လမ်းပန်းဆက်သွယ်ရေးကောင်းသော အရပ်ဒေသများ၌သာ အသင့်အတင့် စည်ကားတိုးတက်မှုရှိသေးသော်လည်း အချို့နေရာများကတော့ မတိုးတက်လှသေးပေ။

မြန်မာနိုင်ငံကို သိမ်းပိုက်ထားသော အင်္ဂလိပ်အစိုးရကလည်း တောင်းတန်းဒေသများ၌ နေထိုင်ကြသော တိုင်းရင်းသားမျိုးနွယ်စုများကို ခေတ်မီတိုးတက်မှုမရှိအောင် အဟန့်အတား

www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်ထားကြလေသည်။

ဇန်တလန်ရွာမှ ရွာလူကြီးဦးထန်ဖုန်းရှိန်၏ မိန်းမဖြစ်သူ ဒေါ်ဇယ်လီမှာ မကန်းအမျိုးအနွယ်ဖြစ်သည်။

သူသည် အသက်လေးဆယ်ကျော်အရွယ်ခန့်ပင် ရှိသေးပြီး မျက်နှာပေါ်မှာ ပါးမည်းများပြည့်နေအောင် ထိုးထားလေသည်။

ဒေါ်ဇယ်လီမှာ ရှေးဟောင်းအစဉ်အလာတို့ကို လက်ခံယုံကြည်သူတစ်ဦးလည်း ဖြစ်သည်။

သူတို့မိသားစုတွင် သားသမီး(၃)ယောက်ရှိသည်။

သားအကြီးဆုံး 'ဇန်ဟေး'က အသက်(၃၀)အရွယ်ခန့်ရှိပြီး မိန်းမနှင့် ကလေးတစ်ယောက်ရှိသည်။

သားငယ် 'ကူလိန်း'က အသက်(၂၀)ခန့်သာရှိသေးပြီး လူပျိုဖြစ်သည်။ သမီးဖြစ်သူ 'ဆွယ်လီ'က အသက် (၂၃)နှစ်ခန့်သာရှိသေးပြီး အပျိုဖြစ်သည်။

ဆွယ်လီမှာ ချင်းနာမည်ဖြစ်ပြီး သူမမှာ 'ခတ္တာ'ဟူသော အမည်တစ်ခုရှိသေးသည်။

ဆွယ်လီက လူတစ်မျိုးဖြစ်သည်။ သူမ မနှစ်သက်သော အလုပ်ဆိုလျှင် မည်သူပြော၍မှ လက်မခံခြင်းဖြစ်သည်။

ဆွယ်လီမှာ သူမအပျိုဖော်ဝင်စ အချိန်ကလည်းက မျက်နှာပေါ်မှာ မျက်နှာဖုံးတစ်ခု အမြဲတပ်ဆင်ထားလေသည်။

ပါးမည်း(ပါးရဲ) ထိုးထားသော မျက်နှာဖုံးပင် ဖြစ်လေသည်။



သူမမျက်နှာပေါ်တွင် တပ်ဆင်ထားသော မျက်နှာဖုံးမှာ အမည်းရောင်ဆေးများ၊ နီကြောင်ကျားဆေးများဖြင့် ထိုးထားရာ များစွာအကျည်းတန် အရုပ်ဆိုးလှပေသည်။

သူမ အပျိုဖော်ဝင်စအချိန်မှစပြီး ယခုအသက်အရွယ်ရောက်သည်အထိ ပါးရဲမျက်နှာဖုံးကို မချွတ်တော့ဘဲ အမြဲတပ်ဆင်ထားရပေသည်။

သို့ကြောင့် သူမ၏မူလမျက်နှာမှာ မည်ကဲ့သို့ရှိသည်ကို ပင် မမှတ်မိကြတော့ပေ။

ငယ်ရွယ်စဉ်က မြင်ဖူးခဲ့သော အစ်ကိုနှင့် မောင်သာမကဘဲ ဆွေမျိုးသားချင်းများပင် သူမ၏မျက်နှာ ဘယ်လိုပုံပန်းသဏ္ဌာန်ရှိသည်ကို မမှတ်မိကြတော့ပေ။

ထိုကဲ့သို့ အကျည်းတန်အရုပ်ဆိုးသော ပါးရဲမျက်နှာဖုံးကြီးကို အမြဲတစေ တပ်ထားရခြင်းမှာလည်း 'ဆွယ်လီ'အတွက် အကြောင်းတစ်ခုရှိပေသည်။

သူမ အပျိုဖော်ဝင်စအချိန်ရောက်တော့ မိခင်ဖြစ်သူက ပြောလေသည်။

"ဆွယ်လီ လာမယ့်နှစ်သစ်ကူးရာသီရောက်ရင်. . နင် အပျိုဖြစ်တော့မယ်၊ ဒီတော့ မျက်နှာမှာ ပရဲထိုးရမယ်"

"ငါ မထိုးချင်ဘူး၊ ပရဲထိုးရင် ချောမောတဲ့မျက်နှာ ပျက်စီးသွားမှာပေါ့"

မိခင်ဖြစ်သူ ဒေါ်ဇယ်လီက တအံ့တသြဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးတစ်ယောက် လင်းကောင်းသားကောင်း ရဖို့ဆိုတာ ရုပ်ရည်ချောဖို့လည်း အရေးကြီးသေးတယ်၊ မျက်နှာမှာ ပါးမည်းတွေ ထိုးထားမှတော့ အကျည်းတန်အရုပ်ဆိုးပြီး ဘယ်သူမှ လှည့်ကြည့်ချင်မှာ မဟုတ်တော့ဘူး"

"ဒီလိုပြောရအောင် နင်က ချင်းလူမျိုးမဟုတ်ဘူးလား"

"ချင်းလူမျိုးဆိုပေမယ့် ချင်းလူမျိုးတိုင်း ပရဲထိုးကြတာမှ မဟုတ်တာ၊ ငါတော့ မထိုးချင်ဘူး"

"ငါတို့ မကန်းမျိုးနွယ်တွေက မိန်းကလေးတစ်ယောက် အရွယ်ရောက်လာရင် မျက်နှာမှာ ပါးမည်းထိုးကြရတယ်၊ မထိုးထားရင် နင်ကိုရှင်ဘုရင်တွေတွေ့ရင် ခေါ်သွားလိမ့်မယ်"

"အခု ရှင်ဘုရင်မှ မရှိတော့တာ"

"ရှင်ဘုရင်မရှိလည်း မျက်နှာဖြူတွေလာလို့ တွေ့သွားရင် နင့်ကိုခေါ်သွားလိမ့်မယ်၊ နင်မကြောက်ဘူးလား"

"မကြောက်ပါဘူး၊ သူတို့လာရင် မမြင်အောင်ပုန်းနေမှာပေါ့"

ထိုသို့ အချီအချပြောဆိုနေသော စကားများကို ဦးထန်ဖုန်းရှိန် ကြားသောအခါ ဝင်ပြောလေသည်၊

"ဇယ်လီ သူမထိုးချင်ရင်လည်း နေပါစေ၊ သူပြောတာလည်း မှန်ပါတယ်၊ ပါးရဲထိုးလိုက်တာနဲ့ မိန်းကလေးတစ်ယောက်ရဲ့ မျက်နှာတစ်ခုလုံး ပျက်စီးသွားတော့တာပဲ အခုက အရင်လို ရှင်ဘုရင်တွေရှိတဲ့ ခေတ်ကာလလည်း မဟုတ်တော့ပါဘူး၊ သူမထိုးချင်လည်း နေပါစေ"



ဦးထန်ဖုန်းရှိန်က ဆေးတံကြီးကို ဖွာနေရင်းမှ ဝင်ပြောလိုက်ရာ ဒေါ်ဇယ်လီမှာ အခက်တွေ့သွားလေသည်။

"သူက မကန်းမျိုးနွယ်တစ်ယောက်ပဲ၊ မျက်နှာမှာ ပရဲမထိုးဘဲ ဒီအတိုင်းထားရင် ဝိုင်းပြီးကဲ့ရဲ့ကြမှာပေါ့၊ ပရဲမထိုးချင်ရင် တစ်ခုခုတော့ လုပ်ရလိမ့်မယ်"

"ဘယ်လို လုပ်မှာလဲ"

"မျက်နှာပေါ်မှာ ပါးရဲထိုးထားတဲ့ မျက်နှာဖုံးတစ်ခု တပ်ပေးထားရမယ်"

ဒေါ်ဇယ်လီကထိုသို့ ပြောသောအခါ ဦးထန်ဖုန်းရှိန်လည်း ဆက်မပြောသာတော့ပဲ နေရာမှထသွားလေတော့သည်။

ထိုအခါမှ ဒေါ်ဇယ်လီက ပြောသည်။

"နင် ပရဲမထိုးချင်ရင် ပရဲမျက်နှာဖုံးကိုတော့ အမြဲတပ်ထားရမယ်၊ အဲဒီလိုလုပ်နိုင်မလား"

ဒေါ်ဇယ်လီစကားကြားသောအခါ ဆွယ်လီမှာ အတော်ကြာအောင် စဉ်းစားနေလေသည်။

သူမအနေဖြင့် မျက်နှာပေါ် မှာ ပရဲမထိုးလိုပါက တစ်ခုခုတော့ လုပ်ပေးရပေမည်။

တစ်သက်လုံး ဖျက်မရနိုင်သော ပရဲအထိုးခံရသည်နှင့်စာလျှင် မျက်နှာဖုံး တပ်ထားသည်က သက်သာမည်ဟု တွေးမိလေသည်။

"လုပ်ပါ့မယ်"

"လုပ်မယ်ဆိုရင် ငါကိုကတိတစ်ခုတော့ ပေးရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ကတိမျိုးပေးရမလဲ"

"ပရဲမျက်နှာဖုံးကို အမြဲတပ်ထားရမယ်၊ ဘယ်တော့မှ မချွတ်ပါဘူးလို့ ကတိပေးရမယ်"

ထိုစကားကြားတော့ စိတ်ညစ်သွားပြန်သည်။

"ဒါဖြင့် ဘယ်အချိန်ရောက်မှ ချွတ်ရမှာလဲ"

"ကိုယ်ကနှစ်သက်လို့ လက်ထပ်မယ့်ယောကျ်ားနဲ့တွေ့တော့မှ ချွတ်ရမယ်၊ အဲဒီကတိ ပေးမလား၊ မပေးရင်နင့်မျက်နှာကို ပရဲထိုးရမှာပဲ"

"ပရဲတော့ မထိုးပါနဲ့၊ ကတိပေးဆိုရင်လည်း ပေးပါ့မယ်"

ဟု ကတိပေးလိုက်တော့မှ . . ပရဲအထိုးခံရမည့် ဒုက္ခမှ ကင်းဝေးသွားလေတော့သည်။

သို့သော် ဒုက္ခတစ်ခု ငြိမ်းသွားတော့လည်း နောက်ထပ် ဒုက္ခတစ်ခုကိုတော့ လက်ခံပေးရလေသည်။

ဒေါ်ဇယ်လီက ပါးရဲထိုးသောလူတစ်ယောက်ကိုခေါ်ပြီး အရုပ်ဆိုးလှသော မျက်နှာဖုံးတစ်ခုကို ပြုလုပ်စေသည်။

မျက်နှာဖုံးပေါ်မှာ ထိုးထားသော အမည်းကွက်များမှာ သက်ရှိလူများ မျက်နှာပေါ်မှာ ထိုးပေးရသော အမည်းကွက်များထက် ပိုမိုအရုပ်ဆိုးသည်၊ ပို၍ကြောက်စရာကောင်းသည်။

လူမျက်နှာပေါ်မှာ ထိုးပေးရသောအခါ အသားနာလွန်းသဖြင့် ထင်သလောက် ထိုးပေး၍မရပေ။

မျက်နှာဖုံးပေါ်မှာ ထိုးပေးသောအခါ စိတ်တိုင်းကျထိုး



ပေးရသောကြောင့် လွန်စွာအရုပ်ဆိုးသော မျက်နှာဖုံးတစ်ခု ဖြစ်လာလေတော့သည်။

ထိုမျက်နှာဖုံးကို ဆေးထိုးပေးသောသူကို ဆိတ်ကစ်ကောင်နှင့် ကြက်ဖတစ်ကောင်ပေးရသည်။

မျက်နှာဖုံးပြီးတော့ ဆွယ်လီက မျက်နှာပေါ်မှာ တပ်ကြည့်သည်၊ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်ပေါက်သာ ချန်ထားပြီး မျက်နှာကို မမြင်ရတော့ပေ။

ပထမတော့ လွတ်လွတ်လပ်လပ် ရှိနေရာမှ မျက်နှာဖုံး တပ်ရသောအခါ စိတ်ညစ်မိသည်။

သို့သော်လည်း နောက်ပိုင်းရောက်တော့ နေသားကျလာသည်။ တစ်ခါတစ်ခါတော့လည်း ထိုမျက်နှာဖုံးကိုဖြုတ်ပြီး လွှင့်ပစ်ဖို့ စိတ်ကူးမိသည်။ သို့သော် တကယ် မလုပ်ဝံ့ပေ။

အကယ်၍ ကတိကဝတ်ပေးပြီး တပ်ဆင်ထားသော ပရဲမျက်နှာဖုံးကို ကိုယ့်သဘောနှင့်ကိုယ် ဖယ်ချွတ်ပစ်ပါက မိခင်သဘောကျ မျက်နှာပေါ်မှာ ပရဲထိုးရပေလိမ့်မည်။

သို့ကြောင့် မျက်နှာဖုံးတပ်ထားတာမှ တော်သေးသည်ဟု သဘောထားကာ မချွတ်ဝံ့ပဲ တပ်ဆင်ထားရလေသည်။

ထိုအချိန်မှစပြီး ဆွယ်လီ၏ လှပချောမောသော မျက်နှာကို အိမ်သူအိမ်သားများပင် တွေ့မြင်ခွင့်မရတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com







# အခန်း ( ၅ )
# တစ်ဆယ့်နှစ်လရာသီနှင့် အောင်ပွဲများ

ချင်းတောင်တန်းပေါ်တွင် နေထိုင်ကြသော ချင်းတိုင်းရင်းသားများအနေဖြင့် လူမျိုးစုများမတူသလို ဓလေ့ထုံးစံများလည်း တစ်နေရာနှင့်တစ်နေရာ မတူညီကြပေ။

ထို့အတူ (၁၂)လရာသီ ပိုင်းခြားခြင်းနှင့် အခေါ်အဝေါ်များလည်း အနည်းငယ်ကွာခြားမှုရှိကြပေသည်။

ပြက္ခဒိန်၊ ရာသီနှင့် ဥတုအချိန်များ ပိုင်းခြားသတ်မှတ်

www.burmeseclassic.com

www.burmeseclassic.com



ကြရာမှာပင် လူမျိုးစုတစ်ခုနှင့်တစ်ခု မတူညီကြပေ။

ချင်းတိုင်းရင်းသား အတော်များများက ကောက်သစ်ပေါ်ပြီး အသီးအနှံဖြစ်ထွန်းသော အောက်တိုဘာလကို နှစ်သစ်ကူး အခါသမယဟု သတ်မှတ်ကြသည်။

ထိုအောက်တိုဘာလကိုပင် တစ်နေရာနှင့် တစ်နေရာ အခေါ်အဝေါ် ချင်း မတူကြပေ။

ရောမတို့က "အောက်တိုဘာ" (October) ဟုခေါ်သည်။

ဂျူးတို့က "အီသာနိမ်" (Ethanim) ဟုခေါ်သည်။

စီအေစီစီသည့် ပြက္ခဒိန်တွင် "ဆိခ်ပါရ်" (Sikpar) ဟုခေါ်သည်။

ဇိုခွါးနယ်တွင် "ထလာဇိန်" ဟုခေါ်သည်။ လိုင်ခလေ့ထုံးတမ်းတွင် "ဆိ(ခ)ပါ(ရ်)၊ ဟာအို" (Sikpar / Hau) ဟုခေါ်သည်။

ထို့ပြင် "သို" (Tho) ဟူ၍လည်းကောင်း၊
"သန်" (Tan) ဟူ၍လည်းကောင်း၊
"နှီယာန်" (Hniang) ဟူ၍လည်းကောင်း၊
"ပါဗ်" (Pauvar) ဟူ၍လည်းကောင်း၊
"ဖရိုင်ခဲ့" (Faraikheh) ဟူ၍လည်းကောင်း၊
"ဖီယာသဲ" (Phiate) ဟူ၍လည်းကောင်း၊
"ကွဒ် (Kuut) ဟူ၍လည်းကောင်း၊
"ချယ်ဇီပွင့်လ" (Phaizawng parthla)



ဟူ၍လည်းကောင်း အမျိုးမျိုးခေါ်ဝေါ်ကြသည်။

လတစ်ခု၏ အမည်ကိုပင် အခေါ်အမျိုးမျိုး ရှိသောကြောင့် အများဆုံးခေါ်သည့် လအမည်ကိုယူလျှက် "ထို" (Tho) ဟုခေါ်ကြမည်ဟု (CACC) ချင်းခရစ်ယာန် ဆက်သွယ်ရေးအဖွဲ့က အဆုံးအဖြတ်ပေးသည်။

"နှစ်သစ်ကူး" (Kumthar) အဖြစ် သတ်မှတ်ပုံကို ဖော်ပြပါမည်။

ချင်းလူမျိုးများက သီးနှံဖြစ်ထွန်းပြီးသောလ (Kum avoi cang) သည် "အောက်တိုဘာလ" ဖြစ်သည်။

ဤလတွင် မိုးသီးနှံအားလုံးကို ရိတ်သိမ်းရသည်။ "အောက်တိုဘာလ" သည် သီးနှံဖြစ်ထွန်းပြီးသည့်လ ဖြစ်သောကြောင့် "နှစ်သစ်" ဟု ခေါ်ဆိုကြသည်။

(Kunvoi) ဟု ခေါ်သောကြောင့် ထိုစကားလုံးက "နှစ်သစ်" နှင့် "နှစ်ဟောင်း" ကို နယ်ခွဲထား၏။

(Kumvoiah) ဟု ဆိုလျှင် "နောင်နှစ်မှာ"ဟူသော သဘောရ၏။

ထို့ကြောင့် ဤလ၊ လပြည့်သည့် နောက်တစ်ရက်မှ စတင်၍ နှစ်သစ်အဖြစ် ရေတွက်ရသည်။

ချင်းလူမျိုးများသည် "လအမည်နှင့်ပေးသော သီချင်းများ" ရှိသည်။

သီချင်းဖြင့် အဖြစ်အပျက်၊ အကြောင်းအရာ၊ အဘယ်ကြောင့် လအမည်ပေးရခြင်းဖြစ်ကြောင်းကို မှတ်တမ်းသဖွယ်

www.burmeseclassic.com

www.burmeseclassic.com



ထားရှိကြသည့်အတွက် သီချင်းများသည် အဓိပ္ပါယ်ပေါ် လွင်ကြသည်။ ဥပမာအဖြစ် သီချင်းအချို့ကို လေ့လာဖော်ပြပါမည်။

(က) သန်ခေါင် (Tangkhawng - January)

ဆောင်းရာသီဖြစ်၍ အေးချမ်းလွန်းသောကြောင့် ခန္ဓာကိုယ်မပြောနှင့် အရိုး၊ ရိုးတွင်းခြင်ဆီအထိ ခိုက်အောင် အေးစိမ့်သည်။

"ညအခါ ခြံရန်စောင့်မပြည့်စုံကြသော မိသားစုများအတွက် ပို၍ခက်ခဲသည်။

ညအိပ်သောအခါ အောက်ဖက် (Tangkhawng) မှ မေးအထိ ခိုက်ခိုက်တုံစေသည်" ဟူသော အဓိပ္ပါယ်ဖြင့် ဇန်နဝါရီလ (January) ကို ကဗျာဖွဲ့ထားသည်။

အဆိုပါ ကဗျာအဓိပ္ပါယ်မှာ-

* ဆောင်းအချမ်းတော်ကြီးသည်
မညှာမတာလာပြန်ပြီ။
ရန်ကြွေးရှိသောသူများနှယ်
ဆင်းရဲ၍ မရှိသူများ တုန်ပေရှာမည်။
စောင့်ခြံစရာမရှိ၊ ငြီးနေတော့မည်။

* ဆောင်းအချမ်းတော်ကြီးသည်
ရက်ရက်စက်စက် ခြောက်လှန့်လာပြန်ချေပြီ။
ရန်ကြွေးရှိသောသူများကဲ့သို့ ရက်စက်လွန်းသည်။
ဖော်မစုံသူများ နံနက်ထ၍
အပျိုအိမ်မှ အိမ်အပြန်



ခြေထောက်နာနေဦးမည်။
ဟူ၍ဖြစ်သည်။

(ခ) နိုဟောင်း (Nohawng - February)

"နိုဟောင်း" သည် "ရေအေးချမ်းလွန်းသောကြောင့် အဖွဲ့ကလေးများနှင့် သွားလာသောငါးများ" ကို ခေါ်ဆိုသည်။

"တစ်ဦးနှင့်တစ်ဦး နီးနီးကပ်ကပ် ပူးတွဲသွားလာနေသော ငါးအဖွဲ့" ကို ဆိုလို၏။

ထိုအဓိပ္ပါယ်ဖြင့် ဖေဖော်ဝါရီလ (February) ကိုကဗျာဖွဲ့ထားသည်။

အဆိုပါကဗျာ၏ အဓိပ္ပါယ်မှာ-

* ရာသီပြောင်းလဲလာစေရန်အတွက်
နိုဟောင်းလေညှင်းလေး တိုက်ခတ်လာ၊
အမျိုးသမီး အမျိုးသားအားလုံး စုပေါင်းပြီး
ရွာပြင်ထွက်ချိန် နီးလေပြီ။
တစ်ဦးဦးထံ
ချစ်တင်းဆိုရမည့် အချိန်လည်း နီးလေပြီ။
ဟူ၍ဖြစ်သည်။

(ဂ) ဗါအိုသဲ (Vawte - March)

ဗူ(လ) (Vul) ပန်းနှင့် စွယ်တော်ပန်းများလည်း ဖူးပွင့်ကြပေပြီ။

အချိန်ရာသီကလည်း ပူအိုက်စပြုလေပြီဟူသော အဓိပ္ပါယ်ဖြင့် မတ်လ (March) ကို ကဗျာဖွဲ့ထားသည်။

www.burmeseclassic.com



* နွေဦးရာသီရောက်သောအခါ
တောင်နှင့် တောင်စွယ်များမှာ
ဝူ(လ)နှင့် စွယ်တော်များ
ဝေဝေဆာဆာပွင့်လာကြပြီ။
ပတ်ဝန်းကျင်က
အလွမ်းကို သယ်ယူလာပြန်ပေပြီ။
လွမ်းမောလာလေပြီ။
လုပ်ငန်းခွင်မှာ
အင်အားချိနဲ့ မောပန်းစွာဖြင့်
လုပ်ကိုင်နေရပြီ။
ဟူ၍ဖြစ်သည်။

(ယ) ဗါအိုပီ (Vaupi - ဧပြီလ)

ဝူ(လ)နှင့် စွယ်တော်ပန်းတို့ ဝေဝေဆာဆာပွင့်အာလာကြပြီ။

အပူကလည်း လောင်ကျွမ်းလျက်ရှိနေလေပြီဟူသော အမိပ္ပါယ်ဖြင့် ဧပြီလ(April)ကို ကဗျာဖွဲ့ထားသည်။

အဆိုပါ ကဗျာ၏အမိပ္ပါယ်မှာ-

* မည်သည့် အကြောင်းကြောင့်ဖြစ်စေ
သူများ၏အပြစ်ကိုသာ မြင်တွေ့တတ်သော
အာပြဲရှဥ့်လို လူလည်းမဟုတ်ပါဘဲနှင့်
အဘယ်ကြောင့် လွမ်းဆွေးနေရသည်မသိ။
ဝူ(လ)နှင့် စွယ်တော်ပန်းများ



ဖူးပွင့်သောအချိန်အခါတွင်
လွမ်းဆွေးလျက်ရှိနေပါပြီ။
ဟူ၍ဖြစ်သည်။

ဘိယန်ရေးထလဲ(ပ) Biangreithlep - May)

နေသည် တစ်အားပူသည်။ သစ်ရွက်သစ်ပင် အကွယ်အကာမရှိ။ မိုးတိမ်တို့သည်လည်း ကင်းစင်လျက် အကွယ်အကာ[illegible]

ရွက်နုများဝေဝေဆာဆာ ရှိနေတတ်သော ဘိဂန်ရေး (Biangrei) ရွက်များပင်လျှင် နွမ်းလျက်ရှိနေကြပြီဟူသော အမိပ္ပါယ်ဖြင့် မေလ (May) ကို ကဗျာဖွဲ့ထားသည်။

အဆိုပါ ကဗျာ၏ အမိပ္ပါယ်မှာ-

* နေခြစ်ခြစ်တောက်ပူသောအချိန်ကို
မည်သည့်အရာကမျှ မခံနိုင်ပါ။
*(Biangrei)* ရွက်နုဝေများပင်လျှင်
ညှိုးနွမ်းနေကြလေပြီ။
ကလေးငယ်များပင်လျှင် နွမ်းခွေလျက်
လူးဖြင့်ပြုလုပ်သော ကဇော်များစား၍
မူးသည့်နှယ်တွေ့ရာ ကြမ်းပေါ်တွင်လှဲနေကြပြီ။
ဟူ၍ဖြစ်သည်။

ပူ(ရ) (Pur - June)

တစ်နှစ်လုံး တောင်ယာလုပ်ကိုင်၍ရရှိသော သီးနှံများသည် တဖြည်းဖြည်းကုန်လေပြီ။ အစားအစာ ကုန်ခမ်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့တာကလည်းရှည်၊ တောတွင်းသစ်သီးများကလည်း မှည့်လာ
သဖြင့် အမှည့်လွန်သစ်သီးများစား၍ ဝမ်းသွားသည်။ စားစ
ကုန်လာသဖြင့် ငတ်ရသည်။ ငတ်ရာက ရောဂါထလာသည်

ဆုံထဲတွင် ထည့်ထောင်းရမည့် စားစရာမရှိတော့သေ
ကြောင့် ဆုံများမှိုတက်လာသည်။

အစားအသောက် ဝမ်းမဝသောကြောင့် လူသည် အာ
နည်းနေသောအချိန်ဖြစ်သည်။

အိမ်တိုင်းတွင် ဖျားနာသူ များပြားလာသောလ
သည်။ ဇွန်လ (June) ဖြစ်သည်။

အဆိုပါကဗျာ၏ အဓိပ္ပါယ်မှာ-

* *ဆင်းရဲနွမ်းပါး၍ စားစရာ၊ ဝတ်စရာချို့တဲ့သော*
*အချိန်အခါရောက်လျှင်၊*
*ဆွေမျိုးမိတ်သင်္ဂဟများ၏ ခွဲခြားပစ်ပယ်ထားခြင်း*
*ခံရသည်။*
*မိမိအိမ်သို့ ရောက်လာလျှင်*
*အစားအစာကျွေးရမည်ကို စိုးရိမ်ကြသည်။*
*တောင်ယာထဲတွင် ညအိပ်ပြီး*
*တဲစောင့်သည့်အလုပ်၊ ရေခပ်သည့်အလုပ်၊*
*နံနက်တိုင်းမီးမွှေးရသည့် အလုပ်များကို*
*စိတ်မပါတော့ပေ။*
*ခြေလက်ပေါင်တံရှည်၊ သွယ်သွယ်လျလျ*
*ခန္ဓာပိုင်ရှင် အမျိုးသမီးငယ်လေးကို လွမ်းလှပါဘိ။*



*အလုပ်ထဲမှာ စိတ်မပါတော့။*

ဟူ၍ဖြစ်သည်။

ချာပါ (Chipa - July)

ချာပါပန်း (Chiapa) ပန်း (မကောင်းသောပန်း) ပွင့်
ာလဖြစ်သည်။

စားစရာကုန်သောကြောင့် အင်အားလည်း မရှိပေ။
သန့်သောရေ သောက်မိသဖြင့်လည်းကောင်း၊ အမှည့်လွန်
သစ်သီးများကို စားမိသဖြင့်လည်းကောင်း၊ ဝမ်းကိုက်ရောဂါနှင့်
တ်ကွေးရောဂါများ နှိပ်စက်ဖိစီးလာပါသည်။

အိမ်တိုင်းတွင် လူနာများရှိနေ၍ မကောင်းသော လမှာ
ိုင်လ (July) ဖြစ်သည်။

အဆိုပါကဗျာ၏ အဓိပ္ပါယ်မှာ-

* *အဆိပ်ရည်သောက်ထားသကဲ့သို့*
*ဖျားနာသူများသည် အိမ်ခြေသုံးရာအပြည့်ရှိကြသည်။*
*သေရမည့် အချိန်ကိုစောင့်ရင်း*
*တမလွန်သို့သွားနှင့်လေသူ အဖိုးအဖွားများ*
*လှမ်းပေးသည့် လက်ကိုဆွဲလျက် အားတင်းထားရသည်*
*ဆင်းရဲနွမ်းပါး၍*
*ဗိုက်ထဲမှာ အစာမရှိ၊*
*အစာအိမ် ဟောင်းလောင်းနှင့် နေရသည့်အခါ*
*ခုခံရန် အင်အားမရှိပါ။*
*တုတ်ကွေးရောဂါ၊ ဝမ်းကိုက်ရောဂါများကို*

www.burmeseclassic.com

www.burmeseclassic.com



အံမတုနိုင်တော့ပါ။ မတွန်းလှန်နိုင်ပါ
ကြီလှဲ (ဇူလိုင်လကို အခေါ်တစ်မျိုး) နှင့်
ချာပါလများနှင့်အတူ မျိုးဆက်တုံးမည့်ရောဂါ
ဆိုက်ကပ်လာပေပြီ။
ဟူ၍ဖြစ်သည်။

(ဈ) နှိယာန် (Hniang - August)

ပေါင်ယာတွင် စိုက်ပျိုးထားသော အသီးအနှံများ မြင်ရပြီ။

ဆပ်များကို စားလို့ ယူလို့ရပြီ။

ထို့ကြောင့် အိမ်နီးနားချင်း၊ ဆွေမျိုးသားချင်းများ စုပေါင်း၍ "နှိယာန်" ခေါ် "အတူတကွစုပေါင်းစားသုံးခြင်း (Hniang) ပြုလုပ်ကြသည့်လမှာ ဩဂုတ်လ (August) ဖြစ်သည်။

အဆိုပါကဗျာ၏ အဓိပ္ပါယ်မှာ-

* မိမိတို့စိုက်ပျိုးသော သီးနှံများကို
အတူတကွ မိတ်ဆုံစားပွဲလုပ်သောအခါ
ဆွေမျိုးမိတ်ဆွေများ စုံကြပြီလားဟေ့၊
အိမ်ထောင်ဦးစီးနဲ့ မွေးချင်းညီအစ်ကို
မောင်နှမများဟေ့
အမိုးအောက် တစ်ယောက်မှာ
ငါတို့ကို ဆင်းရဲသားများ ရှိပါဦးမလား။
ရေစိုနေတဲ့ ခွေးကလေးလို ချမ်းလွန်းလို့
သူကြွယ်များရဲ့ နွေးထွေးတဲ့ဘေးမှာ



စောင်မပါဘဲ သွားပြီးညည်းညူနေရင် ကောင်းမလား။
ဟူ၍ဖြစ်သည်။

(ည) ဇိန် (Zing - September)

မိုးရာသီ ကုန်ဆုံးသွားလေပြီ။ မြူများဆိုင်းနေသည့် အခြေအနေမှ တောက်ပကြည်လင်သော မိုးကောင်းကင်ကို မြင်နေရပြီ။

သစ်ပင်တောတောင်သည် စိမ်းလန်းစိုပြေလျက်ရှိနေသည်။ ဆောင်းဦးမြူများ လာပေရော့မည်။

စက်တင်ဘာလ (September) တွင် ဥတုရာသီအတိုင်း ပုထုဇဉ်လူသားများ၏ စိတ်နှလုံးလည်းဖြူစင်ကြည်လင်လာပေပြီ။

အဆိုပါကဗျာ၏ အဓိပ္ပါယ်မှာ-

* မိမိတို့ မွေးဇာတိဖြစ်သော တို့မြေ၊
တို့တောင်ပေါ်တွင် ရှုမငြီးနိုင်သော
သဘာဝစိမ်းလန်းစိုပြေသည့်
သစ်တောများ ရှင်သန်ကြီးထွားရာအရပ်၊
ပို၍ လှပတင့်တယ်သော ပန်းပွင့်များ၏
အနံ့အရသာကို ခံစားကြပါစို့။
အဖော်များဖြစ်တဲ့ တက်သစ်စ
လူငယ်မောင်မယ်များနှင့်အတူ။
ဟူ၍ဖြစ်သည်။

(ဋ) ထို (Tho - October)



www.burmeseclassic.com

www.burmeseclassic.com



နှစ်သစ်နှင့် နှစ်ဟောင်းတို့ဆုံတွေ့ရာ ဤလတွင် သီးနှံများ ရိပ်သိမ်းပြီး၏၊ သစ်သီးဝလံများပေါများသောအချိန်၊ ပွဲလမ်းသဘင်၊ ညစာတည်ခင်းပွဲများ၊ ခေါင်အိုးများတည်၍ ပျော်ပျော်နေသောအချိန်၊ အလုပ်အားလပ်သောအချိန်၊ ပွဲများသဖြင့်၊ အကအခုန် အသောက်အစားနှင့်ရှိနေရသော ဤအချိန်၊ ပေးရကမ်းရ လှူရများသော ဤအချိန်တွင် သက်ရှိလူများမဆို ထားဘိ၊ သေလူများပင် မနေနိုင်ကြဘဲ ပွဲကိုလာရောက်ဆင်နွှဲလျက် ရှိကြသည်။

ထို့ကြောင့် အောက်တိုဘာလ (October)တွင် သေလူနှင့် ရှင်လူတို့ တွေ့ဆုံကြသည့်လလည်း ဖြစ်သည်။

အဆိုပါကဗျာ၏ အဓိပ္ပါယ်မှာ-

* *ပြည်မသို့ သွားပြီး*
*စားဖို့သောက်ဖို့ ဆန်ဝယ်ရန်*
*တစ်ခါတစ်လေ စိတ်ကူးမိပါသည်။*
*ထို (Tho) လရာသီပွဲများနှင့်*
*စားရသောက်ရသော ပွဲများကို စွန့်ခွာပြီး*
*နေရာပြောင်းရမည့် အရေးကိုတွေးမိတိုင်း*
*မွေးဇာတိမြေကို စွန့်ခွာလိုစိတ်*
*မရှိနိုင်ပါ။*
ဟူ၍ဖြစ်သည်။

(၄) ဆိ (ခ) ပါ (ရ) (Sikpar - November)

ကောင်းကင်တခွင် ကြည်လင်တောက်ပပြီး ဆောင်းသို့



ခြေလှမ်းလာလေပြီ။

လူသားများမဆိုထားဘိ၊ . တောတောင်တိရစ္ဆာန်၊ ဉီးချိုမရှိ ချေငယ်(Thaictor)ပင်လျှင် ဆောက်တည်ရာမရ လွမ်းဆွေးလျက် ရှိနေသည်မှာ နိုဝင်ဘာလ (November) ၏အခြေအနေဖြစ်ပါသည်။

အဆိုပါကဗျာ၏ အဓိပ္ပါယ်မှာ-

* *ပြာသော မိုးကောင်းကင်မြင်နိုင်ရန်*
*မြူ တိမ်များကင်းရှင်းချိန် ရောက်ပြီ*
*မဟုတ်လော။*
*တောတောင်မှာ တောလည်ရင်း ပျော်မွေ့*
*သောအချိန်လည်း ကျရောက်ပြီလေ။*
*နွေဦး ရောက်လာရန် ထလန်ခွမ်းတောင်တွင်*
*နှုတ်ဆက်မြူများသည် ဆိုင်းနေကြပြီ။*
*ချိုမရှိချေ (Thaidor) ၏ ပူဆွေးမှုကို*
*နားလည်ခံစားသူ၊ ထိုနည်းတူခံစားရသူများအဖို့*
*လွမ်းဆွတ်လျက် နေကြပေမည်။*
ဟူ၍ ဖြစ်သည်။

(၅) ဒီပါး (Dipa - December)

တစ်နှစ်လုံးအတွက် သီးနှံများ ရိတ်သိမ်းပြီးစီးသည်၊ နောင်နှစ်အတွက်လည်း တောင်ယာခုတ်ထွင်ပြီးစီး၍ လုပ်ငန်းတိုသမျှ ပြီးစီးသည်ဟူသော အဓိပ္ပါယ်ဖြင့်၊ . ဒီဇင်ဘာလ (December) အမည် ကိုပေးခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဆိုပါကဗျာ၏ အစပိုဒ်မှာ-

* နွေဦးပေါက်တော့မည်။
စပါးများမှည့်၍ ရွှေဝါရောင်သန်းနေပြီ။
ကောင်းကင် တိမ်များကင်းစင်လျက်
အပြာရောင်ရှိနေသည်။
တက်လူငယ်များအတွက်
သရက်နုနု ကလေးများ၊
ဝူ (လ) အသီးကလေးများ
စားရမည့် အချိန် နီးလေပြီ။
နွေဦး ရွှေဝါရောင်စပါးများ မှည့်ကြတော့မည့်အချိ
ငွေပန်း (ai par) များ ခြောက်လာမည့် အဖြစ်ကို
ရန်သူကဲ့သို့ ကြောက်သည်။
အသင်နှင့် ခွဲခွာမည့်အရေးကို တွေးတိုင်း
စိတ်မချမ်းမသာ ဖြစ်မိသည်။
ရွှေဝါစပါးများကို မြင်လာရသောအခါ
နွေဦး၏ အရိပ်ဖြစ်သော
အပြာရောင် ကောင်းကင်ကို မြင်ရပြီ။
ပျော်စရာကောင်းသော နယ်မြေတဝိုက်တွင်
ပုစဉ်းရင်ကွဲ သံသာသာကို
ပြန်လည် ကြားနေရဦးမည်။
ဟူ၍ ဖြစ်သည်။
ချင်းတိုင်းရင်းသားတို့တွင် လအမည်များ ခွဲခြားသ





မှတ်ကြသလို ပူဇော်ပွဲစသော ပွဲအမျိုးမျိုးကိုလည်း သူ့ဓလေ့နှင့်သူ၊ သူနေရာနှင့်သူ ကျင်းပကြလေသည်။

ဘုရားပူဇော်ရန် ဝက်သတ်ခြင်း၊ နွားနောက်ဖြင့် ပူဇော်သောပွဲ၊ ဘွေသဲ၊ ကျွဲခေါင်းပွဲ၊ သက်ခေါင် ကျွဲပွဲ၊ အထပ်ကွမ်းခေါင်ကျွဲ၊ ကျားအောင်ပွဲကျင်းပခြင်း၊ သရဲအို၊ ဖန်ဇအိုက်၊ သားရဲအောင်ပွဲ. . . စသည့်ဖြင့် အမျိုးမျိုးရှိကြလေသည်။

ယခုအခါမှာတော့ ဇန်တလန်ရွာ၌ ဘွေသဲကျင်းပရန် ပြင်ဆင်နေကြလေသည်။

ဘွေသဲကျင်းပတော့မည်ဆိုလျှင် လူပျိုအပျိုတို့ ဆုံတွေ့ခွင့်ရသော အခွင့်အရေးရှိသဖြင့် များစွာပျော်ရွှင်စရာကောင်းလှပေသည်။

www.burmeseclassic.com

www.burmeseclassic.com







## အခန်း ( ၆ )

# အရုပ်သိုက်နှင့် သက်သေခံပေးရသူ

နီမောင်တို့မိသားစု ပိုင်ဆိုင်သော သစ်သီးခြံမှာ ဇန်တလန်ရွာ၏ အရှေ့ဘက် တောင်ခြေတစ်နေရာ၌ ရှိလေသည်။ ခြံဝန်းကကျယ်သလောက် သီးနှံပင်များကလည်း အတော်ပင် စုံလင်လှပေသည်။

တောင်ပေါ်ဒေသမှာ ပေါက်လေ့ရှိသော သစ်ပင်အတော်များများ ရှိကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းသီး၊ လိမ္မော်၊ သရက်၊ မရမ်း၊ ပိန္နဲ စသောအပင်ကြီးများရှိသောကြောင့် ခြံထဲမှာ အရိပ်အာဝါသကောင်းလှပေသည်။

ခြံဝန်းထဲမှာရှိသော သစ်ပင်ကြီးများပေါ်မှာလည်း ဖြုပ်ကောင်းပင် အများအပြား တင်ထားသေးသည်။

ထိုသစ်သီးခြံ အပါအဝင် သီးနှံစိုက်ခင်းများကိုတော့ နီမောင်အပါအဝင် မိသားစုများက ဝိုင်းဝန်းလုပ်ကြလေသည်။

ဦးဘရှိန်နှင့် ဒေါ်ကျင်မေတို့သာမကဘဲ နှင်းမေနှင့် ရင်မောင်တို့မောင်နှမနှစ်ယောက်ကပါ ဝိုင်းဝန်းကူညီပြီး လုပ်ကိုင်နိုင်ကြလေသည်။

နီမောင်ကတော့ တောင်ယာအလုပ်နှင့် ခြံအလုပ်များ ပြီးလျှင် ဝိုင်းဝန်းကူညီပေးပြီး၊ မရှိလျှင်တော့ စောထီး၊ ငမဲအောင် တို့နှင့်အတူ အမဲပစ်ထွက်လေ့ရှိသည်။

သူအားကိုးသောလက်နက်မှာ လေးနှင့်မြားဖြစ်ပြီး၊ ကပ်ပါး(ရဲဒင်းအကြီးစား) ကိုင်ရာမှာလည်း ကျွမ်းကျင်လျင်မြန်မှုရှိသည်။

ကပ်ပါးကအသွားထက်လှသဖြင့် သားကောင်နှင့် အနီးကပ်တွေ့ပါက ခုတ်ထစ်နိုင်ပြီး ဝေးသွားပါက လှမ်းပစ်ပါက အသွားဖြင့် စိုက်ဝင်အောင် ပစ်ခတ်နိုင်သူဖြစ်သည်။

နီမောင် အမဲလိုက်သော သက်တမ်းတစ်လျှောက်တွင် ကိုးတောင်ကျားတစ်ကောင်ကိုပင် သူ့လက်ဖြင့် ဖမ်းဆီးသတ်ဖြတ်နိုင်ခဲ့သဖြင့် အမဲပစ်သော မုဆိုးလောကမှာတော့ နာမည်



တစ်လုံး ရရှိထားသူဖြစ်သည်။

ယခုရက်အတွင်းမှာတော့ ရာသီဥတုအခြေအနေ မကောင်းသဖြင့် အမဲလိုက်မထွက်ကြသေးဘဲ နားနေကြသည်။ ထိုသို့နားနေသောရက်များတွင် ခြံထဲဆင်းပြီး အလုပ်လုပ်နေခြင်းဖြစ်သည်။

ထိုအချိန်တွင် နီမောင်ရှိရာသို့ ဆွယ်လီရောက်လာသည်။ နီမောင်နှင့် ဆွယ်လီမှာ တစ်ရွာတည်းနေသူများဖြစ်သည့်အပြင် သိကျွမ်းခင်မင်နေသူများလည်း ဖြစ်ကြလေသည်။

နီမောင်က (၂၅)နှစ်ခန့်ရှိပြီး ဆွယ်လီက (၂၃)နှစ်ခန့်ရှိရာ အသက်အရွယ်ချင်းက မကွာလှပေ။

နီမောင့်ဖခင် ဦးဘရှိန်နှင့် ဦးထန်ဖုန်းရှိန်တို့က ခင်မင်ရင်းနှီးသူများဖြစ်ရာ ထိုရွာရောက်ကတည်းက ဦးထန်ဖုန်းရှိန်က ထိုက်အပ်သော အကူအညီပေးခဲ့ရာ ကျေးဇူးရှိလေသည်။

နီမောင်တို့မိသားစု ထိုရွာသို့ ရောက်လာကြသည်မှာ (၁၀)နှစ်ခန့်သာ ရှိပေသေးသည်။

သူတို့ရောက်ကတည်းက ဆွယ် လီမျက်နှာပေါ်မှာ ပါးရဲမျက်နှာဖုံးတစ်ခု အမြဲတပ်ထားသဖြင့် သူမမျက်နှာကိုတော့ တစ်ကြိမ်တစ်ခါမျှ မတွေ့ရသေးပေ။

ယခုမြင်ရသော အခြေအနေမှာတော့ ဆွယ်လီက ကိုယ်လုံးကိုယ်ထည်လှသည်။ အရပ်အမောင်းဖွံ့ဖြိုးသည်။ အသားအရေ ကောင်းသည်။

ထိုအခြေအနေကတော့ မိန်းမချော မိန်းမလှတစ်ဦး၏

www.burmeseclassic.com

www.burmeseclassic.com



ကြွန်အင်လက္ခဏာမျိုးပင် ဖြစ်သော်လည်း မျက်နှာအခြေအနေ
ကတော့ မမြင်ရသဖြင့် မသိကြရပေ။

ဆွယ်လီရောက်လာတော့ နီမောင်က လုပ်လက်စအ
လုပ်များကိုနားပြီး သစ်ပင်ကြီးတစ်ပင်အောက်မှာ ပြုလုပ်ထား
သော ဝါးကွပ်ပျစ်ပေါ်၌ ထိုင်လေသည်။

နီမောင်က ဆွယ်လီကို မဟုတ်မခံနှင့် ပွင့်ပွင့်လင်းလင်း
ရှိသဖြင့် ခင်မင်လေသည်။

"ဆွယ်လီ နင်ဘယ်ကလာတာလဲ"

"နင်နဲ့တွေ့ချင်လို့ လာတာပေါ့"

"ဘာကိစ္စရှိလို့လဲ"

"မကြာခင် ဘွေ့သဲကျင်းပတော့မယ်လေ၊ နင်မသိဘူး
လား"

"သတင်းတော့ ကြားမိပါတယ်"

နီမောင်က စိတ်မဝင်စားသကဲ့သို့ ပြန်ပြောလိုက်သည်။

"နင် စိတ်မဝင်စားဘူးလား၊ ကျင်းပတဲ့ရက်ကျရင် လူပျို
အပျိုတွေ လာကြမှာလေ"

"ငါကြိုက်တဲ့သူမှ မရှိသေးတာ ငါတော့သိပ်ပြီး စိတ်
မဝင်စားပါဘူး"

"နတ်ဆရာက နင်ကို မဖိတ်ဘူးလား"

နီမောင်က ခေါင်းခါပြလိုက်သည်။

ဘွေ့သဲကျင်းပသောညတွင် ခေါင်ရည်အတူသောက်
ရန်အတွက် ဖိတ်ကြားထားသော လူပျိုအပျိုများ တက်ရောက်ခွင့်



ပြီး နတ်ဆရာက မဖိတ်လျှင်တော့ လာရောက်ခွင့်မရှိပေ။

"နတ်ဆရာ သတိမေ့နေလို့ဖြစ်မှာပါ"

"လူမျိုးချင်းမတူလို့ မဖိတ်ချင်တာလည်း ဖြစ်မှာပါ"

"ဒီကပြန်ရင် ငါဝင်ပြောလိုက်ပါ့မယ်၊ နင်တို့ပါ ပါတော့
ပြီး ပျော်စရာကောင်းတာပေါ့"

"တကူးတက ဝင်ပြောမနေပါနဲ့၊ ငါလည်းသိပ်မလာချင်
ဘူး"

"ဘာဖြစ်လို့လဲ ငါတို့နဲ့ မတွေ့ချင်လို့လား"

"ဒီလိုတော့ မဟုတ်ပါဘူး၊ ငါတို့က နင်တို့ရဲ့ ဓလေ့ထုံးစံ
တွေ သိပ်မသိသေးတော့ အနှောင့်အယှက်ဖြစ်မှာ စိုးလို့ပါ"

ထိုသို့ပြောတော့ ဆွယ်လီက ဘာမှတော့ ထပ်မပြော
တော့ပေ။ သို့သော် သူမအမူအရာမှာ ကျေနပ်ဟန်တော့ ရှိပုံ
ရပေ။

"နင် ဘာလာလုပ်တာလဲ"

"ငါ ပလ္လင်ပျောက်ကုန်းသွားချင်တယ်၊ နင်လိုက်ပို့ပေး
”

"ဟင်. . ဘာသွားလုပ်မှာလဲ"

"ပစ္စည်းသွားငှားမလို့"

ထိုစကားကြားတော့ နီမောင်မှာ များစွာအံ့ဩသွား
သည်။

"ဘယ်နေရာမှာ ငှားမှာလဲ"

"ပလ္လင်ပျောက်ကုန်းမှာ ပစ္စည်းငှားလို့ရတဲ့နေရာရှိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



နင်မသိဘူးလား"

နီမောင်က ခေါင်းခါပြလိုက်သည်။

"မသိရင်ငါနဲ့လိုက်ခဲ့၊ ဟိုရောက်တော့ နင်မြင်ရစေမယ်"

"တခြားလူတွေမခေါ်ဘဲ ငါ့ကိုဘာကြောင့် လာခေါ်တာ လဲ"

"တခြားလူတွေက စိတ်မချရဘူး၊ အဲဒီနေရာကိုစိတ် မချရတဲ့လူတွေ ခေါ်သွားမိရင် ငါပါဒုက္ခရောက်လိမ့်မယ်၊ နင် ပလ္လင်ပျောက်ကုန်းကို သိတယ်မဟုတ်လား"

ခေါင်းညိတ်ပြလိုက်သည်။

"နင်ရောက်ဖူးသလား"

"အမဲလိုက်သွားရင်းနဲ့တော့ တစ်ခေါက်နှစ်ခေါက် ရောက်ခဲ့ဖူးတယ်"

"ဘာတွေတွေ့ခဲ့သလဲ"

"ပလ္လင်ပျက်ကြီးတွေတော့ တွေ့ခဲ့တယ်"

"တခြားထူးခြားတာတွေ တွေ့ဖူးသလား"

နီမောင်က ခေါင်းခါပြသည်၊

"နင် ငါနဲ့လိုက်ခဲ့ရင် ထူးဆန်းတာတွေ တွေ့ရလိမ့်မယ်"

ထိုစကားကြောင့် နီမောင်က စိတ်ဝင်စားသွားလေ သည်။

"အဲဒီနေရာကို နင်ကဘာသွားလုပ်မလို့လဲ"

"နင်လိုက်ခဲ့မယ် မဟုတ်လား၊ ဟိုရောက်တော့ နင်မြင် မှာပေါ့"



ဟုသာပြောသည်။

သို့ကြောင့် နီမောင်လည်း ထွေထွေထူးထူး စဉ်းစားမ နေတော့ဘဲ တောတွင်းသွားလျှင် ယူဆောင်လေ့ရှိသော လက် နက်လေးများတို့ကိုယူဆောင်ပြီး ဆွယ်လီခေါ်ရာနောက်သို့ လိုက် ခဲ့လေသည်။

ပလ္လင်ပျောက်ကုန်းရှိသောနေရာမှာ ဝေးလှသည်တော့ မဟုတ်ပေ။ ဝိတိုရိယတောင်နှင့် မောပိတောင်နှစ်တောင်ကြား တွင် တည်ရှိပြီး ဗန်တလန်ရွာ၏ မြောက်ဘက်ယွန်းယွန်း၌ရှိ သည်။

မောပိတောင်ခြေ၌ရှိသောကြောင့် ရွာဘက်မှ လှမ်း ကြည့်လျှင်တော့ လှမ်းမြင်ရနိုင်သည်။

သို့သော် ရောက်အောင်သွားမည်ဆိုလျှင်တော့ (၅)နာရီ ခန့်ကြာအောင် သွားရလေသည်။

တောင်ခြေရောက်သည်အထိ လမ်းဖောက်ထားသည် မရှိဘဲ တောတက်သူများသွားသော လူသွားလမ်းများမှ သွား ကြရသည်။

လမ်းတလျှောက်တွင် သစ်ပင်၊ သစ်တော၊ သစ်ချုံများ နှင့် တောင်ကုန်းများ၊ လျှိုများအတွင်းမှ ဖြတ်သွားကြရလေ သည်။

သို့သော် ထိုလမ်းများမှာ သွားလာနေကျလမ်းများ ဖြစ် သောကြောင့် အခက်အခဲတော့ မရှိကြပေ။

နီမောင်နှင့် ဆွယ်လီတို့နှစ်ယောက် ထွက်လာတော့ နံ

www.burmeseclassic.com



နက်ပိုင်းအချိန်သာသာခန့်သာ ရှိသေးသည်။

နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်လာ

ရာ အချို့နေရာများတွင် တောင်ယာသွားရန် ထွက်လာသူ

နှင့် တောတက်ရန်ထွက်လာသူတို့ လမ်းမှာဆုံတွေ့ကြသည်

သူတို့နှစ်ယောက် အတူတူထွက်လာသည်ကို မြင်သေ

အခါ ချင်းဘာသာစကားဖြင့် စကြနောက်ကြပြောင်ကြသည်

"တစ်နယ်သားကို ရည်းစားထားရင် မျက်ရည်ချော

ကြီးစီးတတ်တယ်၊ ကိုယ့်နယ်သားကို ရည်းစားထားမှ ခေါင်း

အတူသောက်ရမယ်"

ဟူသော အဓိပ္ပါယ်ရှိသည့် စကားမျိုးဖြစ်သည်။

ထိုအခါ ဆွယ်လီကလည်း တစ်ခွန်းမခံ ပြန်ပြောတ

သည်။

"နွယ်တွေများတော့လည်း အပွင့်မထွက်ဘူး၊ တစ်န

သားပေမယ့်လည်း မပစ်ရက်ဘူး"

ထိုကဲ့သို့ အဓိပ္ပါယ်ရှိသော စကားမျိုးဖြင့် ရယ်ရယ်မေ

မောနှင့်ပြန်ပြောရာ နောက်ပြောင်ကြသူတို့ပင် သဘောကျ

ရယ်မောရင်း ဆက်သွားကြလေသည်။

နီမောင်မှာ ချင်းတောင်တန်းသို့ ရောက်ခဲ့သည်

ဆယ်နှစ်ဆယ်မိုးကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ချင်းတိုင်းရင်းသ

တို့၏ ဘာသာစကားနှင့် ဓလေ့ထုံးစံတို့ကို အားလုံးမသိသေး

အချို့လောက်သာသိပြီး အတော်များများတော့ မသိသေး

"ဆွယ်လီ သူတို့ဘာတွေပြောသွားတာလဲ"



"နင်မသိဘူးလား"

နီမောင်က ခေါင်းခါပြလိုက်သည်။

"တခြားမဟုတ်ပါဘူး၊ ဘယ်သွားကြမလဲလို့ မေးကြတာ

ငါကတောထဲသွားမယ်လို့ ပြန်ပြောလိုက်တာ"

နီမောင်က ဘာမှထပ်မမေးတော့ပေ။

နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်လာ

ရာ နံနက်ပိုင်းအချိန်ကျော်တော့ ပလ္လင်ပျက်ကုန်းရှိသော နေ

ရာသို့ ရောက်လာကြသည်။

ထိုနေရာရောက်တော့ နီမောင်က မေးလိုက်သည်။

"ဒီနေရာကို နင်လာဖူးတယ် မဟုတ်လား"

"လာဖူးတယ်"

"အရင်က ဘယ်သူတွေ အဖော်ခေါ်လာသလဲ"

"အစ်ကို လိုက်တဲ့အခါလိုက်တယ်၊ ဒါမှမဟုတ် မောင်

...ယ်လိုက်တဲ့အခါ လိုက်ပေးတယ်၊ ဒါပေမယ့် သူတို့နှစ်ယောက်

...လည်း အလုပ်မအားကြတော့ အမြဲခေါ်လို့ မရဘူး၊ တခြား

...ဖော်နဲ့တော့ မသွားပါဘူး"

"ဘာဖြစ်လို့လဲ"

"ငါက ရုပ်ဆိုးတော့ ငါနဲ့ဘယ်သူမှ မသွားချင်ကြဘူး"

ထိုစကားကြောင့် နီမောင်က သဘောကျစွာရယ်လိုက်

...ည်။

"နင်က မျက်နှာဖုံးကြီးတပ်ထားတာကိုး ရုပ်ဆိုးမှာပေါ့၊

...ကြောင့် ဒီမျက်နှာဖုံးကြီး တပ်ထားတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါမျက်နှာက ရုပ်ဆိုးလို့ တပ်ထားတာပေါ့၊ ငါငယ်ငယ်
တုန်းက မျက်နှာတစ်ခုလုံး မီးလောင်သွားလို့ အတော်ရုပ်ဆိုးေ
လို့ ဒီမျက်နှာဖုံးတပ်ထားရတာ"

"ပါးရဲထိုးထားတဲ့ မျက်နှာဖုံးကြီးတပ်ထားတော့ အနေ
မခက်ဘူးလား"

"တပ်ကာစတုန်းကတော့ တစ်မျိုးပေါ့၊ အခုကြာလာ
တော့လည်း ရှိမှန်းတောင် သတိမထားမိတော့ပါဘူး"

"တစ်ခါတလေ ချွတ်ထားလို့ မရဘူးလား"

ဆွယ်လီက ခေါင်းခါပြသည်၊

"ဘာဖြစ်လို့လဲ"

"အမေ့ကို ကတိပေးထားတာဆိုတော့ ချွတ်ပစ်လို့ မ
ဘူး"

"ဘယ်လို ကတိပေးထားတာလဲ"

"ချွတ်သင့်တဲ့အချိန်မှ ချွတ်ရမယ်၊ မချွတ်သင့်တဲ့အချိ
မှာ ကိုယ်သဘောနဲ့ကိုယ် မချွတ်ရဘူး"

"ဘယ်အချိန်မှာ ချွတ်ရမှာလဲ"

"ငါချစ်တဲ့သူနဲ့ လက်ထပ်ပြီးရင် ချွတ်လို့ရတယ်"

ထိုစကားကြောင့် နီမောင်က သဘောကျစွာရယ်လိုက်
သည်၊

"နင်ဘာရယ်တာလဲ"

"နင်တို့သားအမိ ကတိထားတာကလည်း တစ်မျိုးပ
လား၊ ဒါထက် နင့်မှာရော ချစ်သူရှိနေပြီလား"



"မရှိသေးပါဘူး၊ ဒီလောက်ရုပ်ဆိုးနေတဲ့ မျက်နှာမျိုး
ကို ဘယ်သူက သဘောကျမှာလဲ"

ထိုသို့ပြန်ပြောသောအခါ နီမောင်လည်း ဘာမှထပ်မ
ပြောတော့ပေ။

နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်လာ
ကြရာ ပလ္လင်ပျက်များရှိသော ကုန်းရှိရာသို့ ရောက်လာကြလေ
သည်။

ထိုနေရာတစ်ဝိုက်မှာ ပရလောကသားများ အခြောက်
အလှန့်များလှသဖြင့် အခြားသူများမလာကြပေ။

ထို့ကြောင့် သစ်ပင်ကြီးများ အုပ်မိုးနေသည့်အပြင်
ချုံနွယ်ပိတ်ပေါင်းများအတွင်း၌ ပလ္လင်ပျက်ကြီးများ ရှိလေသည်။

"ကဲ . . ပလ္လင်ပျောက်ကုန်းတော့ရောက်လာပြီ ဘာလုပ်
မှာလဲ"

နီမောင်က မေးလိုက်လေသည်။

"ဟိုဘက်မှာ ငါသွားနေကျနေရာရှိတယ်၊ အဲဒီနေရာ
ဘက်သွားကြမယ်"

ဟုပြောကာ ဆွယ်လီကရှေ့မှ ခေါ်ဆောင်သွားသဖြင့်
နီမောင်က နောက်မှလိုက်သွားလေသည်။

တစ်နေရာရောက်တော့ ပလ္လင်ပျက်ကြီးတစ်ခုရှိသော
နေရာနှင့် မနီးမဝေးတွင် ကျောက်ဖြင့်ပြုလုပ်ထားသော ဂူနွန်ရုပ်
ကြီးကို တွေ့ရလေသည်။

ဂူနွန်ရုပ်ကြီးမှာ နှစ်အတော်ကြာအောင် ထိုနေရာမှာ

www.burmeseclassic.com

www.burmeseclassic.com



ရှိနေဟန်ဖြင့် ရေညှိ၊ ရေမှော်များ တက်နေပြီး အမည်းရောင် အညိုရောင်များ တက်နေလေသည်။

ထိုနေရာတစ်ဝိုက်တွင် ချုံနွယ်ပိတ်ပေါင်းများတက်နေသောကြောင့် ဂဠုန်ရုပ်ကြီးမှာ တဝက်တပျက်လောက်သာ ပေါ်နေသည်။

အချို့နေရာများမှာ ကျိုးပဲ့ပျက်စီးနေလေသည်။

"နီမောင် ငါ့ကို တောပန်းတွေ နည်းနည်းလောက် ခူးပေးပါ"

ဟု ဆွယ်လီက ပြောသဖြင့် နီမောင်က ထိုနေရာတစ်ဝိုက်မှာရှိသော တောပန်းများကို လိုက်လံခူးဆွတ်ပြီး ပေးလိုက်လေသည်။

ပန်းများရသောအခါ ဆွယ်လီက သူမလွယ်လာသော ခြင်းတောင်းထဲမှာ ထည့်ယူလာသော အစားအသောက်များနှင့် ရောပုံပြီး ဂဠုန်ရုပ်ကြီးရှေ့နားတွင် သွားပုံထားလိုက်သည်။

ထိုကဲ့သို့ အစားအသောက်နှင့်ပန်းများကို ဖက်ပေါ်တွင် ပုံပြီး ဂဠုန်ရုပ်ကြီးရှိသောနေရာသို့ ချပေးလိုက်ပြီးနောက် အသံတိုးတိုးဖြင့် ရွတ်ဆိုနေလေသည်။

နီမောင်ကတော့ မနီးမဝေးမှာရပ်ပြီး သူမပြုလုပ်သမျှကို ကြည့်နေလေသည်။

ဆွယ်လီနှင့် ခင်မင်ရင်းနှီးခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း သူမအနေဖြင့် ထိုကဲ့သို့ပြုလုပ်တတ်သည်ကိုတော့ သူမသိပေ။



အတန်ကြာတော့ ဂဠုန်ရုပ်ကြီး၏ မျက်လုံးနှစ်ဖက်မှ အရောင်တလက်လက် တောက်ပလာကာ အသက်ဝင်လာသကဲ့သို့ ဖြစ်လာလေသည်။

ယခုပင် ချုံထဲမှ အပြင်ဘက်သို့ တိုးထွက်လာတော့မည့်ကဲ့သို့ အသံများပေါ်ထွက်လာသည်။

ခဏကြာတော့ ဂဠုန်ရုပ်ကြီးအနောက်ဘက်မှ လူတစ်ယောက်ထွက်လာလေသည်။

အသက် (၂၀)ကျော်အရွယ်ခန့်ရှိသော လှပချောမောသည့် အမျိုးသမီးတစ်ယောက်ပင် ဖြစ်ပေသည်။

မြန်မာဆန်ဆန် ချောမောလှပသည့် ထိုအမျိုးသမီးကိုမြင်သောအခါ နီမောင်မှာ များစွာအံ့သြသွားလေသည်။

ထိုအမျိုးသမီးက မနီးမဝေးမှာရပ်နေသော နီမောင်ကိုတစ်ချက်ကြည့်လိုက်ပြီးတော့မှ မေးသည်။

"ဘာကိစ္စရှိလို့လဲ ညီမလေး"

"ပစ္စည်းငှားချင်လို့ပါ မမ"

"ဘယ်လိုပစ္စည်းမျိုးလဲ"

"ဘွဲ့သဲပွဲမှာ ဝတ်ဆင်ဖို့ ငွေထည်လက်ဝတ်ရတနာတွေ ငှားချင်ပါတယ်"

"ဘယ်သူ့ကို သက်သေထားမလဲ"

"သူ့ကို သက်သေထားပါ့မယ်"

မနီးမဝေးမှာရပ်နေသော နီမောင်ဘက်သို့ လှည့်ပြီး ခေါင်းညိတ်ပြီး ထိုးပြလိုက်သဖြင့် နီမောင်မှာမျက်လုံးပြူးသွားလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"သူက အရင်ခေါ်လာတဲ့လူ မဟုတ်ပါလား"

"မဟုတ်ပါဘူး၊ အရင်တစ်ခေါက်ပါလာတဲ့သူက ကျွန်မ အစ်ကိုပါ"

"သူက နင့်ရဲ့ချစ်သူလား"

"မ. . မဟုတ်ပါဘူး၊ မိတ်. . မိတ်ဆွေပါ"

ထိုအမျိုးသမီးက နီမောင်ကို အသေအချာကြည့်နေပြီး အတော်ကြာတော့မှ ပြောသည်။

"သူလည်း စိတ်ထားဖြူစင်ပါတယ်၊ သက်သေထား ရပါတယ်၊ ဒါထက် ရှင်ကရော သူ့အတွက်သက်သေခံပေးနိုင် မလား"

ထိုသို့မေးသောအခါ နီမောင်ခမျာဘာပြန်ပြောရမှန်း မသိသဖြင့် မျက်လုံးအပြူးသားဖြင့် ကြည့်နေလေသည်။

"ဘယ်လိုလဲ သူ့အတွက် သက်သေခံပေးနိုင်မလား"

ဟု ထပ်မေးပြန်လေသည်။

"ကျွန်တော်က ဘယ်လိုလုပ်ပေးရမလဲ"

"ခတ္တာက ကျွန်မတို့နဲ့ အရင်ဘဝက ညီအစ်မတော် ခဲ့ဖူးတယ်"

'ခတ္တာ'ဟူသောအမည်မှာ ဆွယ်လီ၏ အခြားနာမည် တစ်ခုဖြစ်သည်။

"သူက ကျွန်မတို့ပိုင်ဆိုင်တဲ့ ရတနာပစ္စည်းတွေ လာ နေတယ်၊ လူလောကမှာတော့ တန်ဖိုးရှိတဲ့ပစ္စည်းတစ်ခုခု ဒုက



ရင်၊ ချေးယူရင် အပေါင်ပစ္စည်း ထားပေးရတယ်၊ ဒါမှမဟုတ် သက်သေထားပေးရတယ်၊ သူကရှင့်ကို သက်သေထားတယ် ရှင်သဘောတူသလား"

ထိုသို့မေးသောအခါ ဘယ်လိုပြန်ပြောရမှန်းမသိသဖြင့် ဆွယ်လီမျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်သည်။

ဆွယ်လီကတော့ လက်ခံပေးစေလိုသော အမူအရာမျိုး ရှိလေသည်။

"တူ. . တူပါတယ်"

"ရှင် သဘောတူပါသလား"

"တူပါတယ်"

သုံးကြိမ်သုံးခါ မေးပြီးနောက်တွင် သူမထွက်လာသော နေရာသို့ ပြန်ဝင်သွားလေသည်။

နီမောင်ကတော့ စိတ်ဝင်စားနေသဖြင့် ဆွယ်လီကိုပင် ဘာမှမမေးဖြစ်သေးပေ။ အတန်ကြာတော့ ထိုအမျိုးသမီးပြန် ထွက်လာရာ သူမလက်ထဲမှာ ငွေဖြင့်ပြုလုပ်ထားသော ငွေ သေတ္တာငယ်တစ်လုံး ပါလာလေသည်။

ဆွယ်လီအနီးရောက်လာတော့ သူမယူလာသော ငွေ သေတ္တာအဖုံးကို ဖွင့်ပြလေသည်။

"ဟောဒီမှာ ငါ့ညီမလိုချင်တဲ့ လက်ဝတ်ရတနာတွေ ယူ ဆောင်သွားပေတော့"

ဟု ပြောကာ သေတ္တာအဖုံးကို ပြန်ပိတ်ပြီး ဆွယ်လီကို ပေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပေးပြီးသည်နှင့် ဂဠုန်ရုပ်ကြီးအနောက်ဘက်သို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။ ဂဠုန်ရုပ်ကြီးမျက်လုံးမှ အရောင်တဖျပ်ဖျပ်လက်နေသည်များလည်း ကွယ်ပျောက်သွားလေသည်။

ထိုအခါမှ နှစ်ယောက်သား ပလ္လင်ပျောက်ကုန်းမှ ပြန်ထွက်လာကြလေသည်။ လမ်းရောက်တော့မှ နီမောင်ကမေးသည်။

"နင်နဲ့ငါနဲ့ ဘာမှမတော်စပ်ဘဲ ဘာကြောင့် ငါ့ကိုသက်သေထားတာလဲ၊ တခြားလူတွေဘာကြောင့် မထားတာလဲ"

"ဒီနေရာမျိုးက လူတိုင်းခေါ်လာလို့မှမရတာ သူတို့လက်မခံရင်လည်း အခုလိုတွေ့ခွင့်ရမှာ မဟုတ်ဘူး၊ နင့်ကိုလက်ခံလို့သာ အခုလိုတွေ့ခွင့်ရခဲ့တာ"

"ထားပါတော့. . တကယ်လို့ ငှားလာတဲ့ပစ္စည်းတွေ ပျောက်သွားခဲ့ရင် ကြားထဲက သက်သေခံတဲ့ငါက လျော်ရမှာပေါ့"

"မပျောက်စေရပါဘူး နီမောင်ရယ်"

ဆွယ်လီကတော့ ပေါ့ပေါ့ပင် ပြန်ပြောလေသည်။

"မတော်တဆ ပျောက်သွားရင် ဘယ်လိုလုပ်မလဲ"

"ဒီတော့လည်း ငါ့ကိုနင်ကြိုက်သလိုသာလုပ်ပေါ့"

ထိုသို့ တိုတိုတုတ်တုတ် ပြန်ပြောသဖြင့် နီမောင်လည်း ဘာမှထပ်မပြောသာတော့ပေ။

"နီမောင်"



"ဘာလဲ"

"နင့်ကိုမပြောဘဲ ဒီလိုလုပ်လို့ ငါ့ကိုစိတ်ဆိုးနေသလား"

"ဒီလိုတော့ မဟုတ်ပါဘူး"

"ဒါထက် နင်ညကျရင် ခေါင်ရေသောက်ပွဲလာမှာလား"

"ငါ့ကိုမှမဖိတ်တာ လာလို့ဘယ်ရမလဲ"

"နတ်ဆရာကို ငါပြောရင်ရပါတယ်၊ နင်လာတော့ ခေါင်ရေအတူသောက်လို့ ရတာပေါ့၊ စောထီးနဲ့ငမောင်တို့နှစ်ယောက်ပါ လာခဲ့ဖို့ ငါပြောလိုက်မယ်"

"ဒါထက် အဲဒီလောက် တန်ဖိုးရှိတဲ့ပစ္စည်းတွေ ငှားယူလာပြီး နင်ဘာလုပ်မှာလဲ"

"ပွဲတော်ရက်တွေမှာ ဝတ်မှာပေါ့"

"နင်က ရုပ်လည်းမလှဘဲနဲ့၊ တန်ဖိုးရှိတဲ့ရတနာတွေ ဝတ်ဆင်တော့လည်း ဘာဖြစ်မှာလဲ"

ထိုစကားကြားတော့ ဆွယ်လီထံမှ ဘာမှထပ်မပြောတော့ပဲ ငြိမ်ကျသွားသည်။

ပါးရဲမျက်နှာဖုံးတပ်ထားသဖြင့် မျက်နှာအမူအရာ ဘယ်သို့ဖြစ်သွားသည်တော့ မမြင်ရပေ။ အတန်ကြာတော့မှ မေးသည်။

"နင်တို့ ယောကျ်ားလေးတွေက မိန်းကလေးတွေကို ရုပ်ချောမှ သဘောကျတာလား"

"ဒီလိုတော့ မဟုတ်ပါဘူး၊ ငါကတော့ ရုပ်ချောတာ ချောတာထက် နှလုံးသားဖြူစင်တဲ့ မိန်းကလေးမျိုးကိုပိုပြီး သ

www.burmeseclassic.com

www.burmeseclassic.com



ဘောကျပါတယ်"

"တွေ့ပြီလား"

"ရှာရင်တော့ တွေ့မယ်ထင်ပါတယ်၊ အခုထိတော့ မရှာဖြစ်သေးပါဘူး"

ဟုပြောရာ ဆွယ်လီမျက်နှာပေါ်မှာ အပြုံးရိပ်ကလေးတစ်ချက်သမ်းသွားသည်ကိုတော့ နီမောင်တစ်ယောက် သတိမထားမိလိုက်တော့ပေ။

နှစ်ယောက်သား စကားတပြောပြောနှင့် ပြန်ခဲ့ကြရာ ညနေပိုင်းအချိန် ရောက်သောအခါ ရွာသို့ပြန်ရောက်လာကြလေသည်။





# အခန်း ( ၇ )
# ဘွဲ့သဲ သို့မဟုတ် ခေါင်းရေသောက်ပွဲ

ချင်းတိုင်းရင်းသားတို့ ကျင်းပလေ့ရှိသော ပွဲကြီး၊ ပွဲငယ်အတော်များများ ရှိပေသည်။ အချို့ ပွဲကြီးများဖြစ်ပြီး၊ အချို့ကတော့ သာမန်ပြုလုပ်ကြသည့် ပွဲငယ်များဖြစ်သည်။

ကွဲခေါင်းပွဲ၊ ကျားအောင်နိုင်ပွဲ၊ နွားနောက်ဖြင့် ပူဇော်ပွဲ၊ ဘွဲ့သဲ၊ ကျာရ်ကျန်ကျောက်တုံးပူဇော်ပွဲ၊ ဆရဲအိုပွဲဆင်နွှဲခြင်း၊ ခေါင်ကွဲပွဲကျင်းပခြင်း. . အစရှိသော ပွဲများအပြင် ဆရဲအိုနေ့၊

www.burmeseclassic.com



ရဲအိုလူနေ့၊ အာရ်ဆားစားသောနေ့၊ ဆီယာချွန်နေ့၊ နွားနောက်သား စားသောနေ့၊ ငါးဖမ်းသောနေ့ . . .

စသဖြင့် ပွဲကြီးတစ်ခု ကျင်းပသောအချိန်ကာလအတွင်းမှာ သူ့နေ့နှင့်သူ သူ့အချိန်ဖြင့်သူ ပြုလုပ်သောပွဲငယ်များလည်း အများအပြားရှိကြသည်။

ထိုအထဲတွင် ဘွေသဲကျင်းပသောပွဲလည်း ပါဝင်လေသည်။

မြေလတ်ဒေသနှင့် အောက်ပိုင်းဒေသများတွင် ဆွေမျိုးသားချင်းထဲမှ နတ်ကန္နားပွဲပေး၍ ကျင်းပသောအခါ နတ်ကန္နားပွဲမပေးနိုင်သော အခြားဆွေမျိုးသားချင်းများ တတ်နိုင်သလောက်ငွေနှင့် ပစ္စည်းများထည့်ဝင်ကာ နတ်ကန္နားပွဲ အောင်မြင်စေရန် ဝိုင်းဝန်းကြရသည့်မျိုးပင်ဖြစ်သည်။

နတ်ဆရာက ဦးဆောင်ကျင်းပသော ပွဲတစ်ခုဖြစ်သည်။

ဘွေသဲကျင်းပသောအခါ ပျော်စရာကောင်းသည်။

နေ့ရောညပါ (၅)ရက် (၅)ညတိုင်အောင် ကျင်းပပြုလုပ်ကြခြင်းဖြစ်သည်။

ခေါင်ရေအတူသောက်ခြင်း၊ သူ့နေ့နှင့်သူ သတ်ဖြတ်ဝက်၊ နွားနောက်သားများ စားခြင်း၊

သီချင်းဆိုခြင်း၊ ကခုန်ခြင်းများ ပြုလုပ်ကြသည်။

ဘွေသဲ (Bawi) ကျင်းပပုံအဆင့်ဆင့်ကိုတော့ဖြင့် စာရှည်မည်စိုးသောကြောင့် သည်တွင်ဖော်ပြခြင်း မပြုတော့ပါချေ။

ဘွေသဲကျင်းပသောအခါ နတ်ဆရာကပင် ဦးဆောင်



ကျင်းပပြီး သီဆိုရမည့် ဆုတောင်းစာများကိုလည်း ၄င်းကပင်တိုင်တည်ပေးရလေသည်။

၄င်းတိုင်ပေးသော ဆုတောင်းစာအချို့မှာ

“ဝက်ထီးသတ်၍ ပူဇော်ခြင်းပြုလုပ်သောအခါ ရောဂါဘိုးများမှ ကင်းလွတ်ပါစေ၊

အသင်၏ ခန္ဓာကိုယ်သည် မိမိတို့ကျန်းမာရေးအတွက်ဖြစ်ပါစေ၊ (၄င်းတို့က “ဖြစ်စေပါ” ဟုဆိုသည်၊)

သားသမီးများ ထွန်းကားပါစေ၊

သီးနှံအများအပြား ဖြစ်ထွန်းပါစေ၊

ရုန်း (Rung) သခင် စိတ်ပြေတော်မူပါ၊

မက် (Met) သခင် စိတ်ပြေတော်မူပါ၊

အခြားအရပ်ဒေသမှ ပြောင်းရွှေ့လာသူ ဧည့်သည်များကို ကြိုဆိုချစ်မြတ်နိုးပေးပါ၊

ပွဲနေ့စဉ် ရက်ဆက်ပြုလုပ်နိုင်ခြင်းဖြင့် မစပေးတော်မူပါ၊

သားစဉ်မြေးဆက် တည်မြဲပြီး ကျန်းမာစွာနေထိုင်ခြင်းသည် အရှင်ဖြစ်တော်မူပါ”

ဟူသော ဆုတောင်းစာများကို နတ်ဆရာက တိုင်ပေးပြီး အခြားသူများက ဝိုင်းဝန်းသီဆိုကြရသည်။

ရုန်းနှင့် မက်သည် ၄င်းတို့ပူဇော်သော နတ်အမည်များဖြစ်ကြလေသည်။

ဘွေသဲကျင်းပနိုင်ရန်အတွက် သတ်ဖြတ်မည့် ဝက်၊ နွား၊ ကြက်စသော တိရစ္ဆာန်များကို စုဆောင်းထားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်ရေအိုးများကို တစ်နှစ်ပတ်လုံး စုဆောင်းထား ရသည်။

ဘွဲ့သေကျင်းပရန်းအတွက် လုံလောက်သောထင်း ရစေရန် တစ်ရွာလုံး ထင်းခွေပြီး၊ တစ်ရွာလုံးထမ်းပိုး စုဆော ပေးထားရသည်။

ဘွေ့သဲကျင်းပပြီဆိုလျှင် ကျင်းပသောအိမ်သို့ (၅) လုံးလုံး တစ်ရွာလုံးက ထမင်းဟင်းများ ချက်ပြုတ်ပို့ပေး သည်။

ဘွေ့သဲကျင်းပသောနေရာသို့ နတ်ဆရာဖိတ်ကြား များ လာခွင့်ရှိသည်။

ထိုပွဲသို့ နီမောင်၊ စောထီး၊ ငမဲအောင်တို့လည်း ဆရာကဖိတ်ကြားသဖြင့် လာခွင့်ရကြလေသည်။

(နောက်မှ သိရသည်မှာ နီမောင်တို့လာခွင့်ရ ဆွယ်လီက သူ့ဖခင်ကိုပြောသဖြင့် ဦးထန်ဖုန်းရှိန်က နတ်ဆ ကို ပြောသဖြင့် ယခုကဲ့သို့ လာခွင့်ရကြခြင်းပင်ဖြစ်ပေသည်)

ထိုပွဲသို့ ရွာခံများရော ရပ်ဝေးရပ်နီးမှာရှိသော ရွာမှ ဖိတ်ကြားထားသူများ လာကြသည်။

ထိုပွဲသို့ဖိတ်ကြားခံရသော လူပျိုအပျိုတို့ ရောက်လာ လေသည်။

လူပျိုအပျိုတို့မှာ ရောင်စုံတောင်ဇလပ်ပန်းများကို သူ့ထက်ငါ အလှချင်းပြိုင်နေကြသည်။

ဆွယ်လီမှာ မျက်နှာပေါ်မှာ ကြောက်စရာကောင်းသေ



မျက်နှာဖုံး တပ်ဆင်ထားသော်လည်း လှပသောအဝတ်အစား တို့ကို လှပစွာဝတ်ဆင်ထားလေသည်။

ထို့ပြင် ပလ္လင်ပျောက်ကုန်း၌ရှိသော အဌားသိုက်မှ ဌား ယူလာသော ငွေထည်လက်ဝတ်ရတနာများကို ဝတ်ဆင်ထား သဖြင့် အခြားမိန်းမပျိုများထက် တမူထူးခြားစွာ လှပနေလေ တော့သည်။

"နီမောင် ဒီညလာတဲ့ မိန်းကလေးတွေထဲမှာတော့ ဆွယ်လီက အလှဆုံးပဲ"

ငမဲအောင်က တိုးတိုးပြောလိုက်သည်။

ထိုအခါ စောထီးက. .

"မိန်းမပျိုဂုဏ်ယောက်ဆိုတာ ကိုယ်ခန္ဓာလှနေရုံနဲ့ မပြီး သေးဘူး၊ မျက်နှာကလည်း ချောမှဖြစ်မှာပေါ့၊ 'လှတစ်မျက်နှာ သဥ္စတစ်ကိုယ်လုံး' ဆိုလား ရှေးလူကြီးတွေစကား ရှိတယ်မဟုတ် ဘူး၊ ဆွယ်လီက ကိုယ်ခန္ဓာလှပေမယ့် မျက်နှာမလှဘူး"

ဟု ပြောသည်။

"ဒါကလည်း ကြောက်စရာကောင်းတဲ့ မျက်နှာဖုံးကြီး တပ်ထားလို့ မချောတာပါ၊ ဒီလောက်လှနေမှတော့ မျက်နှာ လည်းချောမှာပါ"

"မျက်နှာချောနေမှတော့ ကြောက်စရာကောင်းတဲ့ မျက်နှာဖုံးကြီး ဘာကြောင့်တပ်ထားမှာလဲ၊ ဒါထက် နီမောင် ပင်းက သူနဲ့ခင်တော့ သူ့မျက်နှာကို မြင်ဖူးသလား"

စောထီးကမေးသဖြင့် နီမောင်ကခေါင်းခါပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဆက်မမေးကြတော့ပေ။

ဆွယ်လီ ဝတ်ဆင်လာသော ငွေထည်ဖြင့် ပြုလုပ်ထား
သောလက်ဝတ်ရတနာတို့မှာ ရှေးခေတ်လက်ရာဖြင့် ပြုလုပ်ထား
ခြင်းဖြစ်သဖြင့် လှပတင့်တယ်ခြင်းရှိပေရာ လူပျိုအပျိုများသ
မကပဲ အခြားလာရောက်သော ဧည့်သည်များကပါ စိတ်ဝင်စ
ကြလေသည်။

ထိုကဲ့သို့ စိတ်ဝင်စားသော လူများတွင် အခြားရွ
လာရောက်ကြသော ဧည့်သည်အချို့လည်း အပါအဝင်ဖြစ်
သည်။

ထိုအုပ်စုမှာ 'လောင်တလန်ရွာ' မှလာကြသော အ
ပင် ဖြစ်သည်။

ထိုအဖွဲ့ကို ဦးဆောင်လာသူမှာ ဇမုန်းထန်ဖြစ်သည်

ဇမုန်းထန်က လောင်တလန်ရွာ၏ နတ်ဆရာဖြစ်သ

သူနှင့်အတူ သားဖြစ်သူထန်ကုန်း တပည့်ဖြစ်သူ
ပချိုင်နှင့် ဘူနိမ်းတို့ပင် ဖြစ်ကြလေသည်။

"လက်ဝတ်ရတနာတွေဝတ်ထားတာ ရွာလူကြီးဦး
ဖုန်းရှိန်ရဲ့ သမီးမဟုတ်လား"

"ဟုတ်တယ် သူ့နာမည်က ဆွယ်လီလို့ခေါ်တယ်"

"သူက ဘာကြောင့် ပါးရဲမျက်နှာဖုံး တပ်ထားတာ

"မျက်နှာတစ်ခုလုံး မီးလောင်အမာရွတ်တွေရှိလို့
ထားတာလို့ ပြောသံကြားတယ်"

ဗန်တလန်ရွာနှင့် လောင်တလန်ရွာတို့မှာ ကြား



ဆောင်ကြောတစ်ခုသာ ခြားနေသဖြင့် မဝေးလှပေ။

ထို့ကြောင့် တစ်ရွာနှင့်တစ်ရွာ သိကျွမ်းနေကြခြင်းဖြစ်
သည်။

"သူဝတ်ဆင်ထားတဲ့ လက်ဝတ်ရတနာတွေက ရှေး
ဆောင်းလက်ရာ ပစ္စည်းတွေပဲ၊ အတော့်ချမ်းသာပုံရတယ်"

ဇမုန်းထန်စကားကြားသောအခါ ဘူနိမ်းက သူသိသမျှ
င်ပြောပြသည်။

"အဲဒီပစ္စည်းတွေက သူ့ပစ္စည်းတွေ ဟုတ်ပုံမရဘူး၊ ဒီလို
ည်း၊ ဒီလိုလက်ရာမျိုးတွေက အခုခေတ်ကာလမှာ မရှိနိုင်
တော့ဘူး"

"ဒါဖြင့် ဘယ်ကပစ္စည်းတွေလဲ"

"ပလ္လင်ပျောက်ကုန်းမှာရှိတဲ့ ဥစ္စာသိုက်တစ်ခုခုက ငှား
ဝတ်တာဖြစ်မယ်၊ အဲဒီကုန်းမှာ သိုက်တွေ အများကြီးရှိတယ်၊
အဲဒီမှာပစ္စည်းနဲ့ လက်ဝတ်ရတနာတွေ ငှားလို့ရတဲ့ အငှားသိုက်ရှိ
တယ်"

"မင်းက ဘယ်လိုသိတာလဲ"

"ဒီရွာမှာ ငါနဲ့ရင်းနှီးတဲ့သူတွေရှိတယ် သူတို့ပြောလို့သိရ
တာ၊ ဒါပေမယ့် အဲဒီနေရာက ကြမ်းတယ်၊ တစ်ခါတုန်းက ငါနဲ့
အတူသွားတဲ့ ချန်ထန်ဆိုတဲ့လူတစ်ယောက် အဲဒီမှာသေသွားဖူး
တယ်"

ချန်ထန်မှာ သရဲသတ်သဖြင့် သေသွားခဲ့ခြင်းဖြစ်သည်။

"မင်းပြောပုံအရဆိုရင် အဲဒီသိုက်ထဲမှာ လက်ဝတ်ရတ

www.burmeseclassic.com

www.burmeseclassic.com



နာတွေ အများကြီးရှိမှာပေါ့”

ဇမုန်းထန်က ချန်ထန်သေသော အကြောင်းကို စိတ်မဝင်စားဘဲ သူသိလိုသောအကြောင်းကိုသာ မေးမြန်းနေလေသည်။

“ငါတော့ မသိဘူး”

ဇမုန်းထန် စိတ်ထဲမှာတော့ ဆွယ်လီဝတ်ဆင်ထားသော လက်ဝတ်ရတနာများကို စိတ်ဝင်စားစွာ လှမ်းကြည့်နေလေသည်။

မီးရောင်ဖြင့် အရောင်တလက်လက် တောက်ပနေသော ဆွဲပြား၊ ဆွဲကြိုးတို့မှာ စိတ်ဝင်စားစရာ ဖြစ်နေပေတော့သည်။

ညဉ့်ဦးပိုင်းအချိန် ရောက်သောအခါ ဖိတ်ကြားခံထားရသော လူပျို့အပျိုအားလုံး နတ်ဆရာအိမ်သို့ ရောက်လာကြသည်။

၎င်းတို့ကို တစ်နေရာမှာ စုဝေး၍နေစေပြီး အသင့်စီမံထားသော ခေါင်ရေကို တစ်ခွက်စီတိုက်လေသည်။

ထိုသို့ခေါင်ရေတိုက်ခြင်းမှာ ဖိတ်ကြားခြင်းအတွက် အသိအမှတ်ပြုခြင်းလည်း ဖြစ်သည်။

၎င်းတို့ကို တိုက်သောခေါင်ရေမှာ အကောင်းဆုံး၊ အဟောင်းဆုံးနှင့် အချိုဆုံးဖြစ်သော ခေါင်ရေပင်ဖြစ်သည်။ ဘုံတိုင် (To)ဖြင့် စုပ်ယူကာ ကြေးအိုးတွင်ခံထားသော အကောင်းဆုံး ခေါင်ရေပင်ဖြစ်သည်။



လူပျို့အပျိုအားလုံး ခေါင်ရေသောက်ပြီးသောအခါ ပု ဆော်ပွဲ (Fokawhnak) ကို စတင်ကျင်းပကြသည်။

ကြက်ဖတစ်ကောင်ကိုသတ်ပြီး၊ လက်ဆုံနှင့်ကျည်ပွေ့ တစ်ခုကို မှောက်ဘက်၌ထားကာ ကျင်းပသူ၏ ဇနီးဖြစ်သူက ဆန်မှုန့် ဆုပ်၍ စတင်ထောင်းသည်။ ထိုသို့ဆန်မှုန့်ထောင်းသောအချိန်တွင် နတ်ဆရာက ဗုံတီးပြီး ဖိတ်ထားသော အပျိုလူပျို့အဖွဲ့မှ သီချင်းဆိုပေးရသည်။ ထောင်းနေသော ကျည်ပွေ့ ကျသည် ဗုံတီးနေခြင်း၏ စည်းဝါးအကိုက်ဖြစ်အောင် ချိန်းရသည်။

ဗုံတီးနေသူက ကျည်ပွေ့ကျသောအသံကို စည်းဝါးချိန်းသော တိုင်ပင်အဖြစ် အသုံးပြုသည်။

ဆန်မှုန့်ထောင်းနေသော နေရာနံဘေးတွင် ဒေါက်မြင့်ဖြင့် ယက်ထားသော တောင်းငယ် (Khopaih) (၅)ခု ချထားသည်။ ထိုတောင်းငယ်ထဲတွင် ငှက်ပျောဖူး၏ပွင့်ဖပ် (၅)ခုလည်း ချထားလေသည်။ ထိုငှက်ပျောဖပ်ထဲတွင် ဆန်မှုန့်ဆုပ်ကို တစ်ခဲစီ ချထားသည်။

တစ်ညလုံး ခေါင်ရေသောက်လိုက်၊ သီချင်းဆိုလိုက်၊ တီးလိုက်နှင့် ပျော်စရာဖြစ်သည်။ ညဉ့်နက်ပိုင်းအချိန် ရောက်သောအခါ ကိုယ့်အဖွဲ့နှင့်ကိုယ် စကားပြောရင်း နားကြသည်။

ထိုသို့နားသောအချိန်တွင် နီမောင်က ဆွယ်လီကို သွားခေါ်လေသည်။

“ဆွယ်လီ နင်အပြင်သွားရင် တစ်ယောက်တည်းမသွား

www.burmeseclassic.com



နဲ့ အဖော်များများ ခေါ်သွားနော်"

"ဘာဖြစ်လို့လဲ"

"နင်ဝတ်ထားတဲ့ လက်ဝတ်ရတနာတွေကို လူတွေ စိတ်ဝင်စားနေကြတဲ့ပုံပေါ်တယ်"

ထိုစကားကြောင့် ဆွယ်လီက သဘောကျစွာရယ်မေ သည်။

"သူတို့ယူလို့ မရပါဘူး၊ ဘာလဲနင်က ငါ့အတွက်စိုးရိမ် နေလို့လား"

"နင်ပစ္စည်းတွေ ငှားယူလာတုန်းက ငါကသက်သေ နေနဲ့ အာမခံထားပေးခဲ့ရတာလေ တစ်ခုခုဖြစ်သွားရင် ငါ့အပေါ် မှာ အပြစ်ဖြစ်လာမှာပေါ့"

"နင်က ငါတစ်ခုခုဖြစ်မှာထက်၊ နင်အာမခံထားတဲ့ ပစ္စည်းတွေ ပျောက်မှာစိုးလို့ သတိပေးနေတာမဟုတ်လား"

"ဒီလိုတော့ မဟုတ်ပါဘူး"

"စိတ်မချရင် နင်ကိုယ်တိုင် အဖော်လိုက်ခဲ့ပေါ့"

"ဒီလိုတော့ ဘယ်ဖြစ်ပါ့မလဲ၊ တော်ကြာလူတွေ မြင်ရ တစ်မျိုးထင်သွားမှာပေါ့"

"ငါ့လိုရုပ်ဆိုးတဲ့သူနဲ့ အထင်ခံရမှာ စိုးလို့လား"

"မဟုတ်ပါဘူး ဆွယ်လီရယ် ငါကစေတနာနဲ့ သတိပေး တာပါ၊ နင်ကလည်း စကားနာပဲထိုးနေတော့တာပဲ"

ထိုသို့ပြောလိုက်တော့မှ ဘာမှထပ်မပြောတော့ဘဲ ငါ နေရာမှထွက်သွားလေတော့သည်။



နီမောင်က အကြောင်းမဲ့ သတိပေးခြင်းတော့ မဟုတ်ပေ။ ခေါင်ရေသောက်ရင်းဖြင့် သတိထားကြည့်နေရာ ဇမုန်းထန် တို့ အခြေအနေကို အကဲခတ်မိသောကြောင့် သတိပေးခြင်းဖြစ် သည်။

ထိုအခြေအနေကိုတော့ ဆွယ်လီက သဘောမပေါက် ရှာပေ။

နောက်တစ်နေ့မှာတော့ ကျွဲ၊ ဝက်၊ နွားများသတ်ဖြတ် ပြီး တစ်ရွာလုံး အသားများ ဝေငှပေးလေသည်။

ထိုသို့ဝေငှရာမှာ ဘွေ့သဲကျင်းပနိုင်သူများအတွက် တစ်မျိုး၊ မကျင်းပနိုင်သူတို့အတွက်တစ်မျိုး၊ အခြားမှလာသော ဧည့်သည်များဝေရန်အတွက်ကတစ်မျိုး၊ အမျိုးမျိုးခွဲခြားပြီး ဝေ ပေးခြင်းဖြစ်သည်။

ထိုကဲ့သို့ပင်. . ကျင်းပသောနေအိမ်၏ ရှေ့ဘက်တွင် ခေါင်ရေအိုးများချပေးထားသည်။

အလုံးပေါင်း (၄၀- ၅၀) ခန့်ရှိသည်။

ထိုခေါင်ရေအိုးများကိုလည်း သူ့နေရာနှင့်သူ ခွဲခြားချ ပေးထားခြင်းဖြစ်သည်။

ဘွေ့သဲကျင်းပသူများသောက်ရန် ခေါင်ရေအိုးက သီး သန့်ဖြစ်ပြီး၊ အခြားမှလာရောက်သော ဧည့်သည်တို့အတွက်က သီးသန့်ချပေးထားလေသည်။

ညအချိန်ရောက်တော့ ခေါင်ရေသောက်ရင်းနှင့်ပင် သီ ချင်းဆိုပြီး ကကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူပျိုအပျိုများက သပ်သပ်၊ အိမ်ထောင်ရှိသောလူအိုများကသပ်သပ် ကကြခြင်းဖြစ်သည်။

ထိုသို့ကနေရင်းနှင့် . . ဆွယ်လီအနားသို့ လူပျိုတစ်ယောက် ရောက်လာပြီး မိတ်ဆက်လေသည်။

ထိုသူ၏အမည်မှာ ထန်ကုန်းဖြစ်ပြီး အသက်(၂၅)နှစ်အရွယ်ခန့်ရှိလေသည်။ သူက လောင်တလန်ရွာသားဖြစ်ပြီး နတ်ဆရာဇမုန်းထန်၏ တူတော်သည်။

"ဆွယ်လီ ငါနာမည်က ထန်ကုန်းလို့ခေါ်တယ်၊ ငါက လောင်တလန်ရွာက နတ်ဆရာဇမုန်းထန်ရဲ့ တူတော်တယ်"

ထိုသို့ပြောလိုက်သောအခါ ဆွယ်လီက ခေါင်းညိတ်ပြသည်။

"မကြာခင် ငါတို့ရွာမှာ ဘွေသဲကျင်းပဖို့ပြင်နေကြတယ်၊ ပွဲတော်ရက်ကျရင် နင်လာခဲ့ပါလား"

"ဖိတ်ရင်တော့ လာမှာပေါ့"

"ဒါထက် နင်ဝတ်ထားတဲ့ လက်ဝတ်လက်စားတွေက သိပ်ပြီးလှတာပဲနော်၊ ငါဖြင့် တခြားနေရာတွေမှာတစ်ခါမှ မမြင်ဖူး မတွေ့ဖူးသေးဘူး"

ဆွယ်လီက ဘာမှထွေထွေထူးထူး ဆက်မပြောတော့သဖြင့် ထန်ကုန်းလည်း ထိုအကြောင်းကို ဆက်မပြောတော့ပေ။

"ဒါထက် နင်က ပါးရဲမျက်နှာဖုံးဘာကြောင့် တပ်ထားတာလဲ"

"ငါမျက်နှာက အရုပ်ဆိုးလို့ တပ်ထားတာ"



"အရုပ်ဆိုးလည်း ပါးမည်းထိုးလိုက်ရင် ဖြစ်တာပဲ၊ ဒီလို မျက်နှာဖုံးတပ်တာမျိုးတော့ တစ်ခါမှ မမြင်ဖူးသေးဘူး"

ဆွယ်လီက ဘာမှပြန်မပြောသဖြင့် ထန်ကုန်းလည်း ထိုအကြောင်းကို ဆက်မပြောတော့ပေ။

"ငါတို့ရွာမှာ ဘွေသဲကျင်းပရင် ငါ့ဦးလေးနတ်ဆရာကို ငါကိုယ်တိုင်ပြောပြီး ဖိတ်ခိုင်းလိုက်မယ်၊ နင်လာခဲ့နော်"

"ဖိတ်ရင်တော့ လာမှာပေါ့"

ဟုပြောသဖြင့် ထန်ကုန်းလည်း ထိုနေရာမှပြန်ထွက်သွားလေတော့သည်။

(၅)ရက်တိုင်တိုင် နေ့ရောညပါ ကျင်းပလေ့ရှိသော ဘွေသဲကတော့ မပြီးသေးချေ။

www.burmeseclassic.com

www.burmeseclassic.com







# အခန်း ( ၈ )

# ပြဒါးရှင်သိုက်ကျား

ဇမုန်းထန်တို့အဖွဲ့မှာ ဇန်တလန်ရွာမှ ပြန်ခဲ့ကြပြီး မိမိတို့ရွာသို့ ပြန်ရောက်သောအခါ နတ်ဆရာတစ်ဦးဖြစ်သူ ဇာလာဟီးထံသို့ သွားရောက်တွေ့ဆုံလေသည်။

ဇာလာဟီးမှာ အသက်(၆၀)ကျော် အရွယ်ခန့်ရှိပြီး ယခင်ကတော့ ထိုနယ်တကျောမှာ နာမည်ကြီးလှသော နတ်ဆရာ မှော်ဆရာတစ်ဦး ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြုစားတတ်သောပညာတွင် နာမည်ကြီးလှသော
ကြောင့် လောင်တလန်ရွာမှသာမကဘဲ အခြားရွာများ၊ နေရာ
များမှာ နေထိုင်သူများကပင် ကြောက်ရွံ့ကြရပေသည်။

ယခုတော့ သူသည် အသက်အရွယ်ကြီးလာပြီး ဖြစ်သ
ဖြင့် နတ်ဆရာ မလုပ်တော့ပေ။

နတ်ဆရာရာထူးကို သူနှင့်ဆွေမျိုးစပ်တော်သူ ဇမုန်း
ထန်အား လွှဲပေးပြီး မှော်ဆရာအဖြစ်နှင့်သာ နေထိုင်လေသည်။

သူသည် ပြုစားတတ်သော ပညာများသာမကပဲ ဆေး
ဝါးအစီအရင်၊ အင်းအိုင်လက်ဖွဲ့အစီအရင်များ၌လည်း များ
စွာကျွမ်းကျင်သူ ဖြစ်ပေသည်။

သို့ကြောင့်လည်း ဇမုန်းထန်အပါအဝင် တစ်ရွာလုံးက
နတ်ဆရာမဟုတ်တော့သော်လည်း မှော်ဆရာတစ်ဦးအနေဖြင့်
ကြောက်ရွံ့လေးစားနေကြရသည်။

သူနေထိုင်ဖို့ရန် ရွာအစွန်ဘက်တွင် တဲအိမ်ကြီးတစ်လုံး
ဆောက်ပေးထားကြရုံမကဘဲ စားသောက်စရာများကိုလည်း
မပြတ်အောင် ပို့ပေးထားကြသည်။

ရွာအစွန်ဘက်မှာရှိသော တဲကြီးတွင် ဇာလာဟီးတစ်
ယောက်တည်းနေသော်လည်း သူတစ်ယောက်တည်းတော့
မဟုတ်ပေ။

သူကျွေးမွေးထားသော သရဲသဘက်များ ရှိသေးသည်။
ထိုသရဲသဘက်များရှိနေသည်ကို မမြင်ရမတွေ့ရသော်လည်း
ရှိနေမှန်းတော့ တစ်ရွာလုံးက သိကြသည်။ ဇာလာဟီးက ခိုင်းစေ



စရာရှိလျှင် ထိုသရဲသဘက်များကိုသာ စေခိုင်းလေ့ရှိသည်။

သူနေသော တဲကြီးအတွင်းမှာလည်း အစီအရင်ပြုလုပ်
သောပစ္စည်းများ၊ နတ်ရုပ်ထု၊ ဘီလူးရုပ်ထု၊ သရဲရုပ်ထုများအပြင်
တိုက်ဆင်၊ တိုက်ကျား၊ တိုက်နွား၊ တိုက်ကျွဲ၊ တိုက်နဂါးစသော
အရုပ်များ၊ ဂဝံမျက်နှာဖုံး၊ ကဝေသားပိုက် အပါအဝင် . . အစီ
အရင်ဖြင့် ပြုလုပ်ထားသော ရုပ်ထုငယ်များလည်းရှိသည်။

ထို့ပြင် လက်ဖျံရိုးများ၊ လူဦးခေါင်းခွံ၊ တိရစ္ဆာန်တို့၏
ဦးခေါင်းခွံတို့လည်း ရှိသည်။

အခန်းထဲတွင် ကညင်ဆီမီးခွက် ထွန်းထားသည်။ ထို့
ပြင်အခန်းအလယ်တွင် ဖိုထားသော မီးဖိုထဲတွင် နံ့သာနီ၊ ကရ
မက် စသော သဘာဝအလျောက်ခြောက်သွေ့ပြီး သစ်မွှေးဘဝ
ရောက်နေသော သစ်တုံးကြီးများကို မီးစွဲအောင်ပြုလုပ်ထား
သောကြောင့် သင်းပျံ့သောရနံ့များက အခန်းတွင်းမှာ ပြန့်နှံ့နေ
လေတော့သည်။

တစ်နေ့သ၌ ညနေပိုင်းအချိန်လောက်တွင် ဇာလာဟီး
နေသောတဲသို့ ဇမုန်းထန်တို့လေးယောက် ရောက်လာကြလေ
သည်။

၎င်းတို့လေးယောက်မှာ ဇမုန်းထန်၊ သံပချိုင်၊ ထန်ကုန်း
နှင့် တူနိမ်းတို့ပင်ဖြစ်ကြသည်။

"ဘာကိစ္စရှိလို့လဲ ဇမုန်းထန်"

သူတို့တက်လာတာမြင်တော့ ဇာလာဟီးက အသံဩ
ဩကြီးဖြင့် လှမ်းမေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးနဲ့ တိုင်ပင်စရာရှိလို့လာတာပါ"

ဟုပြောသဖြင့် ဇာလာဟီးက သူတို့ကို မီးဖိုနှင့်မနီးမဝေး နေရာ၌ ထိုင်စေသည်။ အခန်းထဲမှာတော့ သင်းပျံ့သော မီးခိုး ငွေ့များကြောင့် မှောင်နေလေသည်။ သူတို့ထိုင်ပြီးတော့ ဇာလာ ဟီးက နောက်လှည့်ပြောသည်။

"ဟဲ့ စံနက်ကျော် ဒီမှာဧည့်သည်တွေသောက်ဖို့ ဖခါးရေ ယူခဲ့လေ ဘာလုပ်နေတာလဲ"

ထိုသို့ပြောသော်လည်း သူ့နောက်မှာတော့ ဘယ်သူမှ မရှိပေ။

ခဏကြာတော့ မီးခိုးငွေ့များထဲမှ ကြီးမားသောလက် ကြီးတစ်ဖက်ထွက်လာပြီး. . . ဖခါးရေထည့်ထားသော အိုးနှင့် သောက်စရာ ဝါးခွက်များ လာချပေးလေသည်။

"ဟဲ့. . တာတေ ဒီမှာ ငါ့ဧည့်သည်တွေရောက်နေတယ် လေ ဆေးတံကိုမီးညှိပြီး ယူလာခဲ့"

ထိုသို့ပြောလိုက်ရာ သူတို့နေထိုင်နေသောနေရာနှင့် မဝေးသောနေရာတွင် ဆေးတံရှည်ကြီးကို တစ်စုံတစ်ယောက် က မီးညှိနေသည်ကို လှမ်းမြင်ကြရသည်။

လူတော့ မမြင်ရပေ။ ခဏကြာတော့ မီးတရဲရဲစွဲနေ သော ဆေးတံရှည်ကြီးကို ဇမုန်းထန်အား လာပေးသဖြင့်. . ကြောက်ကြောက်လန့်လန့်ဖြင့် ယူလိုက်ရလေသည်။

လက်ဖက်ရည်နှင့် ဆေးတံရောက်လာပြီးတော့မှ ဇာ လာဟီးက မေးသည်။



"ဘာကိစ္စရှိလို့လဲ"

"ဟိုဘက်ရွာသွားတုန်းက ကောင်မလေးတစ်ယောက် ဝတ်ထားတဲ့ လက်ဝတ်ရတနာတွေက. . သိုက်ထဲကယူတာလို့ ပြောတယ်ဆရာကြီး"

"ဘယ်သိုက်ကလဲ"

"ပလ္လင်ပျောက်ကုန်းမှာရှိတဲ့ သိုက်ကပဲ၊ အဲဒီလိုယူလာ လို့ရသလား"

"သူတို့ပေးရင်တော့ ရတာပေါ့"

"ကျုပ်တို့လည်း အဲဒီလိုယူချင်တယ်၊ ဆရာကြီးအကူ အညီပေးပါ"

"သိုက်ဆိုတာ ဘယ်သိုက်ပဲဖြစ်ဖြစ်၊ ပရလောကသား တွေစောင့်တာ များတယ်၊ သူတို့စောင့်ရှောက်တဲ့ပစ္စည်းတွေဆို သူတို့သဘောတူမှ ယူခွင့်ရှိတယ်၊ မတူရင်ယူလို့မရဘူး"

"ဟိုဘက်ရွာက ဆွယ်လီဆိုတဲ့ကောင်မလေးကျတော့ ဘာကြောင့်ယူလို့ရတာလဲ"

"သူတို့ချင်း အဆက်အသွယ် တစ်ခုခုရှိကြလို့ဖြစ်မှာ ပေါ့"

"ဆရာကြီးက သရဲသဘက်တွေကိုနိုင်တာပဲ ဆရာကြီး သူပေးလို့ မရဘူးလား"

"ငါက အဲဒါတွေကို စိတ်မဝင်စားဘူး"

ဇာလာဟီးက တိုတိုတုတ်တုတ်ပြောပြီး ဆေးတံရှည်ကို ဖွာနေရာ ဇမုန်းထန်လည်း ဆက်မပြောသာတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



အတော်ကြာတော့မှ ဇာလာဟီးက ဆက်ပြောသည်
"ငါက ရွှေငွေရတနာတွေကို စိတ်မဝင်စားဘူး၊ ရွှေ
ရတနာတွေရလို့လည်း ငါ့အတွက်ဘာမှ မသုံးမဝင်ဘူး၊ ပ
ပျောက်ကုန်းမှာ ငါလိုချင်တာတော့ရှိတယ်"

"ဘာများလည်း ဆရာကြီး"

"ပြဒါးရှင် တိုက်ကျား"

ထိုစကားကြားတော့ သံပချိုင်တို့ပင် စိတ်ဝင်စားသွ
ကြသည်။

BURMESE CLASSIC

"ပြဒါးရှင် တိုက်ကျားဆိုတာ ဘယ်လိုမျိုးလည်းဆ
ကြီး"

"သိဒ္ဓိရှိတဲ့ ပြဒါးနဲ့လုပ်ထားတဲ့ ကျားရုပ်ပေါ့၊ အဲဒီ
ရုပ်သာရရင် တစ်နယ်လုံးဘယ်သူမှ မော့မကြည့်ဝံ့တော့ဘ

"ဒါဖြင့် အဲဒီတိုက်ကျားရဖို့ ဘယ်လိုလုပ်မလဲ ဆရာ

"ရအောင်လုပ်ရမှာပေါ့၊ ပြဒါးရှင်တိုက်ကျားသာ ရ
မင်းတို့လိုချင်တဲ့ ရွှေငွေရတနာတွေကို လိုသလောက်ရအေ
လုပ်ပေးလို့ရတယ်"

"ဒါဖြင့်လည်း အားကိုးပါရစေ ဆရာကြီးရယ်၊ သွာ
သာ ကျုပ်တို့ကိုတပည့်အဖြစ် ခေါ်သွားပေးပါ"

ဟု သံပချိုင်က ပြောလိုက်လေသည်။

"ကောင်းပြီ. . ငါလည်းသွားဖို့တော့ စီစဉ်ပြီးနေပ
နောက်ကလိုက်ပေးမယ့် တပည့်ကောင်းကောင်း မရှိသေ
စောင့်နေတာ၊ အခုမင်းတို့လိုက်မယ်ဆိုရင်တော့ ဟန်ကျပြီ



အပါအဝင် သုံးယောက်ပြည့်အောင်သာ ရှာပြီးခေါ်လာခဲ့"

ဟုပြောလိုက်လေသည်။

ထို့နောက် အခြားအကြောင်းများ ပြောဆိုပြီးနောက်
ပြန်ခဲ့ကြလေသည်။

သံပချိုင်ကတော့ ဆရာကြီးနှင့်အတူတူ လိုက်ခွင့်ရမည်
ဆိုသောကြောင့် တက်ကြွနေလေသည်။

သုံးယောက်ပြည့်အောင် ရှာဖို့ကလည်း မခက်ပေ။ သံ
ချိုင်နှင့် တူနိမ်းတို့အပြင် ထန်ကုန်းကပါ လိုက်ခဲ့မည်ပြောသဖြင့်
သုံးယောက်ပြည့်သွားလေပြီ။

ဇမုန်းထန်ကတော့ ထန်ကုန်းကို မလိုက်စေလိုပေ။

သို့သော် ထန်ကုန်းက ဇွတ်အတင်းလိုက်မည် ပြောနေ
သောကြောင့် ခွင့်ပေးလိုက်ရလေသည်။

နောက်တစ်နေ့မှာတော့ သံပချိုင်၊ တူနိမ်းနှင့် ထန်ကုန်း
တို့သုံးယောက်မှာ ဇာလာဟီးရှိရာသို့ သွားကြလေသည်။

ဇာလာဟီးကလည်း ဆေးဝါးရုပ်တုများထည့်ထားသော
လွယ်အိတ်ဟောင်းကြီးနှင့် တောင်ဝှေးရှည်တစ်ချောင်းကို ပြင်
ဆင်ကာ စောင့်နေလေသည်။

"မင်းတို့သုံးယောက် သတ္တိကောင်းကြတယ် မဟုတ်
လား"

"ဘာပဲဖြစ်ဖြစ် မကြောက်တတ်ပါဘူးဆရာကြီး၊ တော
ခြောက်ရွှာန်တွေတော့ မပြောနဲ့ သရဲသဘက်နဲ့တွေ့ရင်တောင်မှ
ခန်းဖက်လုံးဝံ့ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု သံပချိုင်က လေသံခတ်ကြွားကြွားဖြင့် ပြန်ပြေ
လိုက်လေသည်။

"အေး. . ငါကလည်း အဲဒီလိုသတ္တဝါကောင်းတဲ့တ
မျိုးတွေရှာနေတာ ကြာပြီ အခုမှပဲ ဟန်ကျပေတော့တယ်"

ဟုပြောဆိုကာ လေးယောက်သား ပလ္လင်ပျောက်
ရှိရာဘက်သို့ ခရီးထွက်ခဲ့ကြလေသည်။

လမ်းတစ်နေရာရောက်တော့ သံပချိုင်ကမေးသည်

"ဆရာကြီး အခုလိုအရေးကြီးတဲ့ ခရီးထွက်တော့
ထားတဲ့ သရဲတွေ မခေါ်ခဲ့ဘူးလား"

"ဘယ်နေပါ့မလဲ သူတို့လည်း အရေးကိစ္စရှိရင်သုံး
သုံးရအောင် ခေါ်ခဲ့တာပေါ့"

ဟု ပြန်ပြောပြလေသည်။

သို့ကြောင့် နောက်သို့လှည့်ကြည့်တော့လည်း
မတွေ့ကြရပေ။

ဤသို့ဖြင့် စကားတပြောပြောနှင့် သွားကြရာ မွန်း
ပိုင်းအချိန် ကျော်သောအခါ တောခြေသို့ ဝင်သွားကြလေသ

ယခုသူတို့ရောက်လာသောနေရာမှာ ပလ္လင်ပျော
ကုန်းရှိသောနေရာ၏ နယ်နိမိတ်အစပ်ပင်ဖြစ်သည်။

ထိုနေရာရောက်သည်နှင့်ပင် ထူးခြားမှုနှင့် စတင်
ကြရတော့သည်။ အခြားမဟုတ်ပေ။

သူတို့ရောက်နေသောနေရာနှင့် မနီးမဝေး
လောက်တွင် ဆူဆူညံညံအသံများ ပေါ်ထွက်လာသည်။



တစ်ယောက်နှင့်တစ်ယောက်၊ တစ်ဦးနှင့်တစ်ဦး ရိုက်
က်သံ၊ လုံးထွေးသတ်ပုတ်နေသောအသံ၊ မာန်ဖီသံ၊ ကြိမ်းဝါး
များကို မသဲမကွဲကြားကြရသည်။

အသံကြားရာဘက်သို့ လှမ်းကြည့်လိုက်သောအခါ အ
ာင်အထည် မမြင်ရ၊ မတွေ့ရသော်လည်း တစ်ဦးနှင့်တစ်ဦး
က်နှက်နေခြင်း၊ လုံးထွေးသတ်ပုတ်နေခြင်းကြောင့် သစ်ပင်နှင့်
များ လှုပ်ယမ်းမှုနသည်ကိုတော့ လှမ်းမြင်နေကြရလေသည်။

"ဆရာကြီး ဟိုနေရာမှာ ဘာတွေဖြစ်နေတာလဲ"

"ငါခေါ်လာတဲ့ သရဲတွေနဲ့ ဒီတောမှာရှိနေတဲ့ သရဲတွေ
တွေ့ပြီး ရိုက်နှက်နေကြတာလေ"

ဇာလာဟီးက အေးအေးဆေးဆေးပင် ပြောလိုက်
သည်။

"ဆရာကြီးက ဆေးဝါးတွေနဲ့ ဝင်တားလို့မရဘူးလား"

"ရပေမယ့် ငါနဲ့မဆိုင်ဘူး၊ သူတို့ချင်း ရှင်းကြလိမ့်မယ်"

ခဏကြာတော့ ရိုက်နှက်နေသံများ ရပ်သွားပြီး၊ အော်
စ်လျှက် ထွက်ပြေးသွားသောအသံများကို အတိုင်းသားကြား
ကြရလေသည်။

ပြီးမှ ပြန်ငြိမ်သွားသည်။

ထိုအခါ ဆရာကြီးက လှမ်းမေးလိုက်သည်။

"တာတေနဲ့ စံနက်ကျော် မဟုတ်လား"

"----"

"မင်းတို့နိုင်တယ် မဟုတ်လား"

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"-----"

"အေး. . ပြီးရော၊ ရှေ့ရောက်ရင်လည်း အတားအဆီး [illegible]
တွေ တွေ့ချင်တွေ့ရနိုင်တယ်၊ နိုင်အောင်သာ ချပေတော့. . ငါ [illegible]
တပည့်တို့"

ဟုပြောဆိုနေသံကို ကြားကြရလေသည်။

ထိုနေရာမှ ရှေ့ဆက်သွားသောအခါ ပလ္လင်ပျက်ကုန်း [illegible]
နေရာ ရောက်သွားသောအခါ နောက်ထပ်ရိုက်ပုတ်သံများ [illegible]
ထပ်ကြားရပြန်လေသည်။

ဒီတစ်ကြိမ်ကြားရသောအသံက အတော်ပင်ကြမ်းလေ [illegible]
သည်။

ခဏကြာတော့ အော်ဟစ်ပြေးသံများ ကြားရလေ [illegible]
သည်။ ဒီတစ်ခါတော့ ဇလာဟီးကိုယ်တိုင် အသံတိတ်သွား [illegible]
သည်။

"သတိထားကြဟေ့ ဒီနေရာမှာရှိတဲ့ အကောင်တွေ [illegible]
ပိုကြမ်းတယ်၊ တာတေနဲ့စံနက်ကျော်တို့တောင် သူတို့လက်ချက် [illegible]
မခံနိုင်လို့ ပြန်ပြေးကုန်ကြပြီ"

ဟု လေသံခတ်တိုးတိုးဖြင့် ပြောလေသည်။

သူနှင့်ပါလာသော လူသုံးယောက်မှာ သရဲနှစ်ကောင် [illegible]
ထွက်ပြေးသွားသည်ကိုတော့ မမြင်လိုက်ကြရပေ။

သို့သော်လည်း ၎င်းတို့နှင့်အတူပါလာသော သရဲနှ [illegible]
ကောင်အရေးနိမ့်ပြီး နောက်ကြောင်းပြန်ပြေးရသည်ဟု ကြား [illegible]
သောအခါမှာတော့ စိတ်အားငယ်သလို ဖြစ်သွားကြသည်။



"ဆရာကြီးမွေးထားတဲ့ သရဲနှစ်ကောင်တောင် ပြန်ပြေး
[illegible]ာယ်ဆိုတော့ ရှေ့ဆက်သွားလို့ ဟန်ပါမလား ဆရာကြီး"
ဟု သံပချိုင့်က မေးလိုက်သည်။

"စိတ်မပူပါနဲ့ကွာ သရဲအချင်းချင်းသာ လုပ်ဝံ့ကြတာပါ၊
[illegible]တို့နားတောင် မကပ်နိုင်ပါဘူး"

ဟုပြောဆိုကာ. . သူသွားလိုသော ပလ္လင်ပျက်ရှိရာသို့
[illegible]ွားလေသည်။

သူသွားသောနေရာမှာ အရှေ့ဘက် တောင်ကုန်းတစ်ခု
[illegible]မှာရှိသော 'ကျားသိုက်' ရှိသောနေရာပင်ဖြစ်သည်။

ထိုနေရာတွင် ပျက်နေသောပလ္လင်တစ်လုံးရှိပြီး ပလ္လင်ရှိ
[illegible]သာနေရာနှင့် မနီးမဝေးတွင်ကျောက်ဖြင့် ထုလုပ်ထားသော
[illegible]ားရုပ်တစ်ရုပ်ရှိသည်။

ကျားရုပ်မှာ လက်ရာမြောက်စွာ ထုလုပ်ထားသော
[illegible]ကြောင့် တကယ့်သက်ရှိကျားတစ်ကောင် ဝပ်နေသကဲ့သို့ ထင်ရ
[illegible]သသည်။

နှစ်ပရိစ္ဆေဒကြာမြင့်ပြီဖြစ်သောကြောင့် ဆေးရောင်များ
[illegible]တော့ဘဲ တစ်ကောင်လုံး အမည်းရောင်များ ဖုံးနေလေသည်။

"ဒီနေရာက ကျားသိုက်ရှိတဲ့နေရာပဲ၊ သိုက်ထဲမှာ ပြဒါး
[illegible]နဲ့ စီရင်ပြုလုပ်ထားတဲ့ သိုက်ကျားရှိတယ်၊ အဲဒီသိုက်ကျားကို
[illegible] မိအောင်ဖမ်းနိုင်ရင် မင်းတို့လိုချင်တဲ့ ရွှေငွေရတနာတွေ
[illegible]သလောက်ရစေမယ်"

"ဆရာကြီး ဖမ်းနိုင်ပါ့မလား"

www.burmeseclassic.com



"ကြိုးစားရမှာပေါ့ကွယ်၊ အရေးကြီးတာက မင်းတို့သုံးယောက် သတ္တိရှိဖို့၊ သစ္စာရှိဖို့လိုတယ်၊ စည်းမပေါက်အောင် ဂရုစိုက်ကြရမယ်"

"စိတ်ချပါ ဆရာကြီး"

ထိုသို့ပြောပြီးနောက် ဝါးဖြင့် တိုင်လေးတိုင်စိုက်ကာ အစီအရင်ပြုလုပ်ထားသော ကြိုးများဖြင့် ကာရံထားလိုက်သည်။

"ဘယ်လိုအကြောင်းနဲ့မှ ဒီစည်းအပြင်ဘက်ကို မထွက်ကြနဲ့"

ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက်တွင် ရုပ်တုလေးခုကို ထောင့်လေးထောင့်တွင်ချပြီးနောက်၊ အင်းချထားသော ကြေးပြားကိုချကာ ထိုအပေါ်တွင် ဆီမီးခွက်တင်ကာ မီးထွန်းလိုက်သည်။

အင်းချပ်ပေါ်သို့ မီးထွန်းလိုက်သည်နှင့် မဲ့ရေးမှောင်မှာပင် ပလ္လင်ပျက်နံဘေးမှာဝပ်နေသည့် ကျားရုပ်ကြီး၏ မျက်လုံးနှစ်လုံးမှာ အရောင်လက်လာလေသည်။

တောထဲမှ ကျားဟိန်းသံကြီးများလည်း ပေါ်ထွက်လာသည်။

အသံကြားရာဘက်သို့ လှမ်းကြည့်နေစဉ်မှာ ချုံတောထဲမှ ကြီးမားသော ကိုးတောင်ကျားကြီးတစ်ကောင် ခုန်ထွက်လာသည်ကို လှမ်းမြင်ကြရသည်။

ကျားက အတော်ကြီးသည်။

ထိုမျှလောက်ကြီးသော ကျားကိုမြင်သောအခါ သံပချိုင်



တို့သုံးယောက်မှာ မျက်လုံးပြူးသွားကြသည်။

ကျားကြီးက သူတို့ကိုမြင်သောအခါ ကျယ်လောင်စွာ တစ်ချက်ဟိန်းလိုက်ပြီး ပြေးလာလေသည်။ အနားရောက်သည်နှင့် လွှားခနဲ ခုန်ဝင်လာလေတော့သည်။ သံပချိုင်တို့မှာတော့ များစွာကြောက်ရွံ့နေသောကြောင့် မျက်စိမှိတ်ထားလိုက်ကြသည်။

ခုန်ဝင်လာသော ကျားကြီးမှာ စည်းတားထားသော ကြိုးပေါ်ရောက်သည်နှင့် ဖျပ်ခနဲ ပျောက်သွားတော့သည်။

ထိုအခါမှ မျက်လုံးပြန်ဖွင့်ကြည့်ဝံ့ကြသည်။

ဘာမှမတွေ့ရတော့ပေ။

ကျားကို မတွေ့ရတော့မှ သက်ပြင်းရယ်ကိုယ်စီချနိုင်ကြပြီး ဇာလာဟီးအပေါ်မှာလည်း အထင်ကြီးသွားကြလေသည်။

ဇာလာဟီးကတော့ မီးထွန်းထားသော အင်းချပ်ပေါ်သို့ ဆေးမှုန့်များ ဖြူးချလိုက်၊ ဂါထာမန္တာန်များ ရွတ်ဆိုလိုက်နှင့် သူ့အလုပ်သူ လုပ်နေလေသည်။

ထိုသို့ပြုလုပ်နေစဉ် ခဏကြာတော့ ကျယ်လောင်သော ကျားဟိန်းသံကြီး ထပ်ကြားရပြန်သည်။

ကြည့်လိုက်တော့. . ပလ္လင်ပျက်ရှိသောနေရာ နောက်ဘက်မှ ကျားတစ်ကောင်ထပ် ထွက်လာပြန်သည်။

စောစောက ကျားလောက်တော့ အရွယ်အစားကြီးလှပေ။

ထိုကျားကလည်း တစ်ချက်ဟိန်းလိုက်ပြီး ပြေးလာပြန်

www.burmeseclassic.com



သည်။ အနားရောက်တော့ ခုန်အုပ်ပြန်လေရာ. . စည်းပေါ် ရောက်တော့ ဖျပ်ခနဲ ပျောက်သွားပြန်လေသည်။

ထိုအခြေအနေကို မြင်တော့မှ သံပချိုင်တို့လည်း များစွာအားတက်လာကြလေသည်။

ဇာလာဟီးကတော့ ဘာမှဂရုမစိုက်ဘဲ သူ့အလုပ်ကိုသာ ဆက်လုပ်နေလေသည်။

ပလ္လင်နောက်မှထွက်လာသော ကျားကလည်း တစ်ကောင်ပျောက်သွားလျှင် နောက်တစ်ကောင်ပေါ်လာပြီး ခုန်အုပ်ကြလေသည်။

ထိုသို့အုပ်ရာမှ တစ်ကြိမ်နှင့်တစ်ကြိမ် အကောင်အရွယ်အစားချင်းက ကွာသွားသည်။

တဖြည်းဖြည်းနှင့် အကောင်အရွယ်အစား သေးသေးသွားခြင်းဖြစ်သည်။

ပထမဆုံးမြင်ရသည်က ကိုးတောင်ကျား။

နောက်တစ်ခါရောက်လာသည်က ရှစ်တောင်၊ နောက်တစ်ခါ ရောက်လာတော့ ခုနစ်တောင်. . . စသည်ဖြင့် တဖြည်းဖြည်းနှင့် ညနေစောင်းအချိန်ရောက်သောအခါမှာတော့ အရွယ်အစားက အိမ်မွေးကြောင်တစ်ကောင်လောက်သာ အရွယ်အစားကျန်တော့သည်။ ဇာလာဟီးကတော့ ၄င်းအကြံအစည် အောင်မြင်တော့မည်မို့ များစွာတက်ကြွနေသည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် ညနေပိုင်းအချိန်သို့ ရောက်လာချေပြီ။



နေရောင်ခြည်မရှိသောကြောင့် သစ်ပင်ရိပ်များဖြင့် အမှောင်ရိပ်များ ဖုံးလွှမ်းလာလေသည်။ ပြဒါးရှင်ဖြင့် စီရင်ထားသော သိုက်ကျားကလည်း တစ်ကောင်ပျောက်သွားပြီး နောက်တစ်ကောင်ထွက်လာပြီး ခုန်အုပ်နေရင်းမှပင် တဖြည်းဖြည်းသေးသွားရာ. . နောက်ဆုံးအချိန်မှာတော့ မီးထွန်းထားသော အင်းချပ်ထဲသို့ ဂျောက်ခနဲကျသံ ကြားလိုက်ရသည်။

ကြည့်လိုက်တော့ အင်းချပ်ပေါ်တွင် အရောင်တလက်လက် တောက်ပနေသော ကျားရုပ်ကလေးတစ်ရုပ် ကျနေသည်ကို လှမ်းမြင်ကြရသည်။

"အောင်ပြီကွ"

ဇာလာဟီးက ရေရွတ်လိုက်စဉ် သူတို့ပတ်ဝန်းကျင်မှ ဆူဆူညံညံအသံများ ပေါ်ထွက်လာသဖြင့် လှမ်းကြည့်လိုက်သောအခါ ကြောက်စရာကောင်းသော သတ္တဝါကြီးများ ထွက်လာသည်ကို မြင်တွေ့ရသည်။

သရဲသဘက်များတော့ မဟုတ်ပေ။

ဂဠုန်နှင့်တူသော သတ္တဝါ၊ ခြင်္သေ့နှင့်တူသော သတ္တဝါ၊ နဂါးနှင့်တူသော သတ္တဝါတို့အပြင် ဆင်၊ ဟိုင်းဆင်၊ မိကျောင်း၊ မြွေပေါင်းမြောက်များစွာတို့ နေရာအနှံ့မှ ထွက်လာသည်ကို မြင်တွေ့သောအခါ ဇာလာဟီးနောက်ဘက်မှာ ကပ်နေသော သံပချိုင်တို့သုံးယောက်မှာ ကြောက်ကြောက်လန့်လန့်ဖြင့် နေရာမှ ထပြေးကြလေတော့သည်။

"ဟေ့. . မပြေးနဲ့၊ မပြေးကြနဲ့၊ ပြေးရင်မင်းတို့သေလိမ့်

www.burmeseclassic.com

www.burmeseclassic.com



မယ်"

ဟုဇာလာဟီးက လှမ်းအော်သော်လည်း မရတော့ပေ။ စည်းပေါက်သွားခဲ့ပေပြီ။ အင်းချပ်ပေါ်မှာကျနေသော ပြဒါးရှင် သိုက်ကျားရုပ်လည်း ပျောက်သွားလေပြီ။

စည်းပေါက်သွားပြီဖြစ်သောကြောင့် ဇာလာဟီးကိုယ် တိုင်ဆက်မနေဝံ့တော့ဘဲ ခြေဦးတည့်ရာ ပြေးရလေတော့သည်။

ထိုအချိန်မှာ ကျားဟိန်းသံကြီး ပေါ်ထွက်လာပြီးနောက် ချုံတောထဲမှ ကိုးတောင်ကျားကြီးတစ်ကောင် လွှားခနဲခုန် ထွက်လာပြီးနောက် ဘူနိမ်းကို လည်ဂုတ်မှ ကိုက်ချီသွားလေ တော့သည်။

ထိုသို့ချီသွားပြီးနောက်မှာတော့ ကြောက်စရာကောင်း သော တိရစ္ဆာန်ကြီးများလည်း ပျောက်ကွယ်သွားလေတော့ သည်။





# အခန်း ( ၉ )

# စောမာလာနှင့် ရစ်နွယ်လာသော ပြဿနာ

နီမောင်၊ စောထီး၊ ငမဲအောင်တို့သုံးယောက် တော မှောက်နေကြသည်။ တောချောက်ခံနေရသည်။

သူတို့ရောက်နေသောနေရာမှာ ပလ္လင်ပျက်ကုန်းနှင့် အနီးတစ်ဝိုက်မှာရှိသော တောနက်ထဲမှာ ဖြစ်လေသည်။

ထိုတောမှာ သူတို့တစ်ကြိမ်တစ်ခါက်မှ မရောက်ဖူး သောနေရာမျိုးတော့ မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



တောထဲသို့ အမဲလိုက်ထွက်ကြသောအခါ ထိုနေရာသို့ ရောက်ခဲ့ကြဖူးပေသည်။

ထို့ပြင် သုံးယောက်စလုံး တောနှင့် စိမ်းသူများလည်း မဟုတ်ကြပေ။ သစ်တောနှင့်ပတ်သက်လျှင်သော်လည်းကောင်း တောကောင်များ၏ သဘောသဘာဝနှင့်သော်လည်းကောင်း တောတောင်မာယာနှင့် ပတ်သက်သည့် လျှို့ဝှက်ချက်များကို သော်လည်းကောင်း သိကြ၊ နားလည်ကြသူများ ဖြစ်ကြသည်။

ယခုတော့ ပလ္လင်ပျက်ကုန်း ရှိသောနေရာတစ်ဝိုက်မှာ တောမှောက်နေကြသည်။ တောမှောက်သည်ဆိုခြင်းမှာ တစ်နေရာတည်းသို့ မကြာခဏပြန်ရောက်နေပြီး လမ်းပျောက်နေခြင်း ဖြစ်သည်။

သို့ကြောင့်. . သုံးယောက်သား သစ်ပင်ကြီးတစ်ပင် အောက်မှာ ဝင်နားရင်း တိုင်ပင်နေကြလေသည်။

"နီမောင် ငါတို့တောမှောက်နေပြီထင်တယ်၊ ဒီပလ္လင်ပျက်ကုန်းရှိတဲ့နေရာကိုပဲ မကြာခဏရောက်နေတယ်"

ငမဲအောင်က ပတ်ဝန်းကျင်ကိုကြည့်ရင်း ပြောသည်။

"ဟုတ်မယ်ထင်တယ်"

"ငါတို့ အမှားအယွင်းတစ်ခုခု ရှိနေလို့လား"

စောထီးစကားကြောင့် နီမောင်က မျက်မှောင်ကျုံ့ပြီး စဉ်းစားကြည့်သည်။

သူသတိထားမိသလောက်တော့ အိမ်မှထွက်လာသည်မှစပြီး တောထဲရောက်သည်အထိ အမှားအယွင်းမရှိသေးပေ။



တောနက်သောနေရာများ၊ တောကြီးသောနေရာများရောက်လျှင် အမှားအယွင်းမလုပ်မိဖို့ သတိကြီးစွာထားကြရသည်။

တောကြီးသောနေရာများတွင် သူ့နေရာနှင့် သူ့စည်းကမ်းများ ရှိသည်။ ဥပမာ ကြမ်းတမ်းသောစကား မပြောရသော နေရာတွင် ပြောဆိုမိပါက အန္တရာယ်နှင့်တွေ့မည်။

မဟာမြိုင်တောကဲ့သို့ ဘုရားစာ၊ တရားစာရွတ်ဆိုလျှင် မနှစ်သက်သောနေရာများ၌ ရွတ်ဆိုမိလျှင် အန္တရာယ်နှင့်တွေ့နိုင်သည်။

သို့ကြောင့် တောနက်သောနေရာ၊ တောကြီးသောနေရာများ ဝင်တော့မည်ဆိုလျှင် ထိုတော ထိုနေရာနှင့်ပတ်သက်သော ဓလေ့စည်းကမ်းများကို သိအောင်လေ့လာပြီးမှ ဝင်ကြရသည်။ အမှားအယွင်းပြုလုပ်မိပါက အသက်ပေးကြရသည်။

ပလ္လင်ပျက်ကုန်း ရှိသောနေရာတစ်ဝိုက်မှာလည်း တောကြမ်းသောနေရာမျိုးဖြစ်သည်။

သူ့ဓလေ့နှင့် သူ့စည်းကမ်းများရှိသည်။

နီမောင်တို့အနေဖြင့် ထိုနေရာသို့ ရောက်ဖူးသွားဖူးသဖြင့် ထိုနေရာနှင့်ပတ်သက်သည့် ဓလေ့ထုံးစံများကို သိသင့်သလောက် သိထားကြသည်။

သူစဉ်းစားမိသလောက်တော့. . အမှားအယွင်းဘာမှ မလုပ်မိသေးပေ။

"ဘာမှမလုပ်မိပါဘူး"

"ဒါဖြင့် ဘာကြောင့်တောမှောက်နေတာလဲ၊ ငါသတိ

www.burmeseclassic.com

www.burmeseclassic.com

ထားမိသလောက်တော့ ဒီပလ္လင်ပျက်ကုန်းနေရာကို ပြန်ရောက်နေတာ သုံးခေါက်ထက်မနည်းတော့ဘူး"

"ငါတို့ တောမှောက်တာမဟုတ်ရင် စပါးကြီးညို့တာများ ခံနေရသလား"

"စပါးကြီးညို့လည်း သုံးယောက်စလုံးတော့ ဘယ်လို ညို့မှာလဲဟ"

စောထီးကပြောသဖြင့် ငမဲအောင်လည်း ထပ်မပြော တော့ပေ။ အချိန်က နေ့လည်ပိုင်းအချိန် ရောက်နေသော်လည်း အလင်းရောင်သိပ်မရှိတော့ပေ။

နေရောင်မရှိသည်ကတစ်ကြောင်း၊ တောရိပ်များက အုပ်မိုးနေသောကြောင့် တောခြေတစ်ဝိုက် မှောင်နေလေပြီ။

ဒီအတိုင်းသာ မျက်စိမှောက်နေလျှင်တော့ သားကောင် မရဘဲ တောထဲမှာ ညအိပ်ကြရပေတော့မည်။

သို့ကြောင့် နီမောင်က အတော်ကြာအောင် စဉ်းစားပြီးမှ ပြောလိုက်သည်။

"ငါတို့သုံးယောက် အတူတူသွားနေတာနဲ့စာရင် တစ်ယောက်တစ်နေရာစီခွဲပြီး ထွက်ပေါက်ရှာရင် ပိုကောင်းမယ်ထင်တယ်၊ လမ်းတွေ့တာနဲ့ အူပြီး အချက်ပေးလိုက်ကြပေါ့"

"အင်း. . ဒါလည်းကောင်းတာပဲ၊ ဒါမှ ထွက်လမ်းတွေ့မယ်"

ဟုပြောကာ သုံးယောက်သား လမ်းခွဲလိုက်ကြလေသည်။





သုံးယောက်စလုံး လက်နက်လေးများအစုံအလင် ပါကြသည်။

တောကောင်နှင့် ရင်ဆိုင်တွေ့လျှင်ပင် ယှဉ်ပြိုင်တိုက်ခိုက်နိုင်သူများဖြစ်သဖြင့် ယခုကဲ့သို့ တစ်ယောက်တစ်နေရာစီ ထွက်လာဝံ့ကြခြင်းဖြစ်၏။

နီမောင်ကတော့ လေးနှင့်မြားဗူးကို ကျောမှာလွယ်ထားပြီး လက်ထဲမှာတော့ အသွားထက်လှသော ကပ်ပါးတစ်လက်ကို ကိုင်ထားလေသည်။

သူသည် သတိကြီးစွာထားရင်း တစ်နေရာပြီးတစ်နေရာ ရှာနေရင်းမှ ပလ္လင်ပျက်ကုန်းသို့ ရောက်လာလေသည်။

ဒါကလည်း ပလ္လင်ပျက်ကြီးများနှင့် ထိုနေရာတစ်ဝိုက်၌ရှိသောရုပ်တုကြီးများကို တွေ့တော့မှ သတိပြုမိခြင်း ဖြစ်လေသည်။

"ငါပလ္လင်ပျက်ကုန်း ပြန်ရောက်နေတာပါလား၊ ဒီနေရာက ဆွယ်လီနဲ့ပစ္စည်းငှားဖို့ လာတဲ့နေရာပဲ"

ပလ္လင်ပျက်ကြီးတစ်ခုနှင့် ထိုနေရာမှာရှိသော ဂဠုန်ရုပ်ကြီးကိုတွေ့တော့မှ သတိရလာခြင်းဖြစ်သည်။ ထိုကဲ့သို့ဇဝေဇဝါ စဉ်းစားနေစဉ် ခြေသံလိုလိုကြားရပြီး ဂဠုန်ရုပ်ကြီးအနောက်ဘက်မှ အမျိုးသမီးတစ်ယောက် ထွက်လာသည်ကို လှမ်းမြင်ရသည်။

ထိုအမျိုးသမီးကို ကောင်းစွာမှတ်မိပေသည်။ ဆွယ်လီအား လက်ဝတ်ရတနာများ ငှားပေးလိုက်သော အမျိုးသမီးပင်


www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သူမက အနားရောက်အောင် လျှောက်လာပြီး ပြ
သည်။

"ကျွန်မကိုမြင်တော့ သိပ်ပြီးအံ့သြနေတာလား၊ ကျွ
က ဒီနေရာမှာပဲ နေတာပါ၊ ကျွန်မနာမည်က စောမာလာ
ခေါ်ပါတယ်"

"ကျွန်တော့်နာမည်က နီမောင်ပါ၊ ကျွန်တော်ဒီနေရာ
ဆွယ်လီနဲ့ တစ်ခေါက်လာခဲ့ဖူးတယ်"

"ကိုနီမောင်ကို ကျွန်မသိပါတယ်၊ ဆွယ်လီပစ္စည်း
လာငှားတော့ သက်သေခံပေးခဲ့တာလေ"

"ဟုတ်ပါတယ်. . ဒါ. . ဒါထက် သူပစ္စည်းတွေ ပြ
ပေးပြီးပြီလား"

"မပို့ရသေးဘူး၊ သူငှားသွားတဲ့ပစ္စည်းတွေထဲက တ
ပျောက်သွားလို့ လာမပို့နိုင်သေးတာပါ"

"ဟင်. ."

ထိုစကားကြားသောအခါ နီမောင်စိတ်ထဲမှာ ပူလာ
လေသည်။ ပစ္စည်းများ လာရောက်ငှားစဉ်က သူ့အနေဖြင့် သ
သေအနေဖြင့် ကတိပေးခဲ့ရသည်။

ယခုငှားသွားသော ပစ္စည်းအချို့ ပျောက်သွားသည်
တော့ ပစ္စည်းငှားယူသွားသူမှာ တာဝန်ရှိသလို ကြားထဲမှအာ
ပေးသူမှာလည်း တာဝန်မကင်းပေ။

"ပစ္စည်းတွေ ပျောက်တယ်ဆိုတာကို ဘယ်လိုသိသ
ဟင်"



"ပျောက်သွားကတည်းက ကျွန်မသိပါတယ်၊ မသမာသူ
တွေက လုယက်ယူသွားကြတာပါ"

ထိုအကြောင်းကို သူ မသိသေးပေ၊ ယခုပြောပြမှ သိရ
ခြင်းဖြစ်ပေသည်။

"ဒါဖြင့် ဘယ်လိုလုပ်ရမလဲဟင်"

"အဲဒီပစ္စည်းတွေကို ကျွန်မငှားလိုက်တယ် ဆိုပေမယ့်
ကျွန်မကလည်းပိုင်ဆိုင်သူ မဟုတ်ပါဘူး၊ စောင့်ရှောက်ပေးနေ
တဲ့သူပဲ ဖြစ်ပါတယ်၊ ဒါကြောင့်ဒီပစ္စည်းတွေကို ပြန်ရအောင်
ယ်ပေးရပါမယ်"

"တကယ်လို့ မရခဲ့ရင် ဘယ်လိုဖြစ်မလဲဟင်"

"ငှားတဲ့သူရော အာမခံတဲ့သူပါ လျော်ပေးရမှာပါ"

ထိုစကားကြောင့် မျက်လုံးပြူးသွားလေသည်။

တန်ဖိုးရှိသော ထိုပစ္စည်းမျိုး သူတို့မှာမရှိပေ။ အကယ်
၍ ဝယ်ချင်ရင်တောင်မှ ဝယ်၍ရမည်မဟုတ်ပေ။

"မလျော်နိုင်ခဲ့ရင် ဘယ်လိုလုပ်မလဲဟင်"

"ဆွယ်လီပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် ရှင်ပဲဖြစ်ဖြစ်သိုက်ထဲမှာ
အနေပေးကြရမယ်"

ကြောက်စရာကောင်းသော စကားမျိုးဖြစ်သည်။

ထိုအခြေအနေက အပျက်အပျက်နှင့် နှာခေါင်းသွေး
ထွက်ရမည့် အခြေအနေမျိုးဖြစ်သည်။

"ဒီကိစ္စက ကိုနီမောင်မှာလည်း တာဝန်ရှိနေတာဆို
တော့ ပြန်ရအောင် ရှင်ကြိုးစားပေးရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေသည်။

"ကောင်းပါပြီ. . . ဆွယ်လီနဲ့တွေ့ပြီးတော့ အကျိုးအ
ကြောင်းမေးပြီး ငှားသွားတဲ့ ရတနာပစ္စည်းတွေ ပြန်ရအော
ကြိုးစားပေးပါ့မယ်"

ထိုသို့ပြောသောအခါ ထိုအမျိုးသမီးက ကျေနပ်သော
အမူအရာဖြင့် ခေါင်းတစ်ချက်ညိတ်ပြလေသည်။

"ကောင်းပါပြီ. . ရှင်တို့ တောမှောက်နေကြတာ မဟုတ
လား"

"ဟုတ်. . ဟုတ်ပါတယ်"

"တောမှောက်နေကြတာ မဟုတ်ပါဘူး၊ ရှင်နဲ့တွေ့ချ
လို့ ကျွန်မလုပ်ထားတာပါ၊ ကျွန်မလက်ညှိုးထိုးပြတဲ့လမ်းအတိုင်း
သွားရင် ရှင့်အဖော်နှစ်ယောက်နဲ့တွေ့ပြီး ပြန်တဲ့လမ်းကို ရော
ပါလိမ့်မယ်"

ဟုပြောပြီး တစ်နေရာသို့ လက်ညှိုးထိုးပြလိုက်သည်
"ကျေး. . ကျေးဇူးတင်ပါတယ်ဗျာ"

ဟုပြောကာ သူမညွှန်ပြပေးသောလမ်းအတိုင်း ပြ
ထွက်လာလေသည်။

အချိန်က ညနေပိုင်းသို့ ရောက်နေချေပြီ။ တော
မှာ အလင်းရောင်ပျောက်ပြီး အအေးဓါတ်များဝင်စ ပြုလာ
ပြီ။ နီမောင့်ရင်ထဲမှာတော့ ပူလောင်နေသည်။

ဘွေသဲပြီးကတည်းက ဆွယ်လီနှင့်မတွေ့ရသေး
သို့ကြောင့် အကျိုးအကြောင်းလည်း ဘာမှမသိရသေးပေ



ပြောရလျှင်တော့ ကိုယ့်အလုပ်နှင့်ကိုယ် လုပ်ကိုင်နေကြ
သဖြင့် ထိုလက်ဝတ်ရတနာများအကြောင်းကိုပင် သတိမရပေ။
ယခု စောမာလာဆိုသော အမျိုးသမီးနှင့်တွေ့ပြီး ပြော
ပြတော့မှ အကျိုးအကြောင်းသိရခြင်းဖြစ်သည်။
သို့ကြောင့် ရင်ထဲမှာပူလောင်နေခြင်းဖြစ်သည်။
လမ်းတစ်နေရာရောက်တော့ စောထီးနှင့်ငမဲအောင်တို့
နှစ်ယောက်နှင့်တွေ့ရသည်။

"ငါတို့ မင်းကိုစောင့်နေကြတာ အူသံမကြားဘူးလား"
စောထီးက မေးသဖြင့် ခေါင်းခါပြလိုက်သည်။

ထို့နောက် သုံးယောက်သား လမ်းအတိုင်း ပြန်ဆင်း
လာခဲ့ကြလေသည်။ လမ်းတစ်နေရာရောက်တော့ ငမဲအောင်က
နီမောင့်အခြေအနေကို အကဲခတ်မိသဖြင့် မေးသည်။

"မင်း ဘာဖြစ်လာတာလဲ နီမောင်"

ထိုသို့မေးတော့မှ အကျိုးအကြောင်းပြောပြလိုက်သည်။
သူပြောပြတာကြားတော့ နှစ်ယောက်စလုံး မျက်လုံးပြူးသွားကြ
လေသည်။

"ဒီကိစ္စမျိုးကမလွယ်ဘူး၊ လူကြီးတွေပြောသလိုဆိုရင်
'တန်နဲ့နဂါး မလှည့်စားနဲ့' ဆိုတဲ့စကားရှိတယ်၊ ပရလောကသား
တွေကလည်း ဒီအတိုင်းပဲ၊ ညာလို့မရဘူး လှည့်စားလို့မရဘူး"

"ဒါကြောင့် ငါလည်းစိတ်ညစ်နေတာပေါ့ကွာ"

"ဘာမှစိတ်ညစ်မနေနဲ့ ပြဿနာဖြစ်လာရင်တော့ရှင်း
ရမှာပဲ၊ မင်းတစ်ယောက်တည်းရှင်းလို့ မဖြစ်ရင် ငါတို့နှစ်ယောက်

www.burmeseclassic.com



ပါ ဝိုင်းရှင်းပေးမယ်"

ဟု အားပေးစကားပြောကြလေသည်။

ရွာသို့ပြန်ရောက်တော့ မှောင်ရီသမ်းစညဦးပိုင်းအချိ ရောက်နေပေပြီ။

နီမောင်က ဆွယ်လီနှင့်တွေ့ရန်အတွက် သူမနေသော အိမ်သို့ သွားလေသည်။

ဆွယ်လီကလည်း နီမောင်လာမှန်းသိတော့ မျက်စိမျ နှာမကောင်းစွာဖြင့် ဆင်းလာလေသည်။

နှစ်ယောက်ချင်းတွေ့တော့ နီမောင်က မေးသည်။

"နင်ဘယ်လို ဖြစ်ခဲ့တာလဲ ဆွယ်လီ"

ထိုသို့မေးသောအခါ ဆွယ်လီက ဘာမှပြန်မပြောသေ ပဲ ပါးပြင်ပေါ်သို့စီးကျလာသော မျက်ရည်တို့ကို သုပ်ဖယ်ပစ်လေ သည်။

"အခုမှတော့ ငိုမနေပါနဲ့တော့ဟာ တခြားသူတွေမြ သွားရင် တစ်မျိုးထင်နေပါဦးမယ်၊ နင် ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ ငါ့ကိုပြောပြပါ"

ဟု မေးတော့မှ ဆွယ်လီက ရှိုက်သံတစ်ဝက်ဖြင့် ဖြ ပျက်ခဲ့သော အကြောင်းများကို ပြောပြသည်။

ဘွေသဲ နောက်ဆုံးညဥ့် ဖြစ်သည်။

ဆွယ်လီမှာ အခြားမိန်းမပျိုနှစ်ယောက်နှင့်အတူ အပေ အပါးသွားရန် အပြင်သို့ထွက်လာကြသည်။

ထိုမိန်းကလေးနှစ်ယောက် လောင်တလန်ရွာမှဖြစ်



ပွဲတွင် တွေ့ရာမှ ခင်မင်သွားကြခြင်းဖြစ်သည်။

သူတို့ထွက်လာသောနေရာမှာ ချိုင့်ဝှမ်းတစ်ခုအတွင်း ဖြစ်ပေသည်။

ထိုနေရာမှာ မီးရောင်မရှိသဖြင့် မှောင်နေသည်။

ထို့ပြင် အိမ်နှင့်အနည်းငယ်ဝေးသဖြင့် ဗုံသံလောက်သာ ကြားကြရသည်။

အပေါ့အပါးသွားပြီး ပြန်ရန်ပြင်လိုက်စဉ်မှာ အမှောင် ထဲမှ မည်းမည်းသဏ္ဌာန်ကြီး သုံးကောင်ထွက်လာကြလေ သည်။

မျက်နှာနှင့်ပုံပန်းသဏ္ဌာန်တို့မှာ သရဲသဘက်များကဲ့သို့ ကြောက်စရာကောင်းသည်။ သရဲသဘက်နှင့်တူသော လူသုံး ယောက်ထွက်လာသည်နှင့် အဖော်ခေါ်လာသော မိန်းကလေး နှစ်ယောက်မှာ ကြောက်လန့်တကြား ထွက်ပြေးကြသဖြင့် နေရာ တွင် ဆွယ်လီတစ်ယောက်တည်း ကျန်ခဲ့လေတော့သည်။

ဆွယ်လီမှာ ပြေးပေါက်မရှိတော့သဖြင့် ကြောက်လန့် တကြားဟစ်အော်လိုက်သည်။

သို့သော်လည်း တဲအတွင်းမှာရှိနေကြသူများကတော့ တီးသံ၊ သီချင်းဆိုသံများကြောင့် မကြားကြရပေ။

ဆွယ်လီအနားရောက်လာသော မကောင်းဆိုးဝါးသုံး ကောင်က သူမဝတ်ထားသော ငွေထည်ပစ္စည်းများကို ချွတ်ခိုင်း ပြီး ယူကြလေသည်။

သူတို့လိုချင်တာရသောအခါ အမှောင်ထဲသို့ဝင်ရောက်

www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်သွားလေတော့သည်။

ထိုအခါမှ ဆွယ်လီလည်း လူအများရှိရာသို့ ပြန်ပြေးရလေသည်။

"နင်ဆီက ပစ္စည်းတွေယူသွားတာ သရဲသဘက်တွေလား"

"ငါလည်း အဲဒီလိုတော့ ထင်တာပဲ"

"သရဲတွေက ပစ္စည်းတွေဘာကြောင့် ယူတာလဲ၊ လူကို အန္တရာယ်မပေးဘဲ ပစ္စည်းတွေပဲ ယူသွားတယ်ဆိုတော့ ရိုးမှရိုးရဲ့လား"

"နင်က ဘယ်လိုထင်လို့လဲ"

"သိုက်ထဲက ယူလာတဲ့ပစ္စည်းတွေဆိုတော့ သိုက်စောင့်တွေကများ ပြန်ယူသွားတာလား"

"ဒီလိုတော့ မဟုတ်ဘူးထင်တယ်"

"အဲဒီလိုမဟုတ်ရင်တော့ သူခိုးဓားပြတွေက သရဲသဘက်အယောင်ဆောင်ပြီး လုယူသွားတာပဲဖြစ်မယ်"

"အဲဒီလိုဖြစ်ပြီး ငါလည်း ဘယ်သူမှမသိစေချင်တာနဲ့ အိမ်ကိုပြန်လာခဲ့တာ ငါတော့ဒုက္ခပါပဲနီမောင်ရယ်"

"အခုလိုဖြစ်တော့ နင်တစ်ယောက်တည်း ဒုက္ခရောက်တာ မှာမဟုတ်ဘူး ငါပါဒုက္ခရောက်မှာ၊ ဒီကနေပဲနင့်ကို ပစ္စည်းပေးလိုက်တဲ့ စောမာလာဆိုတဲ့ အမျိုးသမီးနဲ့ တွေ့ခဲ့ရပြီးပြီ"

ထိုစကားကြောင့် ဆွယ်လီမှာ များစွာအံ့သြသွားဟန်ရှိလေသည်။



"သူ. . သူက နင့်ကိုဘာတွေပြောလိုက်သလဲဟင်"

"ပစ္စည်းတွေပျောက်တာကို သူက သိပြီးနှင့်နေပြီ၊ တကယ်လို့ အဲဒီပစ္စည်းတွေ ပြန်မရတော့ရင် နင်နဲ့ငါ တစ်ယောက်ယောက် သိုက်ထဲမှာသွားနေရမယ်လို့ ပြောလိုက်တယ်"

"ဒုက္ခပါပဲ"

ဟုပြောကာ ငိုပြန်လေသည်။

"ငိုမနေပါနဲ့တော့ဟာ ဖြစ်ခဲ့ပြီးမှတော့ ဘာတတ်နိုင်မှာလဲ၊ ငါတို့ကံတရားပါလာရင်တော့ ခံစရာရှိရင် ခံကြရမှာပေါ့"

"ဒီကိစ္စက ငါကြောင့်ဖြစ်ရတာဆိုတော့ ခံစရာရှိရင် ငါပဲခံပါ့မယ် နင်မခံစေရပါဘူး"

"ဒီလိုလည်းမဟုတ်သေးဘူး၊ သူပြောပုံအရဆိုရင်တော့ နင်နဲ့ငါနှစ်ယောက်ထဲကတစ်ယောက်ပဲ ခေါ်မှာဆိုတော့ နင်ပဲဖြစ်မလား၊ ငါပဲဖြစ်မလား မသိရသေးပါဘူး"

"ဒုက္ခပါပဲ နီမောင်ရယ် ဘယ်လိုလုပ်ကြမလဲဟင်"

"ဒီလိုပဲ တတ်နိုင်သလောက်တော့ ကြိုးစားကြည့်ရမှာပေါ့၊ ဒါထက် နင့်ကိုအဖော်ခေါ်လာတဲ့ မိန်းကလေးနှစ်ယောက်က ဘယ်ရွာကလဲ"

"လောင်တလန်ရွာကလို့တော့ပြောတယ် နတ်ဆရာနဲ့အတူတူလာကြတာ"

"ဒီကိစ္စက သူတို့ရွာကလာတဲ့ နတ်ဆရာရဲ့ ပယောဂတောင် ကင်းရဲ့လားမသိဘူး၊ ဒါကတော့ စုံစမ်းကြည့်မှ သိရတော့မှာပဲ"

www.burmeseclassic.com



ဟုပြောဆိုကာ. . ဆွယ်လီကို နှစ်သိမ့်စကားပြောခဲ့ပြီး နောက် ပြန်ခဲ့လေသည်။

သူပြန်လာသောအချိန်က ပတ်ဝန်းကျင်တစ်ဝိုက်မှာ အမှောင်ဖုံးနေလေပြီ။





# အခန်း ( ၁၀ )

# တင်းပုတ်ထမ်းလာသော ဘီလူး

နီမောင်အတွက်က မမျှော်လင့်ဘဲ အန္တရာယ်စက်ကွင်း တစ်ခုအတွင်းသို့ တိုးဝင်လာမိခဲ့ခြင်း ဖြစ်ပေသည်။ သို့သော်. . ယခုအခြေအနေရောက်မှတော့ ရှောင်လွှဲ၍လည်း မရတော့ပေ။

ကြုံတွေ့လာသော ပြဿနာတို့ကို တတ်နိုင်သရွေ့ကတော့ ရင်ဆိုင်ဖြေရှင်းရပေတော့မည်။

သို့သော် သူတစ်ယောက်တည်းနှင့်တော့ မရနိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



သူနှင့်လက်တွဲဖော်များဖြစ်ကြသည့် စောထီးနှင့်ငမဲအောင်တို့ အကူအညီကိုတော့ မဖြစ်မနေယူရပေမည်။

နီမောင်က သူတို့နှစ်ယောက်နှင့်တွေ့သောအခါ ဆွယ်လီထံမှသိခဲ့ရသော အကြောင်းများကို ပြန်ပြောပြလိုက်သည်။

"ဒီလိုဆိုရင်တော့ . . သွေးရိုးသားရိုးမဖြစ်နိုင်ဘူး ထင်တယ်၊ သရဲသဘက်တွေက လူကိုပဲ ဖမ်းစားလေ့ရှိတယ်၊ ရွှေငွေရတနာတွေကို သူတို့စိတ်မဝင်စားကြဘူး"

"ဟုတ်တယ်နီမောင်၊ ဆွယ်လီကိုအပြင်ခေါ်သွားတာ လောင်တလန်ရွာက မိန်းကလေးနှစ်ယောက်ဆိုတော့ ရိုးမှရိုးရဲ့လားမသိဘူး"

"မင်းပြောမှ သတိရတယ်၊ နောက်ဆုံးရက်မှာ အဲဒီရွာကလာတဲ့ နတ်ဆရာဇမုန်းထန်ရဲ့တူတော်တဲ့ ထန်ကုန်းက ဆွယ်လီနဲ့လာပြီး စကားပြောနေတာ ငါမြင်လိုက်မိတယ်၊ ဒီကိစ္စက သူတို့ပယောဂ ကင်းမှကင်းရဲ့လားမသိဘူး"

ဟု ပြောကြလေသည်။

"ဒီတော့ ပစ္စည်းတွေပြန်ရအောင် ငါတို့ဘယ်လိုလုပ်ရင်ကောင်းမလဲ"

ဟု သုံးယောက်သား တိုင်ပင်ဆွေးနွေးကြလေသည်။

"တကယ်လို့ သူတို့ယူသွားတယ်ဆိုရင်တော့ . . ပြန်ရအောင်ယူဖို့ ခဲယဉ်းလိမ့်မယ်"

"ဘာကြောင့်လဲ . . ."

"နတ်ဆရာဆိုတာ သူတို့မွေးထားတဲ့ သရဲသဘက်တွေ



အများကြီးရှိချင်ရှိမှာ"

"ဒီကိစ္စက ဒီအတိုင်းအေးနေလို့မရဘူး ကြာရင်ခက်လိမ့်မယ်"

ထိုသို့တိုင်ပင်ပြီးနောက် စောထီးနှင့်ငမဲအောင်တို့က လည်း လောင်တလန်ရွာသို့ သွားကာစုံစမ်းကြလေသည်။

သူတို့နှစ်ယောက်သည် လောင်တလန်ရွာသို့ ရောက်သောအခါ ထန်ကုန်းနှင့်တွေ့အောင်ရှာပြီး မိတ်ဖွဲ့ကြလေသည်။

"ငါတို့နှစ်ယောက်က ဇန်တလန်ရွာက လာကြတာ၊ ငါတို့ရွာမှာ ဘွဲ့သဲလုပ်တုန်းက မင်းလာသေးတယ် မဟုတ်လား"

"အေး . . လာသေးတယ်၊ ဒါထက် ငါဒီရွာမှာရှိတာကို ဘယ်သူပြောလာလဲ"

"ဆွယ်လီပြောပြလို့ သိတာပါ"

"ဟင် . . သူက ငါ့အကြောင်းပြောတယ် ဟုတ်လား"

ထန်ကုန်းမှာ ထိုစကားကြားသဖြင့် ဝမ်းသာသွားဟန်ရှိသည်။

"ဟုတ်တယ် သူက မင်းအကြောင်းကိုပြောလို့ ငါတို့သိတာပေါ့၊ ဒါကြောင့် လမ်းကြုံလို့လှည့်ဝင်လာပြီး မိတ်ဆွေဖွဲ့တာ"

"ကောင်းတာပေါ့ကွာ၊ ငါတို့က ရွာနီးချင်းတွေပဲ အခုလို မိတ်ဆွေဖြစ်တော့ ကောင်းတာပေါ့"

"မင်းလည်း ငါတို့ရွာကို လာလည်ဖို့ ဖိတ်ပါတယ်ကွာ"

"မင်းတို့နဲ့သိမှတော့ လာရမှာပေါ့၊ ဒါထက် ဆွယ်လီက ဘာကြောင့် ပရဲမျက်နှာဖုံးကြီး တပ်ထားရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့တော့ မသိဘူး၊ သူချစ်တဲ့သူတွေ့ရင်တော့ မျက်နှာဖုံးခွာပစ်မယ်လို့ ပြောသံကြားတာပဲ၊ မင်းသူမျက်နှာကို မြင်ချင် တွေ့ချင်ရင် ကြိုးစားကြည့်ပေါ့"

"ဟန်ကျပြီ. . မင်းတို့နှစ်ယောက်နဲ့တွေ့ရတာ ငါဖြင့် သိပ်ပြီးဝမ်းသာတာပဲ၊ ငါလာခဲ့မယ်. . မင်းတို့နှစ်ယောက်က ငါ့ကို ဆွယ်လီနဲ့တွေ့အောင် အကူအညီပေးကြမလား"

ဟု အားတက်သရော ပြောလေသည်။

"ဒါကတော့ ငါတို့ရွာရောက်လာရင် ငါတို့ကအကူအညီပေးရမှာပေါ့ကွာ"

ဟုပြောရာ ထန်ကုန်းက များစွာသဘောကျသွားသဖြင့် သူတို့နှစ်ယောက်ကို ခေါ်ငရေ၊ အစားအသောက်တို့ဖြင့် ကျွေးမွေးဧည့်ခံလေသည်။

ထို့နောက်. . ထန်ကုန်းနှင့် အချိန်းအချက်ပြုလုပ်ပြီးနောက် ရွာသို့ပြန်ခဲ့ကြလေသည်။

ရွာပြန်ရောက်တော့. . နီမောင်နှင့် ဆွယ်လီတို့ နှစ်ယောက်ကို အကျိုးအကြောင်း ပြောပြထားလိုက်သည်။

နောက်တစ်နေ့ရောက်တော့ ထန်ကုန်းတစ်ယောက် လက်ဆောင်ပစ္စည်းများနှင့်အတူ သူတို့ရွာသို့ ရောက်လာလေတော့သည်။

စောထီးနှင့်ငမဲအောင်တို့က ဆွယ်လီကို ကြိုတင်ပြောပြထားပြီးဖြစ်သဖြင့် ခေါ်ပြီးတွေ့ပေးလိုက်သည်။

"မနေ့က စောထီးနဲ့ ငမဲအောင်တို့ ငါတို့ရွာကို ရောက်လာကြတယ်၊ နင်ကငါ့ဆီလွှတ်လိုက်တာလို့ ပြောတယ်"



ဆွယ်လီက ခေါင်းညိတ်ပြသည်။

"နင်ကသတိရနေလို့ ငါဝမ်းသာပါတယ်၊ ဒါထက် မကြာခင်မှာ ငါတို့ရွာမှာလည်း ဘွေသဲလုပ်တော့မယ်၊ နင်လာမယ်မဟုတ်လားဟင်"

ဆွယ်လီက ဘာမှပြန်မပြောပေ။

"နင့်လာမယ်မဟုတ်လား. .၊ ငါနဲ့တွေ့တုန်းကတော့ ဒိတ်ရင်လာမယ်လို့ပြောတယ်"

"ငါလာချင်ပါတယ်၊ ဒါပေမယ့် အခုတော့ မလာချင်တော့ပါဘူး"

"ဟင် ဘာဖြစ်လို့လဲ"

"ငါတို့ရွာလာတုန်းက ငါဝတ်ထားတဲ့လက်ဝတ်ရတနာတွေကို နင်မြင်တယ်မဟုတ်လား"

"မြင်တာပေါ့. . အတော်လှတယ်"

"အဲ့ဒီပစ္စည်းတွေ အခုမရှိတော့ဘူး"

"ဘယ်ရောက်သွားလို့လဲ"

"နောက်ဆုံးညမှာ ငါဝတ်ထားတဲ့ လက်ဝတ်ရတနာတွေကို လူဆိုးတွေလုယူသွားခဲ့တယ်၊ ဒါကြောင့် နင်ဖိတ်ရင်လည်း ငါမလာဖြစ်တော့ပါဘူး"

"ဒီစကားကြားရတာ ငါစိတ်မကောင်းပါဘူး၊ ငါကတော့ နင့်ကိုလာစေချင်တာပဲ၊ ငါတို့ရွာမှာ အေးအေးဆေးဆေးတွေ့ရရင် ငါနင့်ကို ပြောစရာစကားတွေ ပြောချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ငါစိတ်မကောင်းပါဘူးဟာ"

"ငါလည်း နင့်အတွက်စိတ်မကောင်းပါဘူး၊ တကယ်လို့ နင်ပျောက်သွားတဲ့ ပစ္စည်းတွေပြန်ရရင် နင်ငါတို့ရွာကို လာခဲ့မှာလား"

"အဲသည်လို ပြန်ရရင်တော့ ငါလာခဲ့ပါ့မယ်"

"ကောင်းပြီ . . နင်ပြောထားတဲ့စကားသာ မမေ့ပါနဲ့ နင်ပျောက်သွားတဲ့ ပစ္စည်းတွေ ဘယ်သူလုယူသွားတယ်ဆိုတာ ငါစုံစမ်းပေးပါ့မယ်"

ဟုပြောဆိုပြီးနောက် ထန်ကုန်းတစ်ယောက် ရွာသို့ပြန်လာခဲ့လေသည်။

ဗန်တလန်နှင့် လောင်တလန်ရွာမှာ ကြားမှာ တောင်ကုန်းတစ်ခုခြားပြီး လျှောက်သွားပါက မဝေးလှပေ။

ထန်ကုန်းသည် ရွာသို့ပြန်ရောက်သောအခါ ၎င်း၏ ဦးလေးတော်စပ် သူနတ်ဆရာ ဇမုန်းထန်ရှိရာသို့ သွားလေသည်။

"ထန်ကုန်း ဘယ်ကပြန်လာတာလဲ"

"လောင်တလန်ရွာက ပြန်လာတာပါ၊ ဦးကိုမေးစရာရှိလို့ပါ"

"ဘာမေးမှာလဲ"

"ဗန်တလန်ရွာမှာ ငါသဘောကျနေတဲ့ မိန်းကလေးတစ်ယောက်ရှိတယ်"

"ရွာလူကြီး ဦးထန်ဖုန်းရှိန်ရဲ့သမီး . . ဆွယ်လီဆိုတဲ့ ကောင်မလေးကို ပြောတာမဟုတ်လား"



"ဟုတ်တယ် ဦးလေးက ဘယ်လိုသိတာလဲ"

"ငါလည်း အကဲခတ်ကြည့်ရင် သိတာပေါ့၊ မင်းသူ့ကို သူပျိုလှည့်သွားတာလား"

"ဟုတ်တယ် ငါတို့ရွာမှာ ဘွေသဲလုပ်ရင် သူ့ကိုဖိတ်ဆေးပါ"

"ရွာလူကြီးသမီးပဲ ဖိတ်ရမှာပေါ့"

"နောက်ပြီး သူ့ရဲ့ပစ္စည်းတွေ အလုခံရတယ်လို့ ငါ့ကို ပြောလိုက်တယ်၊ ဘယ်သူယူသွားတယ်ဆိုတာ ဦးလေးကြည့်ဆေးပါ"

ထိုသို့ပြောသောအခါ ဇမုန်းထန်မှာ မျက်နှာတစ်ချက်ပျက်သွားလေသည်။ ဆေးတံရှည်ကြီးကို မီးခိုးငွေ့တထောင်းထောင်းထအောင် ဖွာရင်း စဉ်းစားနေသည်။

"သူ့ဘာသာပစ္စည်းပျောက်တာ မင်းနဲ့ဘာဆိုင်လို့လဲ"

"ဆွယ်လီက ပျောက်သွားတဲ့ပစ္စည်းတွေ ပြန်ရမှ ဒီရွာက ဘွေသဲကိုလာမယ်လို့ ပြောလိုက်တယ်၊ သူလာမှဖြစ်မယ်"

"သူ့ပစ္စည်းတွေက ဘယ်သူယူသွားမှန်းမှ မသိတာ၊ ငါက ဘယ်လိုလုပ်ပေးရမှာလဲ ငါမလုပ်ပေးနိုင်ဘူး"

ဟုပြောလိုက်ရာ ထန်ကုန်းက မကျေမနပ်ဖြင့်ပြန်ထွက်သွားလေသည်။

ထို့နောက် မော်ဆရာဇာလာဟီးရှိရာသို့ သွားပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇာလာဟီးက ကျားသိုက်သို့အတူတူသွားခဲ့သော ထ
တုန်းကို ကောင်းစွာသိနေလေသည်။

ဇာလာဟီးနှင့်တွေ့တော့ . ထန်ကုန်းက အကျိုး
ကြောင်း ပြောပြလိုက်သည်။

"သူပျောက်သွားတဲ့ ပစ္စည်းတွေကို ပြန်ရအောင်လု
ပေးပါ၊ ဆရာကြီးလိုချင်တာ ပေးပါ့မယ်"

ထိုအခါ ဇာလာဟီးက ညဉ့်ဦးပိုင်းအချိန်ရောက်မှ လ
ပေးနိုင်မည်ဟု ပြောလိုက်သဖြင့် စိတ်ထဲမှာ မတင်မကျနှင့် ပြ
လာခဲ့ရသည်။

ထန်ကုန်းစိတ်ထဲမှာတော့ ပျောက်သွားသောပစ္စည်းမျ
ကို ပြန်ရအောင်လုပ်ပေးပါက ဆွယ်လီအချစ်ကိုပါ ရလိမ့်မည်
ဟု တစ်ထစ်ချ ယုံကြည်နေမိလေသည်။

ညဉ့်ဦးပိုင်းအချိန် ရောက်သောအခါ ထန်ကုန်းက
ဇာလာဟီးနေသောတဲသို့ တစ်ခေါက်ထပ်သွားပြန်လေသည်။

ဇာလာဟီးက ၎င်းကို အစီအရင်ပြုလုပ်သော အခ
များထားသော အခန်းထဲသို့ ခေါ်သွားလေသည်။

ထန်ကုန်းကတော့ ၎င်းသိလိုရာ သိရတော့မည်မို့ စိတ်
အားထက်သန်နေလေသည်။

ဇာလာဟီးက အမွေးတိုင်များနှင့် ဆီမီးခွက်များထွန်း
ပြီး ခေါ်စာထည့်ထားသော ခွက်နှစ်ခွက်ကိုယူပြီး အပြင်သို့ထွက်
သည်။

"ဟဲ့ ငါရဲ့အစေအပါးတွေဖြစ်တဲ့ ပရလောကသားနှ



ောင် လာကြဟဲ့၊ ငါကျွေးတာကိုစား၊ ငါခိုင်းတဲ့အတိုင်း လုပ်ကြ

ဟုခေါ်လိုက်သောအခါ . အမှောင်ရိပ်ထဲမှာ ဆောင့်
ကြောင့်ကိုင်စောင့်နေသော သရဲနှစ်ကောင် ထလာလေသည်။

ထန်ကုန်းမှာ တောတောင်များထဲ သွားလာရင်းနှင့် သရဲ
ခွေများနှင့် တွေ့ရဖူးသည်။

သို့သော် လူစကားနားလည်ပြီး ထိုမျှလောက်ကြောက်
ကောင်းလှသော ပုံပန်းသဏ္ဌာန်မျိုးတော့ မတွေ့ဖူးသေးပေ။

ဇာလာဟီး ကျွေးမွေးထားသော သရဲနှစ်ကောင်မှာ ခေါ
ခွက်ထဲမှ အစားအသောက်များ စားသောက်နေပုံ ကြည့်ရ
သည်မှာ ပိုပြီး ရုပ်ပျက်ဆင်းပျက် ရှိလှသည်။

ရှည်လျားသောလျှာဖြင့် နှုတ်ခမ်းကို သိမ်းသပ်နေသည်
မြင်ရရုံနှင့် အော့နှလုံးနာစရာ ကောင်းလှသည်။ စားသောက်
ပြီးတော့ ဇာလာဟီးက ပြောသည်။

"ဟိုဘက်ရွာက မိန်းကလေးတစ်ယောက်ရဲ့ပစ္စည်းတွေ
ပျောက်နေတယ်၊ ဘယ်နေရာမှာ ရောက်နေတယ်ဆိုတာ ငါသိ
ချင်တယ်၊ ယူလို့ရရင် တစ်ခါတည်းပြန်ယူလာခဲ့၊ ယူလို့မရရင်
ဘယ်နေရာမှာ ရောက်နေတယ်ဆိုတာ ကြည့်ခဲ့ပြီး၊ ငါ့ကိုပြန်လာ
ပြော"

ဟု မှာလိုက်သည်နှင့် သရဲနှစ်ကောင်မှာ နေရာမှထပြီး
အမှောင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

ဇာလာဟီးလည်း တဲပေါ်ပြန်တက်လာပြီး ရုပ်တုများ

www.burmeseclassic.com



ဈေးအွင် လုပ်စရာရှိသည်များ လုပ်နေလေသည်။

ထန်ကုန်းကတော့ နောက်ဘက်နားမှာ ထိုင်နေေ
သည်၊

"မိန်းကလေးက မင်းနဲ့ဘယ်လိုပတ်သက်နေတာ"

ဇာလာဟီးက နောက်ဘက်သို့ လှည့်မကြည့်ဘဲ ေ
လိုက်သည်။

"ခုတော့ ဘာမှမဖြစ်သေးပါဘူး၊ သူပျောက်သွား
ပစ္စည်းတွေ ပြန်ရရင်တော့ ငါ့အချစ်ကိုလက်ခံပေးမယ်လို့ ေ
တယ်၊ ဒါကြောင့် ပြန်ရအောင်လုပ်ပေးပါ၊ ရရင် မှော်ဆရာ
ချင်တာ ပေးပါ့မယ်"

"ပြန်ရရင် နွားနောက်သုံးကောင်နဲ့ ဝက်တစ်ကော
ပေးရမယ်၊ ဘွေသဲလုပ်ပေးရမယ်"

မှော်ဆရာတောင်းသော တန်ကြေးက မနည်းလှ
သို့သော်လည်း ထန်ကုန်းက ဆွယ်လီကို သဘောကျနေသ
ဘယ်လောက်ကုန်ကုန် လုပ်ပေးပါမည်ဟု ကတိပေးလိုက်
သည်။

အတန်ကြာသောအခါ အပြင်ဘက်မှ ပြေးလာသေ
ခြေသံများကို ကြားသဖြင့် ဇာလာဟီးက အပြင်ဘက်ထွက်သွ
လေသည်။

"တာတေနဲ့ စံနက်ကျော်ပြန်ရောက်လာပြီလား၊ ငါ
ချင်တဲ့ပစ္စည်းတွေ ရခဲ့သလား၊ တွေ့ခဲ့သလား"

"...."



"ဘာ မင်းတို့ကို ဘီလူးတစ်ကောင်က တင်းပုတ်နဲ့လိုက်
သို့ ပြေးခဲ့ရတယ် ဟုတ်လား"

"........"

"ဒါ ငါကိုစိမ်ခေါ်တာပဲ၊ ဒီနယ်မှာ ငါ့ကိုယှဉ်နိုင်တဲ့သူ
သေးပါဘူး၊ ဘယ်ကရောက်လာတဲ့ ဘီလူးလဲ"

"......."

"ကောင်းပြီလေ ငါရဲ့နယ်နိမိတ်အတွင်းကို ဝင်ရောက်
တဲ့ မကောင်းဆိုးဝါးကိုတော့ ငါ့အကြောင်းသိအောင် ပြရဦး
ပေါ့"

ဟုပြောနေစဉ်မှာ မနီးမဝေးမှာ ရပ်နေသော သရဲနှစ်
ကောင်မှာ ကြောက်လန့်တကြားဖြင့် ထွက်ပြေးသွားကြလေ
သည်။

မရှေးမနှောင်းမှာပင် ခြေသံပြင်းပြင်းဖြင့် နင်းလျှောက်
လာသောအသံကို ကြားရပြီး တင်းပုတ်ထမ်းထားသော ဘီလူး
တစ်ကောင် အမှောင်ရိပ်ထဲမှ ထွက်လာလေသည်။

"ဩော်. . ဒင်းက ဒီနေရာအထိတောင် ရောက်လာခဲ့
သေးသကိုး၊ ငါ့အကြောင်းကို သိရစေမပေ့ါ"

ဟု ပြောဆိုကြိမ်းမောင်းကာ ဆေးဝါးများယူရန်အတွက်
အတွင်းသို့ ပြန်ဝင်သွားလေသည်။ ထန်ကုန်းကတော့. .
ကြောက်လှသဖြင့် တစ်နေရာမှာ ကပ်နေရလေသည်။

ဇာလာဟီးက သူစီရင်ထားသော ဆေးလုံးများ၊ အင်း
ချပ်များယူလာပြီး တစ်ခုပြီးတစ်ခု ပစ်ပေါက်သော်လည်း အခြေ

www.burmeseclassic.com

www.burmeseclassic.com



အနေမထူးလှပေ။

ရပ်နေသောဘီလူးက နေရာမှာပင် ရှိနေသေးသည် ဇာလာဟီးမှာ မှော်ဆရာဆိုသော်လည်း သာမန်သရဲတစ္ဆေများ လောက်သာနိုင်သော ဆရာမျိုးဖြစ်ရာ အဆင့်မြင့်သော န ဘီလူးမျိုးနှင့်တွေ့တော့ မတတ်နိုင်ဘဲ ရှိနေလေသည်။

သူသည် သိုက်စောင့်များအထိ နိုင်အောင်ပြုလုပ်နိုင် သော်လည်း ယခုရောက်နေသော ဘီလူးကိုတော့ ကြောက် အောင် မပြုလုပ်နိုင်သေးပေ။

သူက ဆေးများ၊ အင်းချပ်များ၊ ရုပ်တုအစီအရင်များဖြ ပစ်ပေါက်သော်လည်း တင်းပုတ်ထမ်းထားသော ဘီလူးက ရှိမြဲ နေသေးသည်။ နီရဲနေသော မျက်လုံးကြီးဖြင့် ငုံ့ကြည့်နေ သည်။

ဇာလာဟီးမှာ အောက်လမ်းပညာ၊ ပြစားတတ်သည့် ပညာများသာ တတ်သဖြင့် ၎င်းမှာရှိသောဆေးဝါးပစ္စည်းများ အရာမရောက်ဘဲ ရှိနေသောကြောင့် အခက်တွေ့နေလေသည်။

"ဆရာကြီး ဒီဘီလူးကို မနိုင်တော့ဘူးလား။ တော်ကြ ငါတို့ကို ရန်ပြုတော့မယ်"

အခြေအနေကြည့်နေသော ထန်ကုန်းက သတိပေး သည်။

ဇာလာဟီးစိတ်ထဲမှာတော့ အတွေးပေါင်းစုံဝင်နေ သည်။

ဒီဘီလူးက ဘာကြောင့် ဒီနေရာရောက်လာတာလဲ



ဘယ်နေရာကလာတဲ့ ဘီလူးလဲ။

ထိုသို့တွေးနေစဉ်မှာ ရပ်နေသောဘီလူးက ရှေ့သို့တိုး လာပြီးနောက် တင်းပုတ်ဖြင့် ထုချလိုက်လေတော့သည်။

"ဝုန်း"

ဟူသော ကျယ်လောင်သော မြည်သံကြီးနှင့်အတူ တဲ၏အဖီစွန်းများ ပြုတ်ထွက်သွားပြီး တင်းပုတ်ထိသောနေရာမှာ ရေတွင်းကဲ့သို့ တွင်းပေါက်ကြီးဖြစ်သွားလေတော့သည်။

"အောင်မယ်လေး သေပါပြီဗျ"

ဇာလာဟီးနှင့် ထန်ကုန်းတို့မှာ ကြောက်ကြောက်လန့်လန့်ဖြင့် တဲအတွင်းဝင်ပြေးကြလေတော့သည်။

နောက်တစ်ချက် တင်းပုတ်ဖြင့် ထပ်ထုဦးမလားဟု အခြေအနေကို နားစွင့်ကြသော်လည်း ဘာမှမကြားရတော့ပေ။

ထိုအခါမှ မရဲတရဲနှင့် တဲပေါက်ဝထွက်ကြည့်တော့ . . ဘီလူးကို မတွေ့ရတော့ပေ။

သို့သော် ရေတွင်းကဲ့သို့ ဖြစ်ကျန်ခဲ့သော တွင်းပေါက်ကြီးကတော့ ကျန်နေခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com







# အခန်း ( ၁၁ )

# အစော်မပါ နှဝင်းအက္ခရာ

တစ်နေ့သ၌ ပလ္လင်ပျက်များရှိသော ကုန်းပေါ်သို့ လူသုံးယောက် ရောက်လာကြလေသည်။

နှစ်ယောက်က အသက်ကြီးပြီး တစ်ယောက်ကတော့ သမ်းပြုအဖြစ်လိုက်လာသော လူရွယ်ဖြစ်သည်။ ၄င်းတို့မှာ ဗေဒါးဟောတ်ပေ။ ပလ္လင်ပျက်ကုန်းတွင် အမိဌာန်ဝင်ရန်နှင့် ပလ္လင်ပျက်များကို လေ့လာရန် ရောက်လာကြသော ဆရာကြီးသူရဇ္ဇ ဦးဇန်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းနှင့် လမ်းပြအဖြစ် လိုက်လာသူ ထွန်းခတို့သုံးယောက် ဖြစ်သည်။

ဆရာကြီးသူရဇ္ဇမှာ အသက်(၆၀)ကျော်အရွယ်ခန့်ရှိ ဦးဇန်ကောင်းကတော့ အသက်(၅၀)ကျော်အရွယ်လောက်သာ ရှိသေးသည်။

နှစ်ယောက်စလုံး မဟာဂန္ဓာရီလမ်းစဉ်များ လိုက် ရာတွင် တက်ညီလက်ညီ ရှိကြသူများဖြစ်သည်။

မကြာခဏဆိုသလို ခရီးအတူတူ ထွက်လေ့ရှိကြသည် တစ်ခါတစ်ရံမှာလည်း အခြားအဖော်များပါပြီး၊ တစ်ခါတ လည်း နှစ်ယောက်တည်း ခရီးထွက်ကြသည်။

၄င်းတို့မှာ ပူပင်စရာလည်းမရှိ၊ စီးပွားရေးလည်း လုပ် ရာမလိုသောကြောင့် တစ်သက်လုံးမဟာဂန္ဓာရီ လမ်းစဉ်များ ကိုသာ တစိုက်မတ်မတ် လုပ်ကိုင်ခဲ့ကြသူများ ဖြစ်လေသည်

ယခု ပလ္လင်ပျောက်ကုန်းသို့ရောက်လာသော ရည်ရွ ချက်မှာ ထိုနေရာတွင်အဓိဋ္ဌာန်ဝင်ရန်နှင့် ပလ္လင်ပျက်များ၌ သော သူတို့အလိုရှိသော ပညာရပ်များကို လေ့လာကြရန်ဖြ သည်။

ထွန်းခကိုတော့ ချင်းပြည်နယ်ဘက်ရောက်တော့ လမ်းပြအဖြစ် ခေါ်လာခဲ့ခြင်းဖြစ်သည်။

ဆရာကြီးနှင့် ဦးဇန်ကောင်းတို့နှစ်ယောက်မှာ အညိ ရောင် အင်္ကျီ၊ လုံချည်များ ဝတ်ဆင်ထားပြီး၊ ပုတီးတစ်ကုံး လည်ပင်းမှာ ဆွဲထားကြသည်။



နံဘေးတွင် ပစ္စည်းအစုံအလင်ထည့်ထားသော လွယ်အိတ်ကြီးတစ်လုံးစီ လွယ်ထားကြသည်။

တောင်ဝှေးတစ်ချောင်းစီ ကိုင်ထားသည့်အပြင် အညိုရောင်ခေါင်းပေါင်းကိုလည်း အသီးသီးပေါင်းထားကြသည်။

သူတို့အဖွဲ့ ပလ္လင်ပျက်ကုန်းသို့ ရောက်လာသောအချိန်မှာ နေ့လည်ပိုင်းအချိန်ပင် ရှိသေးသည်။

ထို့ကြောင့် ပတ်ဝန်းကျင်မှာ အလင်းရောင်ရှိနေသေးသည်။

ထိုနေရာရောက်တော့ ထွန်းခကပြောသည်။

"ဆရာကြီးတို့ပြောတဲ့ ပလ္လင်ပျောက်ကုန်းဆိုတာ ဒီနေရာပါပဲ၊ ကျွန်တော်တော့ တစ်ခေါက်နှစ်ခေါက်ရောက်ဖူးပါတယ်၊ ဒီနေရာမှာ ပလ္လင်ပျက်တွေတော့ရှိတယ်၊ ဘယ်နှခုရှိသလဲတော့ ကျွန်တော်မသိဘူး"

"အခုလို ချောချောမောမောရောက်လာတော့ ကောင်းတာပေါ့ကွယ်၊ မင်းသိသလောက်လည်း ငါတို့ကိုပြောပြပါဦး"

"သူများတွေ ပြောသံကြားတာတော့ ဒီနေရာက နယ်မြေကြမ်းတယ်လို့ ပြောကြတယ်၊ သိုက်တွေလည်း မျိုးစုံရှိတယ်၊ ဒီနေရာကိုရောက်လာတဲ့ လူတွေကို သိုက်ထဲကလူတွေနဲ့ သိုက်စောင့်တွေက အန္တရာယ်ပေးကြတယ်လို့တော့ ကြားမိပါတယ်"

ထွန်းခက သူသိသမျှလောက်သာ ပြောပြလေသည်။

"ဒီလောက်သိရရင် တော်ပါပြီကွယ်၊ ကဲ. . အရိပ်ကောင်းတဲ့သစ်ပင်အောက်ဝင်ပြီး အမောပြေကြသေးတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး အရိပ်ကောင်းသော ညောင်လန်းပင်ကြီး တစ်ပင်အောက်မှ ဝင်နားကြသည်။

ညောင်လန်းပင်ကြီးမှာ သက်တမ်းရင့်အပင်ကြီးဖြစ် သည်။ ညောင်ခြေထောက်နှင့် ညောင်မုတ်ဆိတ်မျှင်တို့က တွဲ လောင်းကျနေကြသည်။

ညောင်ပင်အောက်ရောက်တော့ ဦးဇန်ကောင်းနှင့် ထွန်းခတို့နှစ်ယောက်က စားသောက်စရာများပြင်နေစဉ် ဆရာ ကြီးက မျက်စိမှိတ်ပြီး ထိုနေရာတစ်ဝိုက်မှာရှိကြသော မြင်အပ် သောသူ၊ မမြင်ရသောသူတို့နှင့် ပုဂ္ဂိုလ်၊ သတ္တဝါ၊ နတ်ဗြဟ္မာတို့ အမြင် ပရလောကသားများကိုပါ မေတ္တာပို့ပေးနေလေသည်။

အားလုံးပြီးတော့မှ စားသောက်ကြလေသည်။ ၄င်းတို့ သည် ထိုခရီးစတင်ထွက်လာကတည်းက အသားများမစားတော့ ဘဲ သတ်သတ်လွတ်အစားအသောက်များသာ စားသောက်ကြ လေသည်။

စားသောက်ပြီးမှ ထိုနေရာတစ်ဝိုက်ကို လိုက်လံကြည့် ရှုကြသည်။

ဆရာကြီးသူရဇ္ဇက စာရွက်တစ်ရွက်ပေါ်တွင် အရှေ့ အနောက် တောင်မြောက်စသော အရပ်ရှစ်မျက်နှာရေးထား သောစာရွက်ကို ထုတ်ကြည့်လေသည်။

ပြီးမှ နေရောင်အခြေအနေကိုကြည့်ပြီး အရှေ့အရပ် အနောက်အရပ်စသည်တို့ကို ခွဲခြားကြည့်လေသည်။

"နေသွားနေတဲ့လမ်းကြောင်းကို ကြည့်ရင်တော့ ဟို





ဘက်က အနောက်ဘက်အရပ်ပဲ၊ ဒီလိုဆိုရင်တော့ အရှေ့ဘက် အရပ်ကစပြီး ရှာကြည့်ကြရအောင်"

ဟုပြောပြီး အရှေ့ဘက်အရပ်သို့ သွားသောအခါ . . ပလ္လင်ပျက်တစ်လုံးကို တွေ့ရလေသည်။

ထိုပလ္လင်ပျက်ရှိသောနေရာနှင့် မနီးမဝေးမှာလည်း ကျောက်ဖြင့်ပြုလုပ်ထားသော ကျားရုပ်ကြီးကို တွေ့ကြရသည်။

"ဒီနေရာက ဂမ္ဘီရနယ်မြေတစ်ခုပဲဗျ၊ သိုက်တွေလည်း ရှိပုံရတယ်"

"ဘယ်လိုကြောင့်လည်း ဆရာကြီး"

"ဒါ သာမန်လုပ်ထားတဲ့ ကျားမဟုတ်ဘူးဗျ၊ ပြဒါးရှင်နဲ့ အစီအရင်လုပ်ထားတဲ့ သိုက်စောင့်ကျားပဲ၊ တော်ရုံဆရာလောက် တော့ ပြဒါးရှင်သိုက်ကျားနဲ့ တွေ့ရုံနဲ့ ပြန်ပြေးရမှာပဲ"

ဟု ပြောပြသည်။

ကျားရုပ်ကြီးထုလုပ်ထားပုံမှာ အချိုးအဆစ်ကျလှသည်။ နှစ်ပရိစ္ဆေဒ ကြာမြင့်နေပြီဖြစ်သဖြင့် အချို့နေရာများမှ ချို့ယွင်း နေသော်လည်း မူလပုံစံအခြေအနေကတော့ မပျက်သေးပေ။ ကြည့်လိုက်လျှင် အသက်ဝင်နေသော ကျားတစ်ကောင်ကဲ့သို့ ထင်ရလေသည်။

"ဒါ တနင်္လာထောင့်ပဲဗျ၊ ဒါကြောင့် ကျားရုပ်ရှိနေတာ ကျုပ်တို့ အင်္ဂါထောင့်ဘက် သွားကြည့်ကြရအောင်"

ဟုပြောပြီး ဆက်လျှောက်လာကြရာ တစ်နေရာရောက် တော့ ပလ္လင်ပျက်တစ်ခုနှင့် မနီးမဝေးမှာ ခြင်္သေ့ရုပ်ကိုတွေ့ကြ

www.burmeseclassic.com

www.burmeseclassic.com



ရသည်။

ဆရာကြီးက ပလ္လင်များကို အသေအချာကြည့်နေပြီးမှ

"ဒီနေရာရောက်ပြီး အသေအချာကြည့်တော့မှ ပလ္လင်တွေပြုလုပ်ထားပုံက တစ်ခုနဲ့တစ်ခု၊ တစ်မျိုးနဲ့တစ်မျိုးမတူကြဘူးဗျ"

ဟုပြောသည်။

"ဘယ်လိုမတူတာလဲ ဆရာကြီး"

"ပလ္လင်လုပ်တဲ့နေရမှာ အသုံးပြုမယ့်နေရာချင်းမတူသလို ထုလုပ်တဲ့ပုံစံချင်းလည်း မတူကြဘူး၊ မြတ်စွာဘုရားထိုင်တဲ့ပလ္လင်ကတစ်မျိုး၊ ဘုရင်မင်းမြတ်တွေထိုင်တဲ့ ပလ္လင်ကတစ်မျိုးဗျ၊ နောက်ပြီးရဟန်းသံဃာတွေ တရားဟောတဲ့ ပလ္လင်ကျတော့တစ်မျိုးပေါ့ဗျာ"

"ဟုတ်ကဲ့"

"တရားစီရင်တဲ့ တရားသူကြီးတွေ၊ ဩဇာအာဏာရှိတဲ့ပုဂ္ဂိုလ်တွေထိုင်တဲ့ ပလ္လင်တွေမှာလည်း သူ့အဆင့်အတန်းနဲ့သူရှိးရာမလေ့၊ လူမျိုးစတာတွေအလိုက် ပုံသဏ္ဍာန်တွေမတူတာတွေအများကြီးရှိတယ်၊ ကမ္ဘာပေါ်မှာ ထူးခြားတဲ့ပလ္လင်ပုံသဏ္ဍာန်တွေအများကြီးရှိတယ်ဗျ၊ အေးအေးဆေးဆေးကျတော့ပြောပြပါ့မယ်"

"ဟုတ်ကဲ့ ဆရာကြီး"

ဤသို့ဖြင့် စကားတပြောပြောနှင့် လိုက်ကြည့်ကြရာ ပလ္လင်ရှစ်ခုနှင့် သက်ဆိုင်ရာရုပ်ထုများကို တွေ့ကြရသည်။



"ဆရာကြီး ပလ္လင်က ရှစ်ခုပဲတွေ့တယ်. . ၊ တစ်လုံးက ဘယ်နေရာမှာ ရှာရမှာလဲ"

"ပလ္လင်တစ်လုံးက ပျောက်နေတယ်လေ၊ ကိုးခုမြောက် ပလ္လင်က ထိုက်တဲ့လူမှ တွေ့ရတဲ့ပလ္လင်မျိုး ဖြစ်မှာပေါ့၊ ပလ္လင်တစ်လုံးပျောက်နေလို့ ဒီနေရာကို ပလ္လင်ပျောက်ကုန်းလို့ ခေါ်ကြတာ ဖြစ်မှာပေါ့"

"ဆရာကြီးလိုချင်တဲ့ အကွာရာတွေက ဒီပလ္လင်တွေမှာ ရှိတာ မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဖြင့် အခုဘာကြောင့် တလက်စတည်း မရှာကာလဲ"

"ဒီလိုနေရာမျိုးတွေက ကိုယ့်သဘောနဲ့ကိုယ် စိတ်ထင်တိုင်းလုပ်လို့ မရဘူး ဦးဇန်ကောင်းရဲ့၊ သက်ဆိုင်ရာအစောင့်အရှောက်ပုဂ္ဂိုလ်တွေနဲ့ အရင်တွေ့ရဦးမယ်၊ သူတို့ဆီမှာ ခွင့်တောင်းပြီးတော့ ခွင့်ပြုပေးတော့မှ ကိုယ်ရှာချင်တာရှာလို့ရမှာ။ ကိုယ်သဘောနဲ့ကိုယ် ရှာရင်တော့ ခင်ဗျားဘာမှတွေ့ရမှာ မဟုတ်ဘူး"

ထိုစကားကြားတော့ ဦးဇန်ကောင်းက သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"ဆရာကြီးနဲ့ခရီးအတူသွားရတာ ကျွန်တော်တို့အတွက်ကတော့ အသိပညာ အတော်ကလေးတိုးပါတယ်"

ဟု ပြောလေသည်။

ထို့နောက် သုံးယောက်သား ပလ္လင်ရှစ်လုံးစုံအောင်

www.burmeseclassic.com



လိုက်လံကြည့်ရှုပြီးနောက် ညဘက်နားစရာတစ်ခုကို လိုက်ရှ
ကြရာ ဂူပေါက်တစ်ခုကို တွေ့ကြရသဖြင့် ထိုဂူထဲမှာပင် စခန်း
ကြလေသည်။

ဂူထဲရောက်သည်နှင့် ထင်းခြောက်ရှာခြင်း၊ ရေရှာခြ
မီးမွေးခြင်း၊ ရေနွေးကျိုခြင်း၊ အစားအသောက်များစီမံခြင်း
တော့ ထွန်းခကပင် ဒိုင်ခံပြုလုပ်လေသည်။

ချက်ပြုတ်စားသောက်ပြီးသောအခါ နေဝင်သွားပေ

ထိုအချိန်ရောက်တော့ ဆရာကြီးက ဂူပေါက်ဝတွင်
ဝတ်ဖြူတစ်ထည်ခင်းပြီး အသင့်ပါလာသော ဖယောင်းတိုင်၊
မွှေးတိုင်များထွန်းသည်။

ပြီးမှ ကြေးစည်ထုပြီး ဘုရားရှိခိုးခြင်း၊ ပရိတ်တော်မ
ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ မေတ္တာပို့ခြင်း၊ အမျှအတန်းဝေခြ
များ ပြုလုပ်လေသည်။

ထိုကိစ္စများပြီးတော့မှ မျက်စိမှိတ်ကာ ပုတီးစိပ်နေ
တော့သည်။

ဦးဗန်ကောင်းကလည်း ဆရာကြီးနှင့်မနီးမဝေးမှာ
ပြီး ပုတီးစိပ်နေလေသည်။

ထွန်းခကတော့ မီးမပြတ်စေရန် ထင်းထည့်ပေး
ထိုင်စောင့်နေလေသည်။

ညဉ့်ဦးပိုင်းအချိန်ရောက်တော့ ဂူထဲသို့ထူးထူးခြားခြ
သင်းပျံ့သောရနံ့များ အရင်ဝင်လာသည်။

ပြီးမှ အပြင်ဘက်မှ လျှောက်လာသော ခြေသံကြား



သည်။

လှမ်းကြည့်လိုက်တော့ ပဝါတစ်ထည်ကို ခေါင်းမှစပြီး
ကိုယ်လုံး လုံအောင်ခြုံထားသော အမျိုးသမီးတစ်ယောက်
က်လာသည်ကို မြင်ရသည်။

ထိုသို့မြင်သဖြင့် ထွန်းခက ပုတီးစိပ်နေသော ဆရာကြီး
တိုးတိုးပြောပြလိုက်သည်။

ဆရာကြီးက ပုတီးစိပ်ခြင်းကိုရပ်ပြီး သူမရှိရာဘက်သို့
ကြည့်လိုက်သည်။

ထိုအမျိုးသမီးက ဂူပေါက်ဝနှင့် မနီးမဝေးနေရာရောက်
တော့ ရပ်လိုက်သည်။

"ဒီနေရာနဲ့ သက်ဆိုင်သူလား"

"ဟုတ်ပါတယ်"

"ကျုပ်ပေးပို့တဲ့ မေတ္တာနဲ့ အမျှအတမ်းတွေကို ရပါရဲ့
"

"ရပါတယ် ဆရာကြီး၊ ဒီအတွက် ကျေးဇူးတင်ပါတယ်၊
မတို့ကို ဘာကြောင့်ခေါ်တာပါလဲ"

"ခွင့်တောင်းချင်လို့ပါ"

"ဒီနေရာမှာရှိတဲ့ သိုက်တွေကို မဖျက်ဆီးဘူးဆိုရင် ကျန်
တော့ ခွင့်ပြုပေးနိုင်ပါတယ်"

"ကျုပ်တို့အနေနဲ့ ပလ္လင်တွေနဲ့ ရုပ်ထုတွေကို မဖျက်ဆီး
ဘူး၊ သိုက်ထဲကဥစ္စာပစ္စည်းတွေကို အလိုမရှိပါဘူး"

"ဒါဖြင့် ဘာအလိုရှိပါသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာမှာ အဓိဋ္ဌာန်ဝင်ချင်ပါတယ်. . ခွင့်ပြု
နောက်တစ်ခုက ပလ္လင်တွေမှာရှိတဲ့ အဖော်မပါတဲ့ အက္ခရာ
လုံးနဲ့ သက်ဆိုင်တဲ့ အင်းချပ်တွေကို ကူးယူခွင့်ပေးပါ"

"အင်းချပ်တွေရရင် ဘယ်နေရာမှာ အသုံးချမှာပါ

"သူတစ်ပါး ဒုက္ခရောက်အောင် မပြုလုပ်ပါဘူး၊ သ
ဆိုင်သူတွေရှိတဲ့ ဥစ္စာသိုက်တွေကို မဖျက်ဆီးပါဘူးလို့ ကတိ
ပါတယ်၊ သာသနာပြုလုပ်ငန်းတွေနဲ့ အများအတွက် ကောင်း
ဖြစ်စေမယ့် နေရာတွေမှာပဲ အသုံးပြုမှာပါ"

"ကောင်းပါပြီ၊ ဆရာကြီးရဲ့ သီလနဲ့သမာဓိကို ယုံ
တဲ့အတွက် ဆရာကြီးအလိုရှိသောအရာပြုဖို့ ခွင့်ပေးပါတ

"အခုလိုခွင့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်. .
ကုသိုလ်ကောင်းမှုပြုပြီးရင် အမျှအတန်းဝေပေးပါ့မယ်"

ထိုသို့ပြောလိုက်သည်နှင့် ထိုအမျိုးသမီးလည်း ကျေ
သောအမူအရာဖြင့် ခေါင်းညိတ်ပြပြီးနောက် ထိုနေရာမှ
ထွက်သွားလေတော့သည်။

ထိုအခါမှ ဦးဇန်ကောင်းကပြောသည်။

"ဆရာကြီး ခေါ်လို့သာ လိုက်လာခဲ့ရတယ်၊ ဒီအကြော
တွေကို ကျွန်တော်မသိရသေးဘူး၊ အဖော်မပါတဲ့ အက္ခရာ
လုံးက ဘာတွေများလည်း ဆရာကြီး"

ဆရာကြီးသူရဇ္ဇက ထွန်းခင့်ပေးသော လက်ဖက်
ကိုယူပြီး သောက်သည်၊ ပြီးမှ ရှင်းပြလေသည်။

"မြန်မာအက္ခရာမှာ ဗျည်း(၃၃)လုံးရှိတယ် မဟုတ်



ကြီးကနေ အ,အထိ အဖော်ပါတဲ့ အက္ခရာက (၂၄)လုံးရှိပြီး၊
အဖော်မပါတဲ့ အက္ခရာက (၉)လုံးရှိတယ်၊ အဖော်ပါတဲ့ အက္ခရာ
(၂၄)လုံးက ပဋ္ဌာန်းစည်းဖြစ်ပြီး၊ အဖော်မပါတဲ့ အက္ခရာ (၉)လုံး
က နဝင်းစည်းလို့ ခေါ်ကြတယ်ဗျ"

"ဟုတ်ကဲ့"

"ဒါကလည်း သာမန်လူတွေကတော့ သတိမထားမိကြ
ပါဘူး၊ ဝိဇ္ဇာအဆင့်ရောက်တဲ့ ပုဂ္ဂိုလ်တွေမှသာ သိကြတယ်၊
အဖော်ပါတဲ့ အက္ခရာဆိုတာ ဒီလိုဗျ. . ."

ကကြီးဆိုလျှင် ကနှင့်ကြီးပေါင်းသဖြင့် အဖော်ပါသည်။

ခကွေး ဆိုလျှင် ခနှင့်ကွေး အက္ခရာနှစ်လုံးပေါင်းမှ
တစ်လုံးဖြစ်သဖြင့် အဖော်ရပါသည်။

ဂငယ်ဆိုလျှင် ဂအက္ခရာနှင့် ငယ်အက္ခရာတွဲခေါ်မှ
ဂငယ်ဖြစ်သောကြောင့် တွဲနေသော အဖော်အက္ခရာပါရလေ
သည်။

အဖော်ပါမှ အက္ခရာသံထွက်သော (၂၄)လုံးမှာ

"က. ခ. ဂ. ဃ. စ. ဆ. ဇ. ဈ. ဋ. ဌ. ဍ. ဎ. ဏ.
တ. ထ. ဒ. ဓ. န. ပ. ဖ. ဗ. ဘ. ရ. ဠ" ဖြစ်သည်။

အဖော်အက္ခရာ မပါဘဲ တစ်လုံးတည်းအသံထွက်သော
အက္ခရာ (၉)လုံးမှာ

"င. ည. မ. ယ. လ. ဝ. သ. ဟ. အ"

ဟူသော အက္ခရာ (၉)လုံးပင်ဖြစ်ပေသည်။

"ဒီအဖော်မပါတဲ့ အက္ခရာ(၉)လုံးကို အဖော်များများ



www.burmeseclassic.com

www.burmeseclassic.com



က သတိမထားမိပါဘူး၊ ဗားမဲ့ဆရာတော်ကြီး ရေးသားစီရင်တော်မူတဲ့ ပဋ္ဌာန်းစည်းနဲ့ နဝင်းစည်းအက္ခရာတွေက အကြောင်းမှာတော့ ပါတယ်၊ ဆရာတော်ကြီးကတော့ အဲဒီအက္ခရာကိုးလုံး 'နဝင်းအက္ခရာ' လို့ သတ်မှတ်ပြီး အင်းချပ်အစီအရင်တွေ ပြုလုပ်ထားခဲ့တယ်"

ဦးဗန်ကောင်းကတော့ ဆရာကြီးအနေဖြင့် မဟာဂန္ဓာရီပညာများနှင့်ပတ်သက်ပြီး နှံ့စပ်မှုရှိပုံများကို စိတ်ထဲမှာကြိတ်ကာ ချီးကျူးနေမိလေသည်။

"နဝင်းအက္ခရာကိုးလုံးနဲ့ ဒီပလ္လင်တွေနဲ့ ဘယ်လိုများဆက်စပ်မှုရှိနေသလဲ ဆရာကြီး"

"ဒီပလ္လင်တွေက သာမန်လုပ်ထားခဲ့တာ မဟုတ်ဘူးဗျ ဂမ္ဘီရအစီအစဉ်တွေနဲ့ လုပ်ထားခဲ့ပုံရတယ်၊ ဒါကြောင့် ပလ္လင်ပုံသဏ္ဌာန်တွေကလည်း တစ်ခုနဲ့တစ်ခု မတူတာပေါ့"

"ဒါထက် အဖော်မပါတဲ့ နဝင်းအက္ခရာတွေနဲ့ အင်းချပ်ပုံသဏ္ဌာန်တွေရရင် ဘယ်လိုအကျိုးရနိုင်သလဲ ဆရာကြီး"

"လောကီအစီအရင်တွေမှာတော့ သိဒ္ဓိ(၄)ပါး၊ သိဒ္ဓိ(၈)ပါး၊ သိဒ္ဓိ(၁၀)ပါး၊ သိဒ္ဓိအပါး(၃၀)အထိ ဉာဏ်ရှိသလို စီရင်ပြီး သုံးစွဲလို့ ရနိုင်တာပေါ့ဗျာ"

"စိတ်ဝင်စားစရာပါပဲ"

"င၊ ည၊ မ၊ ယ၊ လ၊ ဝ၊ သ၊ ဟ ဆိုတဲ့ အက္ခရာ (၈)လုံးကို ဗျည်းသွားအတိုင်းအင်းချပြီး၊ အလယ်နေရာမှာ 'အ'အက္ခရာထည့်ထားတဲ့ စမအင်းက သိဒ္ဓိအပေါင်းကို အလိုရှိရာအသုံးပြုနိုင်တယ်"



"ဒါပေမယ့် အလယ်နေရာက ပလ္လင်တစ်ခုက ပျောက်နေလေတော့ ဘယ်လိုရှာရမလဲ"

"ကိုယ်ရှာလို့ကတော့ အလွယ်တကူ ဘယ်တွေ့နိုင်ပါ့မလဲဗျာ၊ သက်ဆိုင်ရာအစောင့်အရှောက် ပုဂ္ဂိုလ်တွေက ခွင့်ပြုပေးရင်တော့လည်း တွေ့ကြရပေမပေါ့"

ဟု မြွက်ပြောလေသည်။

ထို့နောက်မှာတော့ ဆရာကြီးနှင့် ဦးဗန်ကောင်းတို့နှစ်ယောက်မှာ ဆက်ပြီးပုတီးစိပ်ရန် ပြင်ဆင်နေကြလေတော့သည်၊ အချိန်က တဖြည်းဖြည်းနှင့် ညဉ့်နက်ပိုင်းအချိန်သို့ ရောက်လာလေပြီ။

www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၁၂)

# ကွယ်ပျောက်နေသည့် ပလ္လင်

နောက်တစ်နေ့မှာတော့ နံနက်ပိုင်း ဝေယျာဝစ္စများပြီး
...ည်နှင့် ပလ္လင်ပျက်များတွင် ရေးသားထားသော အက္ခရာနှင့်
...င်းချုပ်များကို စတင်ရှာဖွေကြလေသည်။

သူတို့သည် ပလ္လင်ပျက်များ၌ ဖုံးနေသော ချုံနွယ်ပိတ်
...င်းများကို ရှင်းလင်းကြသည်။

ကပ်နေသော ရေညှိ၊ ရေမှော်များကို စိတ်ရှည်လက်



www.burmeseclassic.com

www.burmeseclassic.com



ရှည် ဖယ်ပစ်သောအခါ ပလ္လင်မျက်နှာပြင်မှာ ရေးထားသော အင်းချပ်နှင့် ပလ္လင်အရှေ့ဘက်တွင်ရေးထားသော အက္ခရာ လုံးတို့ကို တွေ့ကြရသည်။

ပလ္လင်တစ်ခုလျှင် အဖော်မပါ နဝင်းအက္ခရာတစ်လုံး တွေ့ကြရလေသည်။

ပလ္လင်မျက်နှာပြင်ပေါ်မှာ ရေးထားသော အင်းကွက် (၉)ကွက်အင်းဖြစ်သည်။

ထိုအင်းကွက်မှာလည်း သူ့နေရာနှင့်သူ . အင်းဆန် တစ်လုံးသာ ရေးထွင်းထားလေသည်။

ဥပမာ - တနင်္လာထောင့်တွင်ရှိသော အင်းကွက်၌ အက္ခရာ ရေးသွင်းထားသည်။

အင်္ဂါထောင့်၌ရှိသော ပလ္လင်၌ရေးထားသည့် အ ကွက်တွင် (ည)အက္ခရာ ရေးသွင်းထားသည်။

ဗုဒ္ဓဟူးထောင့်ပလ္လင်၌ ရေးထားသည့် အင်းကွက် (ယ)အက္ခရာ ရေးသွင်းထားသည်။

ကြာသပတေးထောင့်တွင်ရှိသော ပလ္လင်၌ရေးထ သည့် အင်းကွက်တွင် (မ)အက္ခရာ ရေးသွင်းထားသည်။

သောကြာထောင့်တွင်ရှိသော ပလ္လင်၌ရေးထားသ အင်းကွက်တွင် (သ) အက္ခရာရေးသွင်းထားသည်။

စနေထောင့်၌ရှိသော ပလ္လင်မျက်နှာပြင်ပေါ်၌ရှိ အင်းကွက်တွင် (ဝ)အက္ခရာ ရေးသွင်းထားသည်။

ရာဟုထောင့်၌ရှိသော ပလ္လင်မျက်နှာပြင်ပေါ်၌ရှိ



အင်းကွက်တွင် (လ)အက္ခရာ ရေးသွင်းထားသည်။

တနင်္ဂနွေထောင့်၌ရှိသော ပလ္လင်မျက်နှာပြင်ပေါ်၌ ရေး ထားသောအင်းကွက်တွင် (ဟ)အက္ခရာ ရေးထားလေသည်၊

ပလ္လင်(၈)ခုနှင့် အက္ခရာ(၈)လုံးတော့ ပြည့်စုံသွားလေပြီ။

တစ်နေကုန်အောင် ပလ္လင်များကို ရှင်းလင်းသုတ်သင် ပြီး အင်းချပ်များကူးယူခြင်း၊ စမအက္ခရာများ ကူးယူခြင်းများ ပြုလုပ်ရာတွင် ပလ္လင်(၈)ခုပြီးသောအခါ ညနေပိုင်းအချိန်သို့ ရောက်ခဲ့လေပြီ။

"ဆရာကြီး ပလ္လင်ရှစ်ခု၊ အင်းရှစ်ချပ်နဲ့ စမအက္ခရာ ရှစ်လုံးတော့ ရှာတွေ့ပြီ၊ ပလ္လင်တစ်ခုနဲ့ (အ)အက္ခရာတစ်လုံး လိုနေသေးတယ်"

"အဖော်မပါ စမအက္ခရာအင်းရဲ့အလယ်မှာ (အ)အက္ခ ရာရှိတယ်၊ ဒီတော့ ပျောက်နေတဲ့ ပလ္လင်လည်း အလယ်နေရာ မှာ ရှိမှာပေါ့"

"ဘယ်လိုရှာမလဲ ဆရာကြီး"

"သက်ဆိုရာပုဂ္ဂိုလ်တွေကို ခွင့်တောင်းရမယ်၊ သူတို့ ခွင့် ပေးရင်တော့ ဒီညတွေ့ခွင့်ရမယ် ထင်ပါတယ်"

ဟုပြောပြီး ၄င်းတို့တည်းခိုသောနေရာသို့ ပြန်လာကြ လေသည်။

ဂူသို့ပြန်ရောက်သောအခါ ထွန်းခစီစဉ်ပေးသော အ စားအသောက်များကို စားသောက်ပြီး နားကြသည်။

ညဉ့်ဦးပိုင်းအချိန်ရောက်တော့မှ လိုအပ်သောပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



များကို ယူဆောင်သွားပြီး ပလ္လင်(၈)ခု ဝန်းရံနေသော အလယ်နေရာသို့ သွားကြလေသည်။

အလယ်နေရာတွင် သစ်ပင်ကြီးများ၊ ချုံနွယ်ပိတ်ပေါင်းများမရှိဘဲ ပြောင်ရှင်းနေသော တောင်ကုန်းတစ်ခုသာ ရှိလေသည်။

ထိုတောင်ကုန်းပေါ်မှာရော အနီးတစ်ဝိုက်မှာပါ အခြားထူးထူးခြားခြား ဘာမှမတွေ့ရပေ။

အချိန်က ညဦးပိုင်းအချိန် ရောက်လာပြီဖြစ်သဖြင့် အမှောင်ရိပ်များ ဖုံးလွှမ်းလာသည် ဆိုသော်လည်း သစ်ပင်ရိပ်များနှင့်ကင်းသော တောင်ကုန်းတစ်ဝိုက်မှာ ကောင်းကင်မှ မှုံဝါးသော လ၏အလင်းရောင်က ရှိနေသောကြောင့် ကောင်းစွာမြင်နေရသည်။

တောင်ကုန်းတစ်ဝိုက်မှာ ညအချိန် အစာရှာထွက်လာကြသော တောကောင်ကြီးများ အသံကြားရသော်လည်း တောင်ကုန်းရှိရာတစ်ဝိုက်သို့ မရောက်လာကြပေ။

အများအားဖြင့် တောကောင်ကြီးများ အပါအဝင်၊ သားရဲတိရစ္ဆာန်များမှာ ပလ္လင်ပျက်ကုန်းပေါ်သို့ မလာဝံ့ကြပေ။

ထိုနေရာရောက်တော့ ဆရာကြီးနှင့် ဦးပန်ကောင်းတို့က တောင်ကုန်းထိပ်ပေါ်မှာ ဖယောင်းမီးများ၊ အမွှေးနံ့သာတိုင်များထွန်းကာ မနီးမဝေးနေရာ၌ ထိုင်ပြီး ပုတီးစိပ်ကြလေသည်။

အမှန်တော့ ဘုရား၊ တရား၊ သံဃာ ဂုဏ်တော်တို့ကို ပူဇော်သော ဂါထာများသာ ရွတ်ဆိုပြီး၊ အခြားဂါထာများကိုတော့



မရွတ်ဆိုမိအောင် သတိထားကြရသည်။

ပရလောကသားများ ကြောက်ရွံ့သော ပရိတ်တရားတော်များ၊ ဂါထာမန္တာန်များ ရွတ်ဆိုမိပါက မခံနိုင်ဘဲ အဝေးသို့ဖယ်ပေးကြရသောကြောင့် အကူအညီပေးချင်သော်မှ မပေးနိုင်ကြတော့ပေ။

သမ္ဗုဒ္ဓေဂါထာမျိုးရွတ်ဆိုလျှင် သာမန်ပရလောကသားတို့မခံနိုင်ဘဲ အဝေးသို့ရှောင်ပေးကြရသည်။

ထို့ကြောင့် ယခုနေရာမျိုးတွင် သမ္ဗုဒ္ဓေဂါထာမျိုးထက် မေတ္တာသုတ်ပရိတ်တော်လိုမျိုးကိုသာ ဦးစားပေးရွတ်ဆိုကြရပေသည်။

အထူးသဖြင့်တော့ မေတ္တာပို့ပေးခြင်း၊ အမျှအတမ်းဝေပေးခြင်းတို့ကိုသာ ဦးစားပေးဆောင်ရွက်ကြရလေသည်။

ညဉ့်ဦးပိုင်းအချိန်ရောက်တော့ ဝတ်ဖြူစင်ကြယ် ဝတ်ထားပြီး အသက်အရွယ်ကြီးသော အဘိုးအိုတစ်ဦး ရောက်လာလေသည်။

ခြေသံကြားသဖြင့် မျက်စိဖွင့်ကြည့်လိုက်တော့ အနားမှာ ရပ်နေသည်ကို တွေ့ရလေသည်။

“ဒီနေရာကို စောင့်ရှောက်ပေးနေရတဲ့ ပုဂ္ဂိုလ်များလား”

“မှန်ပါတယ်”

“ပေးပို့တဲ့ မေတ္တာနဲ့ ကုသိုလ်ကောင်းမှု အမျှအတမ်းတွေကို ရပါရဲ့လား”

“ရပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်၊ တစ်ဦးမေတ္တာ

www.burmeseclassic.com



တစ်ဦး၊ တစ်ဦးကျေးဇူး တစ်ဦးကတုံ့ပြန်ရမှာဆိုတော့ ဘာများ အကူအညီပေးရပါမလဲ"

"ကျွန်တော်တို့လာတာ ဒီနေရာမှာရှိတဲ့ပစ္စည်းတွေ လိုချင်လို့မဟုတ်ပါဘူး၊ ဒီနေရာတစ်ဝိုက်မှာရှိတဲ့ ပုဂ္ဂိုလ်တွေ အနှောင့်အယှက်ပေးဖို့လည်း မဟုတ်ပါဘူး၊ အဘိုးအနေ ကူညီပေးမယ်ဆိုရင်တော့ ပလ္လင်ပျောက်ကို မြင်ချင်ပါတယ် ပလ္လင်ပျောက်မှာရေးထားတဲ့ အင်းစမကို ကူးယူခွင့်ပေးစေ ပါတယ်"

"ပညာရပ်အတွက် တကူးတကလာခဲ့ကြတယ်ဆိုတာ သိပါတယ်၊ မြင်ချင်တာကို မြင်ရပါစေမယ်၊ ကူးချင်တာကိုလည် ကူးယူခွင့်ပေးပါမယ်၊ ဒါပေမယ့် မိတ်ဆွေကြီးတို့က တစ်ခု ကတိပေးကြပါ"

"ဘယ်လို ကတိမျိုးပါလဲ"

"ပလ္လင်ပျောက်ပေါ်မှာ သိဒ္ဓိဝင်ပတ္တမြားမျက်ရှင် ရှိ တယ်၊ ပတ္တမြားမျက်ရှင်ကိုမြင်ရင် စိတ်နဲ့တောင် မပစ်မှားမိ ကတိပေးပါ"

"ကတိပေးပါတယ်၊ ပတ္တမြားမျက်ရှင်မှ မဟုတ်ပါဘူး ဘယ်လိုပစ္စည်းမျိုးမှ ယူငင်ဖျက်ဆီးခြင်း မပြုပါဘူးလို့ ကတိပေး ပါတယ်ခင်ဗျား"

"ကောင်းပြီ ဒီလိုဖြင့် တောင်ကုန်းရှိတဲ့ နေရာကိုသာ ကြည့်ကြပါ"

ဟုပြောပြီး လက်ညှိုးထိုးပြသဖြင့် နှစ်ယောက်သား ထို



နေရာသို့ ကြည့်လိုက်ကြသည်။

ကြည့်နေရင်းမှာပင် မြေလျှင်လှုပ်သကဲ့သို့ဖြစ်ကာ မြေကြီးများ အက်ကွဲကျလာသည်။

အက်ကွဲနေသော မြေကြီးအတွင်းမှ ထိုးထွက်လာသော အနီရောင်အလင်းတန်းများကို အရင်မြင်ရသည်။

ထို့နောက်မှာတော့ မြေကြီးထဲမှ ပလ္လင်ကြီးတစ်လုံး သည်း ပါလာရာ ပတ်ဝန်းကျင်တစ်ခုလုံး နီရဲသောအလင်းရောင် များ ပြန့်နှံ့နေလေတော့သည်။

ပလ္လင်ကြီးမှာ အခြားပလ္လင်များနှင့်မတူဘဲ ခန့်ညား ညည်ဝါလှသော သီဟာသန ပလ္လင်တော်ပုံသဏ္ဌာန်မျိုးဖြစ်သည်၊ ပလ္လင်ချည်းသပ်သပ်ဖြစ်ပြီး နောက်ဘက်က တကဲတော့မပါပေ။

ထိုပလ္လင်ပေါ်မှာတော့ ပွင့်ဝဲနေသော ပတ္တမြားမျက်ရှင် တစ်လုံး ရှိနေသည်။

တအံ့တဩဖြင့် ကြည့်နေကြစဉ် ၊ အဘိုးကြီးကပြော သည်။

"သင်တို့အလိုရှိသော အင်းစမတို့ကို ကူးယူခွင့်ပြုပါ တယ်၊ ကူးယူကြပါတော့"

ဟု ခွင့်ပေးသဖြင့် ဆရာကြီးနှင့် ဦးဗန်ကောင်းတို့သည် ပလ္လင်ကြီးရှိရာသို့ သွားကြလေသည်။ အနားရောက်တော့ ပလ္လင် ၏ရှေ့ဘက်တွင် 'အ' အက္ခရာတစ်လုံး ပေါ်နေသည်ကို တွေ့မြင် ကြရသည်။

ပလ္လင်မျက်နှာပြင်ပေါ်မှာတော့ အဖော်မပါ စမအက္ခ

www.burmeseclassic.com



ရာ ၉လုံးဖြင့် ရေးဆွဲထားသော ကိုးကွက်အင်းတစ်ချပ်ကို တွေ့ ရသဖြင့် ဆရာကြီးက ကူးယူလိုက်လေသည်။

မျဉ်းသွားချထားသော အလယ်နေရာတွင် (အ)အက္ခ ရာကို ထည့်သွင်းထားလေသည်။

အလိုရှိသော စမအက္ခရာကို အလယ်နေရာရောက် အောင် ရေးချပြီး အသုံးပြုပါက ဣစ္ဆာသယ လိုတိုင်းရသည်ဟု အဆိုရှိပေသည်။

မဟာမြိုင်တောကြီးအတွင်း၌ သီတင်းသုံးခဲ့သော မဟာ မြိုင်ဆရာတော်ကြီး၏ ဂူကျောင်းဝတွင် ရွှေအနားရစ်သုံးခု သော ကျောက်ညိုသပိတ်ကြီးတစ်လုံး ချထားလေသည်။

ထိုကျောက်ညိုသပိတ်ကြီး၏အတွင်း ဣစ္ဆာသယအင်း ချပ်ရေးထားပြီး နံဘေးတွင် 'ဣစ္ဆာသယ'ဟူသော စာလုံး ရွှေဖြင့် ရေးထားလေသည်။

ထိုက်သူများက ထိုကျောက်ညိုသပိတ်ကြီးကိုတွေ့လျှင် အလိုရှိရာ ဆုတောင်းပြီး သပိတ်အတွင်းသို့ နှိုက်ယူသောအခါ မိမိတို့အလိုရှိသောပစ္စည်းများ ရနိုင်လေသည်။

ထိုကျောက်ညိုသပိတ်ကြီးမှာ ပထမံဘိုးဘိုးအောင် လှူဒါန်းထားသော သပိတ်ကြီးဖြစ်ကြောင်းနှင့်. . သိဒ္ဓိရှိသော သပိတ်ကြီးပင်ဖြစ်ပေသည်။

ယခုလည်း သီဟာသနပလ္လင်ပေါ်မှာ ရေးဆွဲထားသော အင်းချပ်မှာ အဖော်မပါ စမအက္ခရာ (၉)လုံးတို့မှာ 'အ'အက္ခရာ ကို အလယ်ခေါင်သွင်းပြီး ရေးဆွဲထားသော အင်းချပ်ဖြစ်သည်



သိဒ္ဓိမျိုးစုံတို့ ပြီးမြောက်စေနိုင်သော "ဣစ္ဆာသယအင်းချပ်" အမျိုးအစားပင် ဖြစ်သောကြောင့် ဆရာကြီးက သေသေချာချာ ကူးယူလိုက်လေသည်။

၎င်းတို့ကူးယူနေသောအချိန်တွင် ပတ္တမြားလုံးကြီးက အနီးတစ်ဝိုက်တွင် ၄က်တစ်ကောင်ကဲ့သို့ ပျံဝဲနေရာ အလင်းရောင်များရနေသောကြောင့် အခက်အခဲမရှိ ကူးယူနိုင်ပေသည်။

ဆရာကြီးသူရဋ္ဌက ပလ္လင်ပေါ်မှ အင်းစမတို့ကို ပြည့်စုံစွာ ကူးယူလိုက်ပြီးသည့်နောက်မှာတော့ မြေပေါ်တွင်ပေါ်နေသော ပလ္လင်နှင့်ပျံဝဲနေသော ပတ္တမြားကြီးမှာ တဖြည်းဖြည်းနှင့် မှေးမှိတ်ပျောက်ကွယ်သွားလေတော့သည်။

ပတ္တမြားအလင်းရောင် ပျောက်ကွယ်သွားသည်နှင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာ အမှောင်ရိပ်များ ပြန်ဖုံးသွားလေသည်။

ထိုနေရာမှ ပြန်ထွက်လာတော့ မနီးမဝေးနေရာမှာ ရပ်နေသော အဘိုးကြီးကိုတွေ့ရသဖြင့် ကျေးဇူးတင်စကားဆိုလိုက်လေသည်။

"ကျွန်တော်တို့ကို အခုလိုကူညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ အဘိုးအပါအဝင် ဒီနေရာတစ်ဝိုက်မှာရှိတဲ့. . . မြင်အပ်၊ မမြင်အပ်ပုဂ္ဂိုလ်တွေနဲ့ ပလ္လင်ပျောက်ကုန်းကို စောင့်ရှောက်ပေးနေတဲ့ ပုဂ္ဂိုလ်တွေကို ကျေးဇူးဆပ်တဲ့အနေနဲ့ ပဋ္ဌာန်း (၉)နေရာမှာ (၉)ရက်တိတိ အဓိဋ္ဌာန်ဝင်ပြီးတော့ မေတ္တာပို့အမျှအတန်းဝေပေးပါမယ်"

"ကောင်းပါပြီ၊ ဒီလိုပြုလုပ်ပေးတဲ့အတွက် ဒီနေရာမှာ

www.burmeseclassic.com

ရှိတဲ့ သက်ဆိုင်ရာပုဂ္ဂိုလ်တွေကတော့ သင်တို့ကိုကျေးဇူးတင်ပြီး ဝမ်းမြောက်ဝမ်းသာနဲ့ သာဓုခေါ်ကြပါလိမ့်မယ်၊ ဒီနေရာတစ်ဝိုက်မှာနေတဲ့ ကာလပတ်လုံး ဘယ်လိုအန္တရာယ်မျိုးကမှ အနှောင့်အယှက်မပေးနိုင်အောင်လည်း ကာကွယ်စောင့်ရှောက်ပေးပါမယ်"

"ကောင်းပါပြီ အဘိုး"

ထိုသို့ပြောလိုက်သည့် အဘိုးကြီးလည်း လာရာလမ်းအတိုင်း ပြန်သွားလေတော့သည်။

"ဆန်းကြယ်လိုက်တာ ဆရာကြီးရယ်"

ဦးဇန်ကောင်းက တိုးတိုးပင်ရေရွတ်ပြောဆိုလိုက်သည်။

"ဒါတွေက အဆန်းတကြယ်တော့ မဟုတ်ပါဘူး၊ လောကမှာ ကိုယ့်ရဲ့ဉာဏ်တစ်ထွာ တစ်မိုက်လောက်နဲ့ လိုက်မမီနိုင်တဲ့အကြောင်းတွေ အများကြီးရှိတာပဲ၊ ဒါကြောင့် ရှေးဆရာကြီးတွေက ပြောခဲ့တာပေါ့ဗျာ၊

'မြင်ရတိုင်းလည်း ပုံပြီးမယုံလေနဲ့. . .'

'မမြင်ရတိုင်းလည်း မယုံမရှိလေနဲ့. . .'

ဆိုတဲ့စကားလိုပေါ့ ကိုယ့်မျက်စိနဲ့မမြင်ရပေမယ့် ယုံကြည်လောက်တဲ့ ထူးဆန်းအံ့သြဘွယ်ရာကောင်းတဲ့ အကြောင်းတွေ လောကမှာ အများကြီးရှိပါတယ်"

"သဘောပေါက်ပါပြီ ဆရာကြီး၊ ဒါထက် ပလ္လင်တွေနဲ့ပတ်သက်ပြီး ထူးခြားဆန်းကြယ်မှုတွေကိုလည်း ကျွန်တော့်ကိုပြောပြပေးပါဦး"

"ဂူထဲပြန်ရောက်တော့မှ အေးအေးဆေးဆေး ပြောပြပေးပါ့မယ်"

ဟုပြောဆိုပြီး နှစ်ယောက်သား ၄င်းတို့စတည်းချနေသော ဂူပေါက်ရှိရာဘက်သို့ ပြန်ဆင်းလာကြလေသည်။

အချိန်က ညဉ့်နက်ပိုင်းအချိန်သို့ ရောက်ခဲ့ချေပြီ။







www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၁၃)

# ကမ္ဘာတလွှားမှ ထူးခြားဆန်းကြယ်သောပလ္လင်များ

"ပလ္လင်"သည် "မြင့်မြတ်သော အခင်းနေရာမြင့်"ဖြစ် ကျမ်းဂန်များတွင် ပလ္လင် (၆)ပါးရှိကြောင်းပြဆိုသည်။ ယင်းတို့မှာ. . .

(၁) မြတ်စွာဘုရားပွင့်တော်မူရာ အပရာဇိတပလ္လင်

(၂) ဗြဟ္မာမင်းတို့ထိုင်သော ကမလာသန (ဓါ) ကြာ

www.burmeseclassic.com

www.burmeseclassic.com



ပလ္လင်

(၃) နတ်တို့ထိုင်သော ဒိဗ္ဗာသနပလ္လင်

(၄) လူမင်းတို့ထိုင်သော ရာဇပလ္လင်

(၅) တရားသူကြီးတို့ထိုင်သော အဋ္ဋကရုနပလ္လင်

(၆) ဓမ္မကထိကတို့ထိုင်သော ဓမ္မာသနပလ္လင်

တို့ဖြစ်သည်။

ဆွမ်းတော်တင်တို့ စွန့်ပစ်ရာနေရာအမြင့်ကို သင်[...] (သမုတ်) ပလ္လင်ဟူ၍လည်း ရှိပေသေးသည်။

မြတ်စွာဘုရားပွင့်တော်မူရာပလ္လင်သည် ဘုရားရှင်[...] တန်ခိုးတော်အားဖြင့်. . အလိုအလျောက် မြေမှပေါ်ထွက်[...] သည်။

"မာရ်နတ်စစ်သည်များသည်. . ပလ္လင်တော်၏ [...] နောက် ဝဲယာတို့မှ တက်ရောက်မည်ပြုသည် ဟူသောစ[...] ကိုထောက်၍ အပရာဇိတပလ္လင်သည် လေးမျက်နှာပြန့် ပ[...] လုံးဖြစ်ကြောင်း သိရလေသည်။

ဂေါတမမြတ်စွာဘုရား၏ အပရာဇိတပလ္လင်သ[...] မဟာသက္ကရာဇ် (၁၀၃)ခု ကဆုန်လပြည့်နေ့တွင် ပေါ်ထွ[...] ဗောဓိပင်၏ အရှေ့မျက်နှာ လေးတောင်ကွာတွင် တည်သ[...]

ထိုပလ္လင်သည် တစ်ဆယ့်လေးတောင် အပြန့်က[...] သည်။

ရာဇပလ္လင်မှာ မာရဘင်တံခါးကိုကပ်လျက် တစ်[...] သာရှိသော ပလ္လင်မျိုးဖြစ်သည်။



ပလ္လင်လုံးကိုလည်း အလယ်ထက်ဝက် မာရဘင်ကန့်[...] င်သည်။

ပလ္လင်၏ အနိမ့်အမြင့်ပမာဏကိုလိုက်၍ ရာဇပလ္လင် [...])မျိုး (၃)စား ခွဲခြားနိုင်သည်။

ယင်းတို့မှာ -

(၁) (၁၆)တောင်ရှိသော မဟာပလ္လင်၊

(၂) (၈)တောင်ရှိသော မဇ္ဈိမပလ္လင်၊

(၃) (၄)တောင်ရှိသော စူဠပလ္လင်

ဟူ၍ဖြစ်သည်။

မင်းတို့သည် မိမိတို့နှစ်သက်ရာ ပလ္လင်အရွယ်ကို ပြုလုပ်[...]ကြသည်။

ပလ္လင်တစ်ခုလျှင် ခြင်္သေ့၊ ဆင်ပျံ၊ လောကနတ်၊ ဒေါင်း[...]ယပ်၊ ဆင်နား၊ တံခါးတိုင်၊ သိကြား၊ ကိန္နရာ၊ သမ္မာဒေဝ၊ [...] ကြာ၊ ဦးဆောက်ပန်း ဟူ၍ (၁၂)နေရာ ပါမြဲဖြစ်သည်။

ခြင်္သေ့ရုပ်ကို ပလ္လင်အောက်ခုံတွင် ထုလုပ်ရသည်။ [...]သရာဇာခြင်္သေ့မင်း၏ သန်မြန်ခြင်း၊ ဝင့်ဝင့်ကြွားကြွားရှိခြင်း [...]သာဂုဏ်ကိုယူ၍ ထုလုပ်သည်။

ခြင်္သေ့ရုပ်ကို ရာဇပလ္လင်ဥကင်၏ လက်ဝဲလက်ျာ၌ [...]ည်း ထုလုပ်သည်။

ဆင်ပျံနှင့် လောကနတ်ရုပ်တို့ကိုလည်း ဥကင်၏ လ[...] [...]သက်ျာ၌ပင် ထုလုပ်ထားသည်။

အကြောင်းမှာ ခြင်္သေ့မင်းသည် ရွှေဂူမှအထွက်တွင်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ပျံဆင်နှင့်တွေ့၍ အစာဖြစ်သော တိမ်ညွန့်ကြေ
အချင်းဖြစ်ရာ ဆင်ပျံဦးကင်းကို ခြင်္သေ့မင်းကနင်းလျက်
မောင်းကို စုတ်ယူစဉ် လောကနတ်သည် ခြေတွင်စည်း
တီးလျက် သီချင်းသီဆိုသောအခါ သာယာသဖြင့် ဆင်ပျံ
ခြင်္သေ့တို့နားခံလျက် ရန်ငြိမ်းကြသည်ကိုစွဲ၍ ထိုသုံးရုပ်ကို ပုံ
မပျက် ထုလုပ်ရကြောင်းဆိုသည်။

ရာဇပလ္လင် ဥကင်လက်ဝဲလက်ျာ၌ ဒေါင်းမြီးယပ်
ရှိခြင်းမှာ မြတ်စွာဘုရားအလောင်း ဥဒေါင်းမင်းကို တင့်
လှသဖြင့် မင်းခြောက်ဆက်တိုင် ကြော့ကွင်းထောင်၍ ဖမ်း
သည့် ရှေးနိမိတ်ကိုစွဲ၍ အမြီး၏တင့်တယ်ဟန်ကိုယူကာ ထု
ထားရှိခြင်းဖြစ်သည်။

ရာဇပလ္လင် ဥကင်လက်ဝဲ လက်ျာ၌ ဆင်နားဇာ
ထုလုပ်ထားရှိခြင်းမှာ မြတ်သောဆဒ္ဒန်ဆင်မင်းကိုစွဲ၍ ယင်း
နားနှင့်သဏ္ဌာန်တူစွာ ထုလုပ်ထားခြင်းဖြစ်သည်။

တံခါးတိုင်ထုလုပ်ထားရှိခြင်းမှာ ဥကင်၌ မုတ်တံ
ရှိသည်တကြောင်း၊ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတော်
လည်း တံခါးတိုင်ပါရှိသည်တကြောင်း၊ ထိုအကြောင်းများ
ထုလုပ်ထားခြင်းဖြစ်သည်။

သိကြားရုပ်ထုလုပ်ထားခြင်းမှာ မင်း၏ဘုရင့်ဝိမာန်
သိကြား (၃၃)ပါးတို့ စောင့်ရှောက်ဟန်ကို ရည်ညွှန်း၍ ထု
ထားရှိသည်။

ပဒုမ္မာကြာပွင့်ခံ၍ သားမြီးယပ်စွဲလျက် လက်ဝဲ(၁၆



လက်ျာ(၁၆)ရုပ်၊ တုရင်ဝိမာန်တွင်(၁)ရုပ်၊ ပေါင်း(၃၃)ရုပ် ထုလုပ်ရသည်။

ကိန္နရာရုပ်တု ထုလုပ်ထားရှိခြင်းမှာ ကိန္နရာတို့သည် နူးညံ့သော အမူအရာရှိ၍ ပန်းဝက်ဆံကို စားလေ့ရှိပြီးလျှင် မြတ်စွာဘုရားပွင့်တော်မူသောနေ့၌ ကခုန်တတ်ကြသော ရှေးနိမိတ်ကိုစွဲ၍ ထုလုပ်သည်။

သမ္မာဒေဝနတ်ရုပ်မှာ သမ္မာဒေဝနတ်စောင့်ရှောက်ဟန်ကို ရည်ညွှန်း၍ ထုလုပ်ထားရှိသည်။

ခြူးရုပ်မှာ ဘီလူးတို့ ကြောက်ရွံ့တတ်သဖြင့် ခြူးပန်း၊ ခြူးနွယ် ထုလုပ်ထားရှိသည်။

ကြာမှာလည်း ကျက်သရေပွင့်လန်းခြင်းကို ရည်ရွယ်၍ ထုလုပ်ထားရှိသည်။

ဦးဆောက်ပန်းမှာ ခြူးပန်းခြူးနွယ်တို့၏ အလယ်တွင် တစ်ပင်လျှင် တစ်ခက်ဖြင့် တစ်ပွင့်စီဆွဲလျက် မင်္ဂလာပန်းအဖြစ် အဦးအထွတ်ပြုကာ ထုလုပ်ထားသည်။

ပလ္လင်မျိုး (၈)ပါးရှိ၍ အသီးသီးအရာဌာနအလိုက် ဆောင်ယောင်ပါက ထားရှိရာနေရာ (၉)ဌာနရှိပေသည်။ ပလ္လင် (၈)ခန်း၊ ထားရာနေရာမှာ (၉)ခန်း (၉)ဌာန ဖြစ်သည့်အတွက် "ပလ္လင်ရှစ်ခန်း ရွှေနန်းကိုးဆောင်" ဟူသော ဝေါဟာရပေါ်ထွက်ခဲ့သည်။

ပလ္လင်(၈)ခန်း၊ ရွှေနန်း(၉)ဆောင်ကို ဖော်ပြမည်။

➢ ၁။ သီဟာသနပလ္လင်သည် ခြင်္သေ့ရုပ်ခံပြီး ယမနေသား



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်ပြုလုပ်ကာ မြေနန်းတော်တွင်ထားရှိသည်။ ဘုရင်မင်းမြတ်
အပူဇော်ခံရာတွင် စံမြန်းတော်မူသည်။

➤ ၂။ သီဟာသနပလ္လင်သည် မြေနန်းတော် (နန်းဦး
သဘင်ဆောင်)၌သာ ထားရှိသည်သာမက ဘုရင်မင်းမြတ်ကို
တော်တိုင် လွှတ်တော်တက်သည့် အခါ၌လည်း စံမြန်းရန် လွှ
တော်တွင် ထားရှိသည်။

➤ ၃။ ဘမယာသနပလ္လင်သည် ပိတုန်းရုပ်ခံပြီး ကရ
သားဖြင့်ပြုလုပ်ကာ မှန်နန်းဆောင်တွင် ထားရှိသည်။ ဘုရင်
မြတ် စက်တော်ခေါ် ရာတွင်သုံးသည်။

➤ ၄။ ပဒုမာသနပလ္လင်သည် ပဒုမာကြာပွင့်ခံပြီး သ
သားဖြင့်ပြုလုပ်ကာ အနောက်ဇေတဝန်ဆောင်တွင်ထားရှိသ
ဘုရင်မင်းမြတ်ကန်တော့ခံရာတွင် စံမြန်းတော်မူသည်။

➤ ၅။ ဟံသာသနပလ္လင်သည် ဟင်္သာရုပ်ခံပြီး သက်န်းသ
ဖြင့် ပြုလုပ်ကာ အရှေ့ဇေတဝန်ဆောင်တွင် ထားရှိသည်။ ဘု
မင်းမြတ် ဝတ်ပြုရာတွင် စံမြန်းတော်မူသည်။

➤ ၆။ ဂဇာသနပလ္လင်သည် ဆင်ရုပ်ခံပြီး စကားသား
ပြုလုပ်ကာ ဖြတိုက်ဆောင်တွင် ထားရှိသည်။ ဘုရင်မင်းမြ
လက်ဆောင်တော်ခံယူရာတွင် စံမြန်းတော်မူသည်။

➤ ၇။ သင်္ခါသနပလ္လင်သည် ခရုသင်းရုပ်ခံပြီး တောင်
သားဖြင့်ပြုလုပ်ကာ လေသာဆောင်တွင် ထားရှိသည်။ ဘု
မင်းမြတ် တရားစီရင်ရာတွင် စံမြန်းတော်မူသည်။

➤ ၈။ မိဂါသနပလ္လင်သည် သမင်ရုပ်ခံပြီး ရေသဖန်းသ



ဖြင့်ပြုလုပ်ကာ တောင်စမုတ်ဆောင်တွင်ထားရှိသည်။ ဘုရင်မင်း
မြတ် အလှူတော်ရေစက်ချရာတွင် စံမြန်းတော်မူသည်။

➤ ၉။ မယုရာသနပလ္လင်သည် ဥဒေါင်းရုပ်ခံပြီးပေါက်သား
ဖြင့် ပြုလုပ်ကာ မြောက်စမုတ်ဆောင်တွင် ထားရှိသည်။ ဘုရင်
မင်းမြတ်ကန်တော့ဖန်းသိမ်းရာတွင် စံမြန်းတော်မူသည်။

ပလ္လင်ရှစ်ခန်းကို မြဝတီဝန်ကြီးဦးစက သီချင်းဖြင့်ဖွဲ့ဆို
စီကုံးထားသည်ဖြစ်၍ လွယ်ကူစွာ မှတ်သားနိုင်သည်။

၁။ ဥဏ်ဘုံမြင့် သီဟာဘွေ၊ စိန်ကြောင်ရောင်လင်း၊
သစ်မင်းယမနေ။
၂။ မွန်ရဝေယယ်မှာလေ၊ ကြိုင်သင်းပျံ့မွှေး၊
ဘမယာသန၊ တောက်ပဝင်သဝဏ်ငယ်လေး၊
မုနောတင့်လွန်၊ သစ်ပွန်ကရဝေးငယ်နှင့်လေး၊
၃။ ဆက်စဉ်မည်ရှေးဖြတိုက်မှာ၊
ဂဇာငွေသား၊ စကားသစ်မြတ်စွာ၊
၄။ တောင်လေသာမှာ၊ တောင်ပိန္နဲ၊
သင်္ခယ်သိင်္ဂီ၊ ရစ်လက်ျာ၊
မြင့်ကြာတု လွှတ်ကဲပါလို့လေး။
၅။ မျက်မြှာပုလဲ ခြယ်စီကာ၊ ဇေတဝန်နန်း
သက်န်းမြတ်ဟံသာ။
၆။ ရွှေမိဂါငယ်လေ၊ မြသဖန်း။
စမန်းကယ်ဘုံမော်၊ လက်ျာတော်၊
ရှုမျှော် အံ့မခန်းသည်နှင့်လေး၊

www.burmeseclassic.com

www.burmeseclassic.com



၇။ နောက်ဝေယန်နန်း၊ ဇေတဝန်၊
ပဒုံကြာရွက်၊ သရက်မြတ်သစ်မွန်၊
၈။ မြောက်လေသွန်မှာ၊ စမုတ်ဦး။
ပေါက်သစ်ငယ်လျှံဝါ၊ မယုရာ၊
ရှစ်ဖြာထိန်ဝင်းမြူးသည်နှင့်လေး၊
စပုံ့ပျူးပါလို့၊ ရှည်ကျူးငယ်သက်တော်၊
ရာကျော်ဖြိုးရလေ၊
ဆောင်ဆောင်နန်းငယ်နှင့်၊
လေးခန်းငယ် ဒီပါ၊ ချုပ်ကာစိုးရလေ။

ဟု ဖော်ပြထားသည်ကို တွေ့ရလေသည်။

မြန်မာ့ယဉ်ကျေးမှုနယ်ပယ်မှာရော ဘုန်းတန်ခိုးန[illegible] သက်ဆိုင်သောနေရာများ၌ပါ ပလ္လင်တော်များ၏ အခန်းကဏ္[illegible] သည် အဓိကနေရာမှ ပါဝင်သည်ကို တွေ့နိုင်ပေသည်။

ထိုကဲ့သို့ပင် ကမ္ဘာ့တလွှားနိုင်ငံရပ်ခြား ဒေသအသီးသ[illegible] မှာလည်း ၎င်းတို့ယဉ်ကျေးမှုအလျောက် အသုံးပြုသောပလ္လ[illegible] တော်အမျိုးမျိုးရှိရာ ဗဟုသုတရစေခြင်းအလို့ငှာ ဖော်ပြပေးလိ[illegible] ပါသည်။

"ပလ္လင်" ဆိုသည်မှာ ရိုးရိုးထိုင်ခုံ (Seat) တစ်ခုမဟု[illegible] ပေ။ ၎င်းထိုင်ခုံထက်ပို၍ အဆင့်မြင့်သော ပလ္လင်က် (PaLin[illegible] -ပီဌကာ-မြင့်မြတ်တဲ့ထိုင်ခုံ (Pedestal, ALtar, Dais) ဖြစ်[illegible] သည်။

ဘုရား (သို့မဟုတ်) မင်း၊ ဘုရင်၊ တိုင်းပြည်အုပ်ချုပ်[illegible]



အကြီးအကဲများသာ ထိုင်ကြရသည်မှာ "ပလ္လင်" ဖြစ်သည်။

၎င်းသည် ရုပ်လုံး၊ ရုပ်တုတို့၏ အောက်ခံခုံ၊ မြင့်မြတ်သည့်နေရာထိုင်ခင်း-အာသန(Asana) စာရင်းဝင်ပစ္စည်းလည်း ဖြစ်ပါသည်။

ယနေ့ခေတ်ပြတိုက်ကြီးများမှာ ပြတိုက်ပစ္စည်း (Mu-seoLogy) နည်းဥပဒေသများအရ လိုက်နာကျင့်သုံးပြီး အဖိုးတန်ပစ္စည်းများ ပြသရာတွင်လည်း ပြသပစ္စည်းများကို အရှိအတိုင်းကြီးမြင့်ပြင်မှာချ၍ မပြသရဘဲတင်ခုံ (Pedestal)များ ပေါ်မှာသာတင်ပြီး ပြသမှသာ ပြသပစ္စည်း(Museum object) ဖြစ်လာပေသည်။

သို့မဟုတ်ပါက ဤပြသပစ္စည်းများသည် ပြသပစ္စည်း မဟုတ်တော့ဘဲ အလှဆင်ဖို့ချထားသည့် သာမန်ပစ္စည်းသက်သက်သာ ဖြစ်ပေလိမ့်မည်။

ရှေးပညာရှိများ၏အဆိုအရ မြင့်မြတ်သောပလ္လင်တော် ခြောက်ပါးရှိပေသည်။

- မြတ်စွာဘုရားရှင့်ထိုင်သော "အပရာဇိတာသနပလ္လင်"
- ဗြဟ္မာမင်းကြီးများထိုင်သော " ကမလာသနပလ္လင်"
- နတ်သိကြားများထိုင်သော "ဒိဗ္ဗာသနပလ္လင်"
- လူမင်းများထိုင်သော "ရာဇပလ္လင်"
- တရားသူကြီးများ ထိုင်သော "အဋ္ဋကရဏာသနပလ္လင်"
- တရားဟောဓမ္မကထိက ပုဂ္ဂိုလ်များထိုင်သော "ဓမ္မာသနပလ္လင်"

www.burmeseclassic.com



ဝဇီရာယာနုဂိုဏ်း ဗုဒ္ဓဘာသာဝင်များ ထုလုပ်လေ့ရှိသောပလ္လင်သည် ကြာမှောက်ကြာလှန် နှစ်ဆင့်ခံပုံမျိုးဖြစ်သည်။ ကြာနှစ်ထပ်ခံဖြစ်သည်။ ပလ္လင်တော်ပေါ်မှ ရုပ်ထု၏ခြေထောက်သည် ကြာဝတ်ဆံအိမ်ကို နင်းထားတတ်သည်။

၎င်းပလ္လင်များကို (၅)မြောင့်၊ (၇)မြောင့် စသဖြင့် မ,ဂဏန်းများနှင့်သာ ထုလုပ်လေ့ရှိကြပါသည်။ သို့ရာတွင် (၃)မြောင့်၊ (၉)မြောင့်ဟူသော မ,ဂဏန်းများဖြင့် မထုလုပ်ကြပေ။

ဗြဟ္မာမင်းကြီးများသည်လည်း ၎င်းသို့သော ကြာခံပလ္လင်များပေါ်တွင် ထိုင်လေ့ရှိကြသည်။

ရာဇာသနင်းမင်းများ ထိုင်အပ်သော ရာဇပလ္လင်များမှာ ယေဘုယျလက္ခဏာ (၁၂)ပါး ရှိသည်။

ရာဇပလ္လင်များနှင့် ပတ်သက်သော အကြောင်းအရာများကို "ရွှေဘုံနိဒါန်းကျမ်း၊ မြန်မာမင်းများအုပ်ချုပ်ပုံစာတမ်း၊ ရာဇသေဝကာဒီပနီ၊ မုံရွေးဆရာတော်၏ ကုသပျို့နန်းပြသာဒ်ပလ္လင်ခန်း" စသည့်တို့တွင် အကျယ်အဝင့် ရေးသားဖော်ပြထားသည်။

မြန်မာရှင်ဘုရင်များသည် နန်းတွင်းတွင်ပလ္လင်တော်များ ထားလေ့ရှိသည်။

"နတ်၏ ဗိမာန်၊ မလွန်စယောင်၊
နတ် တောင်-လယ်-မြောက်၊ နောက်သဘင်နှင့်၊
ရာပေါ်ဖွင့်၍၊ ဆောင်မြင့်, ဆောင်နိမ့်၊
ငြိမ့်ရရိမ့်တည့်၊ ရွှေအိမ့်ကိရိယာ၊



မင်းတံထွာဖြင့်၊ စဉ်လာစရိုက်၊
ပလ္လင်စိုက်၍၊ ရဲတိုက်တော်တွင်၊
မာတင်သဖန်း၊ နောက်နန်းတက်ပွဲ"
ကို ဆင်နွှဲခဲ့ကြသည်။

"ပလ္လင်"များသည် မြန်မာ့ရိုးရာတော်ဝင် အသုံးအဆောင် ပရိဘောဂများ ဖြစ်ကြသည်။

မြန်မာ့နန်းတွင်းသုံးတော်ဝင် မဟာရာဇပလ္လင် ရှစ်မျိုးရှိပေသည်။ ၎င်းကို "ပလ္လင်တော်ရှစ်ခန်း" ဟုခေါ်သည်။

ဗုဒ္ဓဘာသာယဉ်ကျေးမှု အနုပညာရုပ်များကို မြန်မာမှုပြုကြသည့်အခါ "ပလ္လင်တော်ရှစ်ခန်း"သည် မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာ (Myanmar Buddhist Iconography)အရ. . . "အာသန-ပိဋ္ဌ-ပလ္လင်" များဖြစ်လာကြသည်။

ပလ္လင်၏ အောက်ခြေတွင်ခံထားသည့် အရုပ်များအရ "ပလ္လင်တော် ရှစ်ခန်း"ကို အမျိုးအစားခွဲခြားထားသည်။

- ဟင်္သာရုပ်ခံ ဟံသာသနပလ္လင်၊
- ပျားပိတုန်းရုပ်ခံ ဘမရာသနပလ္လင်၊
- ဆင်ရုပ်ခံ ဂဇာသနပလ္လင်၊
- ခြင်္သေ့ရုပ်ခံ သီဟာသနပလ္လင်၊
- ပဒုမာကြာပွင့်ခံ ပဒုမာသနပလ္လင်၊
- ခရုသင်းရုပ်ခံ သင်္ခါသနပလ္လင်၊
- သမင်ရုပ်ခံ မိဂါသနပလ္လင်၊
- ဥဒေါင်းဌက်ခံ မယူရာသနပလ္လင်၊

www.burmeseclassic.com

www.burmeseclassic.com



ပေါရာလာလင်္ကာကျမ်းတွင် အောက်ပါအတိုင်းဖော်ပြထားသည်။

"ရှစ်ဖြာပလ္လင်၊ ထုံးတမ်းစဉ်မှာ၊
သီဟာ-ယမနေ၊ ဟံသေ-သက်န်း၊
ထီးနန်းစဉ်ဆက်၊ သရက်-ခရု၊
ဘမုပိတုန်း၊ ကရဝေးသုံး၏၊
နန်းသုံးချီးမြှောက်၊ တထောက်မောက်မို၊
ပေါက်ကိုဥဒေါင်း၊ ထုံးဟောင်းမမှား၊
စကား-ဟတ္ထိ၊ မည်ရှိမလွဲ၊
ပိန္နဲ-ပဒုမာ၊ မိဂါ-ရေသဖန်း၊
ဤရှစ်ခန်းသည်၊ စံမြန်းရာဇပလ္လင်တည်း"

ဤသည်မှာ ပလ္လင်အသီးသီးကိုထုလုပ်ရမည့် သစ်သားအမျိုးအစားနှင့်တွဲပြီး ဖော်ပြထားခြင်းဖြစ်သည်။

မြတ်စွာဘုရားရှင်များ ထိုင်တော်မူသော "အပရာဇိတပလ္လင်တော်"ကိုပါ ထည့်ပေါင်းပါက မြန်မာမင်းများ၏ နန်းတော်မှာထားရှိသော ပလ္လင်(၉)ခုရှိခဲ့ပေသည်။

မြန်မာ့ရိုးရာ ပဍိမာသိပ္ပံကျမ်းတွင် အဆိုပါပလ္လင် (၉) ခုကို အတိုကောက်ဖွဲ့ဆိုထားသည်။

"ဂဇ-မိဂ၊ ပဒုမာ၊
မယူရာသင်္ခ၊
သီဟ ဟံသာ၊ ဘမရာ၊
အပရာဇိတာ၊



ပလ္လင်ကိုးဖြားမှတ်စရာ၊
ပဍိမာသိပ္ပံ။"

ဖော်ပြပါ ပလ္လင်များအနက် မြန်မာပြည်တွင် ယခုတိုင်အထင်အရှား ခန့်ခန့်ထည်ထည်ရှိနေသေးသည့် ပလ္လင်တော်မှာ "သီဟာသနပလ္လင်တော်"ဖြစ်သည်။

အဆိုပါ "သီဟာသနပလ္လင်တော်" သည် ရန်ကုန်မြို့ပြည်လမ်းတွင် တည်ရှိသည့် "အမျိုးသားပြတိုက်"တွင်ရှိပြီး တခမ်းတနားပြသထားသဖြင့် လေ့လာကြည့်ရှုနိုင်ပါသည်။

"သီဟာသနပလ္လင်တော်" ဆိုသည်မှာ "ခြင်္သေ့ခံပလ္လင်"ဖြစ်သည်။

"ခြင်္သေ့"ဆိုသည်မှာ မြန်မာတို့အတွက် ရဲရင့်ခြင်း၊ အကြီးအကဲဖြစ်ခြင်းဟူသော သဘောကိုဆောင်သဖြင့် ဤပလ္လင်သည် ပလ္လင်အားလုံးတွင်အနက် အဓိပ္ပါယ်အထူးခြားဆုံးပလ္လင်ဖြစ်သည်။

ထိုပလ္လင်သည် "တော၏သခင်ဖြစ်သော ကေသရာဇာခြင်္သေ့မင်း၏ သန်မာလျင်မြန်ခြင်း၊ ဝင့်ကြွားတက်ကြွခြင်း၊ သတ္တိသတ္တိ ထာမ ဗလဂုဏ်များကို ရယူခြင်း" သဘောကိုဆောင်ပေသည်။

ခြင်္သေ့ထိုင်ပုံသီဟာသန (Simhasana) ဟူ၍ ပလ္လင်တစ်မျိုး ရှိပေသေးသည်။

ပလ္လင်အောက်တွင်ခံသည့်ခြင်္သေ့သည် ခြေတော်ကိုသွင်ခွေချိတ်ပြီး နောက်ပစ်ထားကာ ခန္ဓာကိုယ်ရှေ့ပိုင်းကို

www.burmeseclassic.com

www.burmeseclassic.com



လက်နှစ်ဖက် ကြမ်းပြင်ပေါ်ထောက်ထားရုံမျှမက မျက်လုံးပြူးပြီး ပါးစပ်ဖြဲကာ လျှာကိုထုတ်ထားရသည့်ပုံဖြစ်သည်။

ရှေးနန်းတော်၌ထားရှိခဲ့သည့် သီဟာသနပလ္လင်နှစ်ခုရှိ ပါသည်။

သီဟာသနပလ္လင်တစ်ခုကို မြေနန်းပြသာဒ်မှာထားပြီး ကျန်သောပလ္လင်တစ်ခုကို လွှတ်တော်မှာထားရှိသည်။

မန်လည်ဆရာတော်ဘုရားက မဟာသုတကာရီ မဃ ဒေဝလင်္ကာသစ်တွင် အောက်ပါအတိုင်းစပ်ဆိုခဲ့သည်။

"ပြည်သူများကို
တရားဖြတ်ရာ
လွှတ်တော်မှာကား
သီဟာ တင့်ဆန်း
မြေနန်း ဉကင်
ဘွေအပြင်သို့ "

မြေနန်းပြသာဒ်တွင် ထားရှိသောသီဟာသနပလ္လင်မှာ တစ်နှစ်သုံးကြိမ် (နှစ်သစ်ကူး၊ ဝါဝင်၊ ဝါထွက် ကာလများ) မင်း မိဖုရားတို့ထိုင်တော်မူ၍ မင်းညီမင်းသား၊ မှူးမတ်စော်ဘွားများ ၏ ကန်တော့ခြင်းကို ခံယူတော်မူခဲ့ကြသည်။

လွှတ်တော်တွင်ထားရှိသော သီဟာသနပလ္လင်ထက် တွင် မင်းဧကရာဇ်သာ ထိုင်တော်မူပြီး တရားစီရင်ခဲ့ပေသည်။

သို့ဖြစ်၍ သီဟာသနပလ္လင်နှစ်ခုလုံးသည် ဘုရင်မင် မြတ်၏ အချုပ်အခြာ အာဏာသဘောကိုဆောင်သည်။



သီဟာသနပလ္လင် ပြုလုပ်ထားပုံမှာလည်း လေ့လာထား ဆင့်သည်။

ထိုပလ္လင်၏ ဉကင်တိုင်နှစ်ခု၏ အထက်အောက်မှာ တုမဟာရာဇ်နတ်မင်းကြီး (၄)ပါးပုံကို ဒူးတစ်ဖက်ထောင်၊ ဒူး တစ်ဖက်ချအနေအထားဖြင့် ထုလုပ်ထားသည်။

ထို့ပြင် တာဝတိံသာနတ်ပြည်မှာ စိုးစံနေကြသည့် သိကြားငယ်(၃၂)ပါးနှင့် အကြီးအမှူး မာဃသိကြားနတ် စသည့် သိကြား (၃၃)ပါးကို ထည့်သွင်းရုပ်လုံးဖော်ထားသည်။

သို့ဖြစ်၍ ဉကင်ဝဲယာရှိပန်းများတွင် သိကြားငယ် (၁၄) ရုပ်၊ မုခ်တိုင်တွင် သိကြားငယ်(၂)ရုပ်၊ ဉကင်အထက်နတ်ဆော ယာတွင် သိကြားငယ်(၁၆)ရုပ်ကို ရုပ်လုံးဖော်ထားသည်။

ပဒုမ္မာကြာပွင့်ခံပြီး သားမြီးယပ်ဆွဲလျက် ရှိနေကြသည်။

တုရင်ဗိမာန်တွင် မာဃသိကြားရုပ်နှင့် အရုပ်၏နဖူးပြင် တွင် မှန်တိုင်ရှိသည်။

မှန်တိုင်စိုက်ထားရခြင်းမှာ လူမင်းဘုရင်ကို နတ်မင်းက ဆုံးမဩဝါဒ ပေးထားခြင်းဖြစ်သည်။ အဆိုပါ ဩဝါဒမှာ. . .

"မြတ်သောမင်းကြီး ကျွန်ုပ်၏နဖူးပြင်ရှိ ရွှေမှန်တိုင်ကို ရှုလျက် တရားနှင့်အညီ တိုင်းပြည်ကို အုပ်ချုပ်စောင့်ရှောက်ပါ လော့"

ဟူ၍ဖြစ်သည်။

ထို့ပြင် ထီးနန်းစည်းစိမ်နှင့် ပလ္လင်နန်းကို သမ္မာဒေဝနတ် များက စောင့်ရှောက်စေလိုသည့်သဘောလည်း ပါဝင်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဆိုပါ ပလ္လင်နန်းအကြောင်းကို မြဝတီမင်းကြီးဦးစ
သီချင်းကြီးသီချင်းခန့်တစ်ပုဒ် စပ်ဆိုရေးသားခဲ့သည်။

"ဥကင် ဘုံမြင့်သီဟာဘွေ၊
စိန်ကြောင်ရောင်လင်း၊
သစ်မင်း ယမနေ"

ထိုသီချင်းကြီးတွင် ပလ္လင်အမည်၊ ပါရှိသည့်အရုပ်၊
လုပ်ရသောသစ်သား၊ အသုံးပြုရသောကိစ္စနှင့် ပလ္လင်တေ
ထားရှိသည့်နေရာများကိုပါ တစ်ပြိုင်တည်း ပါဝင်အောင်စပ်
ထားပေသည်။

ပေါရာဏလက်ာကျမ်းတွင် ဖော်ပြထားသည်မှာ
အောက်ပါအတိုင်းဖြစ်သည်။

"ရှစ်ဖြာ ပလ္လင်၊
ထုံတမ်းစဉ်မှာ၊
သီဟာယမနေ"

မန်လည်ဆရာတော်ဘုရား စပ်ဆိုထားခဲ့သည်မှာ
အောက်ပါအတိုင်းဖြစ်သည်။

"ယမနေသစ်၊
ဆီနှစ်ပြည့်လျှံ၊
ခြင်္သေ့ခံလျက်၊
ခုနစ်ပုံရတနာ၊
သီဟာသန ပလ္လင်လှ"

ဖော်ပြခဲ့သည့်အချက်များကို အထောက်အထား



သီဟာသန ပလ္လင်တော်ကို ယမနေသားနှင့်သာ ထုလုပ်ထား
ကြောင်းသိနိုင်သည်။

မုံရွေးဆရာတော်သည် ကုသပျို့၊ နန်းပြသာဒ်ပလ္လင်ခန်း
တွင် သီဟာသနပလ္လင်တော်၏ အကြောင်းကို အောက်ပါအ
တိုင်း အသေးစိတ်စပ်ဆိုထားသည်။

"မြို့၏ချက်မြေ၊
ထွန်းတောက်ပြောင်ပြောင်၊ ပြာသာဒ်ဆောင်၏
လ[illegible]ခေါင်ကန့်ချင်၊ မာရဘင်၌၊
အမြင်မအောင့်၊ လေးထောင့်ညီမျှ၊
ရာဇပလ္လင်၊ ဥကင်[illegible]ခ်ထွက်၊
ထက်ဒုရင်ဖျား၊ မဏ္ဍိုင်ထား၍၊
သိကြားနေတမ်း၊ ဒုရင်ဝမ်းတွင်၊
ပြိုးပြွမ်းနဝရတ်၊ စီခတ်နှံ့ပြီ၊
ကိုယ်စီကပ်ရံ၊ ခြင်္သေ့ခံမှ၊
ခုနစ်ပုံမြတ်မှာ၊ ဝဲယာရှေ့နေ၊
ခြေတွင်မငြီး၊ စည်းစုတ်တီး၍၊
ရန်မီးငြိမ်းရွေ့၊ ဆင်ခြင်္သေ့ကို၊
ချမ်းမြေ့စေတတ်၊ လောကနတ်နှင့်၊
သတပတ်ကြာ၊ ပဒုမာခံပြီး၊
သားမြီးယပ်စွဲ၊ လက်ဝဲ၊ လက်ယာ၊
သတ္တရာတို့၊ ဗာတ္တိသာစေ၊
ရွှေအလျှံမီး၊ ဒေါင်းမြီးယပ်တီ၊

www.burmeseclassic.com



သီရိနဂ်ုဌ၊ ဒေဝကိန္နရာ၊
မြူးလာပျော်ပါး၊ တိုင်တံခါးက၊
ဆင်နားဇာပေါက်၊ ကြောက်သည်ဘီလူး၊
ခြူးပန်းခြူးနွယ်၊ အလယ်ကဆန်း၊
ဦးဆောက်ပန်းက၊ ဒွါဒသဖြင့်၊
ရာဇပလ္လင်၊ တန်ဆာဆင်၍၊
မျက်ရှင်နဝရက်၊ ဥကင်မြတ်လည်း"

ခြင်္သေ့ရုပ်များသည် သီဟာသနပလ္လင်၏ သင်္ကေ
လက္ခဏာများဖြစ်သည်။

ပလ္လင်အောက်ခုံ၊ ရွှေ...ပါက်ဝများတွင် ခြင်္သေ့
များ ဆောင့်ကြောင့်ထိုင်လျက်ဖြစ်စေ၊ ကိုယ်လုံးပေါ် မာန်ဖီ၍
စေ ရုပ်လုံးရုပ်ကြွ ဖော်ထားကြသည်။

ခြင်္သေ့တစ်စီး၊ နှစ်စီးမှ (၃၇)စီးအထိ ထုလုပ်ထား
ပလ္လင်တော်ဦးကင်း၏ လက်ဝဲလက်ယာ နှစ်ဖက်တွင်အညီ
ထုလုပ်ထားကြသည်။

ပလ္လင်တော်နှင့်အတူ လောကနတ်ရုပ်ကို ထား
သည်။

ပလ္လင်တော်ရှိ ဥကင်၏လက်ဝဲလက်ယာမှာ ထု
ထားသည့် "လောကနတ်"သည် လောကနာထနတ်ဘု
ဆင်းသက်လာသည်နတ်ဖြစ်သည်။

လောကနတ်၏ခြေတွင် စည်းသုပ်ကိုညှပ်ပြီးတီး
သီချင်းဆိုပြီး ခပ်ကြွကြွကနေဟန် ထုလုပ်ထားသည်။



လောကနတ်၏ ဟန်အမူအရာသည် ခြင်္သေ့မင်းနှင့်
...င်ပျံတို့ရန် ငြိမ်းအောင် စေ့ဆော်ဖျန် ဖြေပေးနေခြင်းသဘော
... ဆောင်ပေသည်။

သရခေတ္တရာ(မှော်ဇာ)၊ ပိဿနိုးနှင့် ဟန်လင်းဟူသော
...များနေထိုင်ခဲ့သည့်အရပ်ဒေသများမှာ ရှေးဟောင်းသုတေသ
...ညာရှင်များ ရှာဖွေတွေ့ရှိခဲ့ကြသည့် ဒင်္ဂါး(ပျူဒင်္ဂါး)များတွင်
...ည်း နေရာထိုင်-ထိုင်ခုံ (Seat)၊ ပလ္လင်(Throne) ဘဒ္ဒပိဌ-
...ကောင်းသော...င်းပျဉ်၊ ညောင်စောင်းစသည့် ပုံများကို ခတ်
...ထားကြောင်း တွေ့ရှိနိုင်ပေသည်။

ပြည်တော်ပြန် သီဟာသနပလ္လင်အကြောင်းကို ဆက်
...က်ဖော်ပြပါမည်။

(၁၈၈၅)ခုနှစ်၊ ဝိတိုရိယဘုရင်မကြီး လက်ထက်တွင်
...န်မာနိုင်ငံကို ဗြိတိသျှတို့တိုက်ခိုက်သိမ်းယူပြီး မြန်မာနိုင်ငံ၏
...နောက်ဆုံးဘုရင်သီပေါမင်းနှင့် မိဖုရားခေါင်ကြီးတို့ကို အိန္ဒိယ
...ိုင် ရတနာဂီရိကို ခေါ်ဆောင်သွားခဲ့သည်။

ထို့ပြင် လွှတ်တော်ထဲတွင် ထားရှိသော သီဟာသန
...လ္လင်ကိုလည်း ကာလကတ္တားသို့ သယ်ဆောင်သွားခဲ့သည်။

နယ်ချဲ့ဗြိတိသျှတို့သည် (၁၉၄၈)ခုနှစ်၊ ဇန်နဝါရီလ(၄)
...က်နေ့တွင် မြန်မာနိုင်ငံကို လွတ်လပ်ရေးပြန်လည်ပေးအပ်ခဲ့
...သည်။

ထိုအခါ ကာလကတ္တားမြို့၊ အိန္ဒိယပြတိုက်တွင်ရှိနေ
...သော သီပေါဘုရင် နောက်ဆုံးသုံးခဲ့သည့် သီဟာသနပလ္လင်ကို

www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်သို့ ပြန်လည်ပေးပို့ရန် အိန္ဒိယဘုရင်ခံချုပ် မော ဘက်တန်က ဆုံးဖြတ်ခဲ့သည်။

မောင့်ဘက်တန်သည် ဝိတိုရိယဘုရင်မကြီး၏ မြစ်တော ဖြစ်သည်။

မောင့်ဘက်တန်က ဂျော့ဘုရင်ကို လွတ်လပ်ရေးနှင့်အ တူ သီဟာသနပလ္လင်ကြီးကိုပါ မြန်မာပြည်အရောက် ပြန်လည် ပေးအပ်ရန် အကြံပြုခဲ့သည်။

သို့ဖြစ်၍ (၁၉၄၈)ခုနှစ်မတ်လတွင် မောင့်ဘက်တ မြန်မာပြည်ကို အလည်လာရောက်ရင်း မြန်မာနိုင်ငံသမ္မတကြီ စပ်ရွှေသိုက်ထံ ထိုပလ္လင်ကြီးကိုပါ တော်ဝင်ချစ်ကြည်ရေးလ ဆောင်အဖြစ် အခမ်းအနားနှင့် ပြန်လည်ပေးအပ်ခဲ့ပေသည်

ထိုသို့ပြန်လည်ပေးအပ်နိုင်ရန် အိန္ဒိယနိုင်ငံတွင် ရော ရှိနေသည့် ခိုင်ခံ့ကြီးမားသော သီဟာသနပလ္လင်တော်ကြီး အစိတ်အပိုင်းများအလိုက် ကောင်းမွန်စွာ တစ်စစီဖြုတ်ပြီး . ရန်ကုန်မြို့တော်သို့ ပြန်လည်သယ်ဆောင်ခဲ့ကြသည်။

ပလ္လင်ပေးအပ်ပွဲအခမ်းအနားတွင် . . ရတုပိုဒ်စုံ အောက်ပါအတိုင်း ရွတ်ဖတ်ခဲ့ကြသည်။

"ပလ္လင်ရတနာ၊ တို့ရာဇာသို့၊
မေတ္တာနက်တုံ၊ ပဏ္ဏာနှံသည်၊
တက်လျှံတေဇ ကြွယ်ဘုရား"

မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် သီဟာသ ပလ္လင်တော်ကြီးကို ရောက်စကာလတွင် သမ္မတအိမ်တော်မှ



ထားရှိခဲ့ပြီး (၁၉၅၉)ခုနှစ်တွင် အများပြည်သူများကို ပြသနိုင်ရန် န်းဆိုးတန်းရှိ အမျိုးသားပြတိုက်သို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ယခုအခါ ပန်းဆိုးတန်း အမျိုးသားပြတိုက်ဟောင်းမှ ပြည်လမ်းရှိ ပြတိုက်သစ်ကြီးတွင် ပြောင်းရွှေ့ထားပြီး ပြသထား ပါသည်။

ရန်ကုန်မြို့၊ ပြည်လမ်းရှိ အမျိုးသားပြတိုက်ကြီး မြေညီ ထပ်တွင် "သီဟာသနပလ္လင်တော်ခန်း"ဟူ၍ သီးခြားတစ်ဆောင် ထားကာ နှစ်ပေါင်း(၁၅၀)နီးပါးသက်တမ်းရှိသော သမိုင်းဝင် သီဟာသနပလ္လင်တော်အခန်းကြီးကို ပြသထားပေသည်။

ထိုပြခန်းပတ်ပတ်လည်တွင် ဟံသာသနပလ္လင်၊ ဘမရာ သနပလ္လင်၊ ဂဇာသနပလ္လင်၊ မယူရာသနပလ္လင်၊ စသည့်ပလ္လင် များကို အင်္ဂါရပ်အစုံအလင်ပါသည့် ပုံစံတူပလ္လင်ငယ်လေးများ ပြုလုပ်၍ ပြသထားသည်။

ပလ္လင်တော်များသည် ဘုရင်၏ ထီးနန်းစည်းစိမ်နှင့် အုပ်ချုပ်မှုအာဏာ၏ သင်္ကေတများလည်း ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်နိုင်ငံများတွင် ဘုန်းတော်ကြီးများ၏ တရားဟောရာတွင်သုံးသော ပလ္လင်တော်များကိုလည်း နိုင်ငံ အလိုက် အမျိုးမျိုးတွေ့ရပါသည်။

အဆိုပါ တရားဟောပလ္လင်များမှာ . . အဆင်တန်ဆာ၊ အခြယ်အလှယ်အဖုံဖုံနှင့် ကောင်းနိုးရာရာ ပြုလုပ်ထားသည့် ဆိုင်ခုံများဖြစ်သည်။

မြန်မာနိုင်ငံတွင် မှန်စီရွှေချနှင့် ဒေါင်းရုပ်ခုံဟာရားဟော

www.burmeseclassic.com

www.burmeseclassic.com



ပလ္လင်တော်များကို အများဆုံးတွေ့ရပါသည်။

ယနေ့ခေတ်တွင် စတီး(လ)(Steel)နှင့် ပြုလုပ်ထားသော ပလ္လင်များကို အသုံးပြုလာကြသည်။ ပလ္လင်တော်နှင့်ပတ်သက်သည့် သမိုင်းကြောင်း၌ ဘုရားရှင်၏ ဗုဒ္ဓဝင်တွင် မာရ်နတ်မင်းက မြတ်စွာဘုရား၏ပလ္လင်ကို လုယူရန်ကြိုးပမ်းခဲ့သေးသည်။

ကမ္ဘာ့သမိုင်းတွင် ပလ္လင်နှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာအချက်များ ရှိပေသည်။

"တိတ်တီခေတ်လမွန်" (Takhte Soleyman) ဆိုသည်မှာ ပါရှင်းဘာသာစကားဖြင့် "ဆော်လမွန်၏ပလ္လင်တော်"(Solomon's Throne)ဟု အဓိပ္ပါယ်ရသော ရှေးဟောင်းမြို့တော်နေရာဖြစ်သည်။

ခပ်မြင့်မြင့်တောင်ကျောများပေါ်ရှိ ပြန့်ပြူးကျယ်ဝန်းသောနေရာများကို "ပလ္လင်"ဟူ၍ တင်စားခေါ်ဝေါ်ခဲ့ခြင်းဖြစ်သည်။

အီရန်တို့၏ "ဆဆနီယံနန်းဆက်"(Sasanian Dynasty)က "ဇိုရိုအက်(စ)ထရီယန် ဘုရားကျောင်းအစုအဝေးကြီး" (Zoroastrian Temple Complex) လည်းရှိပေသည်။

အီရန်အနောက်မြောက်ပိုင်းတွင်ရှိသော ထိုနေရာကို မွန်ဂိုနန်းဆက်များက မကြာခဏဆိုသလို နေရာဝင်ယူတတ်ကြသည်။

(၂၀၀၄)ခုနှစ်တွင် ထိုဒေသတစ်ဝိုက်သည် ယူနက်စကို၏ "ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်ဒေသ" အဖြစ် သတ်မှတ်ကာ



ထိန်းသိမ်းစောင့်ရှောက်မှုကိုခံခဲ့သည်။

ပလ္လင်တော်များကို အထူးပြုထားသော ပန်းချီကားချပ်များကိုလည်း လေ့လာနိုင်သည်။

(၁၃၉၉)ခုနှစ်တွင် နန်းသိမ်းပွဲခံခဲ့သည့် ဒုတိယမြောက်ရစ်ချက်ဘုရင် (Richard II)၏ ပလ္လင်တော်ကို စွန့်လွှတ်ခဲ့ပြီးဖြစ်ကြောင်း ကြေးကြော်နေသည့် ပန်းချီကားချပ်တွင် အာဏာရသူနှင့် ပလ္လင်တော်တို့တွဲလျက်ရှိပုံကို ဖော်ပြသည်။

အောင်နိုင်သူ ဝီလျှံဘုရင်(Willian the Conqueror)၏ တွင်ရာတော်မိဖုရား မာတီးဒါ (Queen MatiLda) ကိုယ်တိုင်ထိုးချုပ်ခဲ့သည့် ရာဇပလ္လင်နှင့်ဆိုင်သော ဂွန်တနိထိုး ပန်းချီကား (The Bayeux Tapestry) သည် လိုင်နင်သားနှင့် ပြုလုပ်ထားပြီး (၂၃၀)ပေ (မီတာ-၇၀)ရှည်ကာ လက်မ(၂၀) (၅၀-စင်တီမီတာ) ကျယ်ဝန်းပါသည်။

ထိုအဝတ်ပန်းချီကားပေါ်မှာ (၁၀၆၄)ခုနှစ်က အင်္ဂလန်မှ ဝီလျှံကိုသစ္စာခံပါမည်ဟူသော ကျမ်းသစ္စာကို နောက်ဆုံးကျိန်ဆိုနေသည့် အင်္ဂလိုဆက်ဇွန် (AngLo - Saxon)များ၏ နောက်ဆုံးဘုရင် ဒုတိယမြောက်ဟာရိုး (HaroLd II)နှင့် နော်မန်ဒီမြို့စားပုံများကို ဖော်ကျူးထားပေသည်။

ဤသို့ ကျမ်းသစ္စာကျိန်ဆိုခဲ့သော ဒုတိယမြောက်ဟာရိုးဘုရင်သည် နောက်ပိုင်းတွင် ကျမ်းသစ္စာကို ပယ်ဖျက်ပစ်ပယ်ခဲ့ပြီး အင်္ဂလိပ်ရာဇပလ္လင်တော်(ထီးနန်း)ကို ရသင့်ရထိုက်ကြောင်း တောင်းဆိုခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့လျှင် တန်ခိုးအာဏာနှင့် ပလ္လင်သည်တွဲလျက် မခွဲမခွာရှိတတ်ပေသည်။

(၁၉၅၈)ခုနှစ် ပါလီမန်၏ နိုင်ငံတော်အဆင့်ဖွင့်ပွဲဓာတ်ပုံတွင် အယ်လိဇဘက် ဘုရင်မကြီး (Queen ELizabeth II)၏ ပလ္လင်တော်ကို တွေ့မြင်နိုင်သည်။

လန်ဒန်မြို့တော်ရှိ ဗစ်တိုးရီးယားနှင့် အယ်လဘတ်ပြတိုက်ကြီး (the Victoria and Albert Museum) တွင် (၁၇၃၅)ခုနှစ်မှ (၁၇၉၆)ခုနှစ်အထိ အုပ်စိုးသွားခဲ့သည့် "ကျီယံလောင်းအင်ပါယာ" (the Qianlong emperor) ခေတ်က ပလ္လင်တော်တစ်ခုရှိသည်။

၎င်းမှာ "ကင်းနန်းဆက်" (Qing Dynasty)က တရုတ်ဧကရာဇ်များ၏ ပလ္လင်တော် (imperiaL Chinese throne) ဖြစ်ပေသည်။

အဆိုပါ ပလ္လင်တော်သည် အနီရောင်ယွန်းထည် (red Lacquer) ပေါ်တွင် အာရှ၏အရှေ့တိုင်း အနုပညာဟန်ဖြင့် နဂါးရုပ်နှင့် ပန်းနွယ်ပန်းခက်များ ရေးထွင်းထားပါသည်။

ဂရိဒဏ္ဍာရီထဲတွင် နတ်ဘုရား (Zeus) သည် အိုလံပီယာတောင် (Mount OLympus) ပေါ်တွင်ရှိသော သူ၏ပလ္လင်တော်တွင်ထိုင်၍ နိုင်ငံကိုအုပ်ချုပ်ခဲ့သည်။

ထိုပလ္လင်တော်၏ပုံသည် ရှေးဟောင်း သုတေသန အထောက်အထားမရှိခဲ့သော်လည်း မှုက်မှောက်ခေတ် ပန်းချီဆရာများက နတ်ဘုရား (Zeus)နှင့် သူ၏ပလ္လင်ပုံကို သရုပ်ဖော်၍



ရေးဆွဲခဲ့ကြသည်။

အီဂျစ်၊ ဖာရိုးဘုရင် တူတန်ခမန် (Tutankha- men) နန်းစံခဲ့စဉ်က သုံးခဲ့သည့် အဖိုးတန်ရွှေငွေရတနာများနှင့် ဖိတ်ဖိတ်တောက်နေသော တန်ဖိုးမြင့် ပလ္လင်တော်သည် လွန်စွာလှပပေသည်။

ပလ္လင်တော်၏ နောက်မှီရွှေသားပြင်မှာ နုပျိုသော ဖာရိုးဘုရင်နှင့် သူ၏မိဖုရားစုံတွဲပုံကို ကျောက်မျက်ရောင်စုံစီပြီး သရုပ်ဖော်ထားသည်။

သူတို့နှစ်ဦး၏အထက်တွင် နေမင်းကြီး၏ ရွှေရောင်ရောင်ခြည်များက ထိုးဖြာကျဆင်းနေသည်။

ထိုအဖိုးတန် ပလ္လင်တော်ကို အီဂျစ်နိုင်ငံ ရှေးဟောင်းသေသနယ်မြေ (Ancient Thebes Luxor) အနီးတွင်ရှိသောဘုရင်များ၏တောင်ကြား (The Valley of the king)ရှိ ဖာရိုးဘုရင်တူတန်ခမန်၏ သင်္ချိုင်းဂူထဲတွင် တွေ့ရှိခဲ့ကြသည်။

ယခုအခါ ထိုပလ္လင်သည် အီဂျစ်နိုင်ငံ၏မြို့တော် ကိုင်ရိုရှိ အီဂျစ်ပြတိုက် (the Egyptian Museum) သို့သယ်ဆောင်၍ ပြသထားပေသည်။

သီရိလင်္ကာကျွန်းက သီဟိုဠ်မင်းများ၏ ပလ္လင်တော်သည် ရွှေရောင်ဖိတ်ဖိတ်လက်နေသည်။

ပလ္လင်တော်၏ ထိုင်ရမည့်နေရာနှင့် ခြေတင်ရမည့်နေရာများတွင် ကတ္တီပါဖုံအနီနှင့် ထပ်မံအုပ်ထားသဖြင့် အရောင်အသွေးလည်း ထည်ဝါလိုက်ဖက်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



ပလ္လင်တော်၏ လက်တန်းနှစ်ဖက်ရှိ လက်ကိုင်နေရာများကို သီဟိုဠ်ကျွန်း၏ အမှတ်အသားဖြစ်သော ခြင်္သေ့ရုပ်များနှင့် ဆင်ယင်ထားသည်။

ပလ္လင်တော်နောက်မှီ၏ အလယ်တည့်တည့် အမြင့်ဆုံးနေရာတွင် နေမင်းကြီးအသွင်ကို ရွှေသားဖြင့်ပုံဖော်ထားသည်။

ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့တော်ရှိ ကမ္ဘောဒီးယားဘုရင်၏ ပလ္လင်တော်သည်ဘုရင်နှင့် မိဖုရားနှစ်ပါးအတွက် တစ်ဦးချင်းသီးခြားယှဉ်ထိုင်နိုင်သည့် ပလ္လင်တော်သည် ရွှေရောင်ထိုင်ခုံကြီးဖြစ်ပေသည်။

ရဗီနာ (Ravenna)ရှိ ပုပ်ရဟန်းမင်းကြီး မက်ဇီမီယံန် (Maximian)၏ ပလ္လင်တော်သည် ဆင်စွယ်များဖြင့် ပြုလုပ်ထားသဖြင့် လှပဆန်းကြယ်သည်။

ယခုအခါ အဆိုပါ ဆင်စွယ်ပလ္လင်တော်ကို ရဗီနာရှိ မြို့ဆီယို အာဆီဗက်စကိုဗီး(လ) (the Museo Arcivescovile) ပြတိုက်တွင် ပြသထားသည်။

ထိုပလ္လင်တော်၏ အမြင့်နှင့်အကျယ်မှာ (၁၄၉. ၉) စင်တီမီတာနှင့် (၆၀)စင်တီမီတာရှိသည်။

ဆင်စွယ်ပလ္လင်တော်တွင် ဆင်စွယ်များစွာကို အသုံးပြုထားပြီး မျက်နှာစာတွင် ဆင်စွယ်ဖြင့် ပန်းပုံများထွင်းထုထားသည်။

မလေးရှားနိုင်ငံ အမျိုးသားပြတိုက်တွင် ပြသထားသည့် မလေးရှားတော်ဝင်ပလ္လင်တော် (Malaysia Royal Throne)



သည် လေးထောင့်ပုံးရှည်ရှည်ပေါ်မှာ ဖဲမွေ့ရာခင်းပြီး နောက်မှီအဖြစ် အုံး-နှစ်လုံးချထားသည့် ပလ္လင်တော်ဖြစ်သည်။

နီပေါဘုရင် ဂျာနင်ဒရာ ဘာဘစ်ရမ်ရှာဒေ့ (Gyanendra Bir Bikram Shah Dev)သည် (၂၀၀၁)ခုနှစ်တွင် ဘုရင်ဖြစ်လာပြီးနောက် ပလ္လင်ဟုသတ်မှတ်သော အထူးပြုလုပ်ထားသည့် ကုလားထိုင်ကြီးပေါ်မှာထိုင်၍ အုပ်ချုပ်ခဲ့သည်။

ဒေါင်းပလ္လင် (Peacock Throne)သည် မူလတည်ရှိသည့်နေရာမှာ အိန္ဒိယနိုင်ငံဖြစ်သည်။

ပါရှန်များ (the Persians)သည် ထိုဒေါင်းပလ္လင်ကို (၁၇၃၉) ခုနှစ်တွင် ခိုးယူသွားခဲ့သည်။

ထိုရွှေပလ္လင်မျိုးကို အသစ်ထပ်မံပြုလုပ်ပြီး ပါရှန် (the Persians)သို့မဟုတ် အီရန် (Iranian) များ၏ နန်းစဉ်သုံး ရွှေပလ္လင် ဖြစ်သွားသည်။

ထည်ဝါခန့်ညားမှုအရှိဆုံး ဒေါင်းပလ္လင်ကို (၁၇)ရာစုအစောပိုင်း၌ မဂိုဧကရာဇ် ရှားဂျဟန် (the Mughal emperor Shan Jahan) အတွက်ပြုလုပ်ပြီး နန်းသုံးပလ္လင်ဖြစ်ခဲ့သည်။

ထိုပလ္လင်ပေါ်ကို ငွေလှေကားထစ်တွေနဲ့ နင်းတက်ရပြီး ခြေနင်းခုံသည်ရတနာများ စီခြယ်ထားသည့် ရွှေသားအထိဖြစ်သည်။

ပလ္လင်၏ နောက်ခံကို ကြွေရည်သုတ်ပြီး ရွှေချထား စိန်၊ ပတ္တမြားနှင့် ကျောက်မျိုးစုံစီခြယ်၍ မှန်စီရွှေချပြုလုပ်ထားသည့် အတောင်အမြီးများဖြန့်၍ ကနေသောဒေါင်းရုပ်ခံထားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၂၀၀၆)ခုနှစ်ဩဂုတ်လ (၂၁)ရက်နေ့တွင် နန်းတက် ကျင်းပခဲ့သည့် မာအိုရီဘုရင် (Maori King) တူဟေတီယာပါ (Tuheitia Paki)သည် နဂရူဝါဟီယာ (Ngarua wahia)ရှိ နန်းတော်တွင်းမှာရှိသော သစ်သားပလ္လင်တော်မှာ ထိုင်တော်မူ သည်။

ထိုသစ်သားပလ္လင်တော်သည် ရွှေရောင်ငွေရောင်မရှိ ပေ။ သစ်သားပေါ်မှာ ရိုးရာအရုပ်များသာ ထွင်းထုထားပါသည်။

ဘုရင်ကြီးသည် ထုံးတမ်းစဉ်လာအရ ငှက်မွေးတပ် သားရေခြုံထည်ကို ခြုံထားပါသည်။

ဘာလင်မြို့တော်၊ လူမျိုးစုပြတိုက် (the Ethnological Museum) တွင်ပြသထားသော ကင်မရွန်းမြက်ခင်းမြေ (Cameroon Grasslands) တွင် စံမြန်းကြသည့် ဘာမန်ဘုရင် (Bamum King) တို့သည် ပုတီးစေ့ပလ္လင်တော် (beaded throne)ကို အသုံး ပြုကြသည်။

အမြင့် (၈၃. ၂)စင်တီမီတာမြင့်သော ရိုးရာပလ္လင်တော် မှာ မွေ့ရုပ်၊ တိုင်းရင်းသားလူမျိုးစု လူရုပ်များကို အပြာရောင်နှင့် အဖြူရောင်အများဆုံးပါသော ပုတီးစေ့ရောင်စုံနှင့် စီခြယ်ထား ပါသည်။

လူရုပ်များသည် လက်နက်ကိုင်ဆောင်ထားပုံ၊ အစား အစာ ကိုင်ဆောင်ထားပုံ၊ ပုံကိုင်ဆောင်ထားပုံများကို တွေ့ရှိရ သည်။

အီတလီနိုင်ငံ၊ ရောမမြို့တော်ရှိ ရောမအမျိုးသားပြ



တိုက် (the National Roman Museum)တွင် ဘီ(၄၆၀) ဘီစီ ခေတ်က ကျောက်ဆစ်ရုပ်တစ်ခုမှာ ပလ္လင်တော်ကို တွေ့ရသည်။

ကျောက်သားဖြင့် ထုလုပ်ထားသည့် ပလ္လင်တော်ဖြစ် သည်။

(၁၉၆၃)ခုနှစ် ဇွန်လ(၃၀)ရက်နေ့မှာ ပုပ်ရဟန်းမင်းကြီး ဆဋ္ဌမမြောက် ပေါ(လ) (Pope Paul VI)သည် အဆောင်အ ယောင် အဆင်တန်ဆာများဆင်မြန်းပြီး ပလ္လင်တော်မှာ ထိုင်ရ သည်။

ဗာတီကန်နန်းတော်သည် အီတလီနိုင်ငံ၊ ရောမမြို့တွင် ရှိသည်။

ဗာတီကန် (Vatican) နန်းတော်ထဲတွင် ပုပ်ရဟန်းမင်း ကြီး၏ ပလ္လင်တော်ထားရာ ပလ္လင်တော်ခန်း (the throne room) ရှိသည်။

နိုင်ငံအသီးသီးရှိ ပလ္လင်တော်များ၏ ခမ်းနားထည်ဝါမှု၊ အရှိန်အဝါကြီးမှုနှင့်အတူ ပလ္လင်တော်ထားရှိသည့် ခန်းမဆောင် များ သီးခြားရှိကြပါသည်။

တောင်ကိုရီးယားနိုင်ငံ၊ ဆိုး(လ်)မြို့တော်မှာ (၁၈၆၇) ခုနှစ်က ပြန်လည်ပြုပြင်တည်ဆောက်ထားသော ရှေးကိုရီးယား ဘုရင်များ၏ နန်းတော်ဟောင်း (Kyongbok Palace) တွင် ပလ္လင်တော်ဆောင် (Kunjong Hall) သီးသန့်ထားရှိခဲ့သည်။

ကောင်းကင်မှာဝဲပျံနေသည့် ဥယျာဉ်တော်ရှိသော ဘေ ဘီလုံ (Babylon) မှာ ဘီ(၆၀၀)ဘီစီခေတ်က ဒုတိယမြောက်

www.burmeseclassic.com

www.burmeseclassic.com



နီဘူချာ ဒရီဂါ (Nebucha Dreggar II) ၏ နန်းတော် ရှိခဲ့သည်

ထိုနန်းတော်တွင်းရှိ ပလ္လင်တော်ခန်း (the throneroom ၏ မျက်နှာစာကို တောက်ပသည့် အရောင်ဆန်းများနှင့် ကြေ ရည်သုတ်ထားသော အုတ်ချပ်များသုံးကာ တန်ဆာဆင်ထား သည်။

ဇောမိပင်နှင့်ရွှေပလ္လင်ကို အောင်နိုင်တော်မူခဲ့သည် မြတ်စွာဘုရားရှင်နှင့်တကွ တရားဟောပလ္လင်ထက်မှ ဗုဒ္ဓသာ သနာပြုဆရာတော်ဘုရားများ၏ တရားတော်များကြောင် လူအများ ကောင်းကျိုးချမ်းသာ ရခဲ့ကြသည်။

ကမ္ဘာအရပ်ရပ်က နိုင်ငံအသီးသီးမှာရှိခဲ့ကြသည့် ပလ္လ တော်ပေါ်က မင်းကောင်းမင်းမြတ်များသည် ပြည်သူပြည်သား များ၏ ကောင်းကျိုးအဖြာဖြာကို ဆောင်ရွက်ခဲ့ကြသဖြင့် သမိုင် မှာ နာမည်ကောင်းမှတ်တမ်းရေးထိုး ဂုဏ်ပြုခဲ့ကြပေသည်။

နိုင်ငံအုပ်ချုပ်သူများ၏ ပလ္လင်တော်များသည် ထိုပလ္လ ပေါ်မှာထိုင်၍ စီမံခန့်ခွဲသူများ၏ ပညာအရည်အသွေး၊ စိတ် သဘောထားနှင့် ခံယူချက်များအရ နိုင်ငံနှင့်ပြည်သူလူထု ကောင်းကျိုး၊ ဆိုးကျိုးများ ပေးနိုင်ခဲ့သည်။

ကမ္ဘာ့နေရာဒေသအသီးသီးတို့တွင် ၄င်းတို့ယဉ်ကျေး ယုံကြည်ကိုးကွယ်မှုများအလိုက် ပလ္လင်တော်များကို ပုံသဏ္ဌာ အမျိုးမျိုးပြုလုပ်ကာ အသုံးပြုခဲ့ကြလေသည်။

သို့ကြောင့် ပလ္လင်တော်များကို ယဉ်ကျေးမှု ဓလေ့ထုံး အတွက်သာမကပဲ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးတို့၏ ဘုန်



ဆန်ခိုးထွန်းတောက်ခဲ့ပုံများအတွက် လေ့လာရာတွင် များစွာ အထောက်အပံ့ဖြစ်စေပါသည်။

www.burmeseclassic.com

www.burmeseclassic.com







## အခန်း ( ၁၄ )

# အမှောင်ရိပ်တွင်းမှ ဗရုဏလောကသား

တစ်နေ့သ၌ ဆွယ်လီတစ်ယောက် အဖော်များနှင့်အ
..တောထဲမှပြန်လာလေသည်။ သူနှင့်အတူ မောင်ငယ်ဖြစ်သူ
..လိန်းလည်းပါလာသည်။

ကျန်နှစ်ယောက်ကတော့ ရွာမှ အမျိုးသမီးနှစ်ယောက်
..ပင် ဖြစ်ပေသည်။

၎င်းတို့လေးယောက် စကားတပြောပြောနှင့် ပြန်လာကြ

www.burmeseclassic.com

www.burmeseclassic.com



ရာ ဗန်တလန်ရွာနှင့် လောင်တလန်ရွာ နှစ်ရွာကြား၌ရှိသော တောအုပ်သို့ရောက်သောအခါ မျက်နှာချင်းမှ လျှောက်လာသော မိန်းကလေးနှစ်ယောက်နှင့် တွေ့ရလေသည်။

သူတို့အနီး ရောက်သောအခါ ရပ်တံ့ပြီးမေးသည်။

"နင်တို့အထဲမှာ ဆွယ်လီဆိုတာ ဘယ်သူလဲ"

"ဆွယ်လီဆိုတာ ငါပဲ"

"ဒီမှာ နင့်အတွက် စာတစ်စောင်ပါလာတယ်"

"ဘယ်သူပေးလိုက်တဲ့စာလဲ"

"နင် ဖတ်ကြည့်ရင် သိမှာပေါ့"

ဟုပြောပြီး ဟောင်းနွမ်းနေပြီဖြစ်သော စာရွက်ခေါက်တစ်ခုကို လှမ်းပေးလေသည်။

ဆွယ်လီက ဇဝေဇဝါဖြင့် လှမ်းယူပြီး ဖတ်ကြည့်လိုက်သည်။

"ဆွယ်လီ နင်ပျောက်သွားတဲ့ လက်ဝတ်ရတနာတွေ ပြန်ရပြီ၊ နင်ကိုယ်တိုင်လာယူမှ ပြန်ပေးမယ်"

ထိုစာကို ဖတ်ပြီးတော့မှ ထန်ကုန်းပေးလိုက်သော ဖြစ်မှန်း သဘောပေါက်သွားလေသည်။

သို့သော်လည်း စိတ်ထဲမှာတော့ ဇဝေဇဝါဖြစ်နေသေးသည်။

"သူက ဘယ်မှာလဲ"

"ဟိုဘက်ရွာစပ်နားမှာ စောင့်နေတယ်"

ဆွယ်လီက လက်ဝတ်ရတနာများအကြောင်းကို အခြ



အဖော်နှစ်ယောက် မသိစေလိုပေ။

"နင်တို့ပြန်နှင့်ကြ ငါသူတို့နဲ့လိုက်သွားဦးမယ်"

"ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်၊ ငါကူလိန်းကို အဖော်ခေါ်သွားမယ်"

ကူလိန်းမှာ အသက်(၂၀)ဝန်းကျင်အရွယ် ဖြစ်နေပြီ ဖြစ်သဖြင့် အားကိုးလောက်သောအနေအထားရှိသည်။

ထို့ကြောင့် မောင်နှမနှစ်ယောက်၊ အမျိုးသမီးနှစ်ဦးခေါ် အနောက်သို့ လိုက်လာခဲ့ကြလေသည်။

အချိန်က ညနေပိုင်းအချိန် ရောက်နေပြီဖြစ်သောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး မြူနှင်းများဖြင့် ဝေ့ဝေ့မှိုင်းမှိုင်းဖြစ်နေလေသည်။

"အစ်မ ငါတို့ဘယ်သွားမလို့လဲ"

လမ်းရောက်တော့ ကူလိန်းကမေးသည်။

"ဟိုဘက်နားတင်ပါ"

"အချိန် သိပ်မရှိတော့ဘူးနော် သိပ်မကြာစေနဲ့"

"အေးပါ"

ထိုသို့ပြောပြီး လျှောက်လာရာတစ်နေရာရောက်တော့ ရှေ့မှသွားနေသော မိန်းကလေးနှစ်ယောက်က ရပ်လိုက်ကြသည်။

"နင်တို့နှစ်ယောက် ဒီနေရာမှာ ခဏစောင့်နေကြ၊ ငါသူ့ကို သွားခေါ်လိုက်ဦးမယ်"

ဟု ပြောကာ တောထဲဝင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆွယ်လီမှာ စိတ်ထဲမှ ဇဝေဇဝါဖြင့်နေရာ၌ ရပ်စော
နေစဉ် အတန်ကြာတော့ တောထဲမှခြေသံများ ကြားသဖြင့် လှ
ကြည့်လိုက်တော့ မျက်နှာပေါ်တွင်ဆေးမှင်များဖြင့် ရုပ်ဖျက်ထ
သော လူ(၆)ယောက်ထွက်လာပြီး မောင်နှမနှစ်ယောက်ကို ဝိုင်း
ထားလိုက်သည်။

၄င်းတို့လက်ထဲမှာ ဓားလှံလက်နက်များ ကိုင်ထား
သည်။

"နင်တို့ဘယ်သူတွေလဲ၊ ဘာလုပ်ကြမလို့လဲ"

"ဘာမှမေးမနေနဲ့၊ အသက်မသေချင်ရင် ငါတို့နော
ကို အေးအေးသာလိုက်ခဲ့ပေတော့"

"မလိုက်နိုင်ဘူး၊ ငါက ဇန်တလန်ရွာက ရွာလူကြီး
သမီး. . နင်တို့ကို ငါ့အဖေနဲ့ တိုင်ပြောရမယ်"

"တိုင်ပြောလည်း ဂရုမစိုက်ဘူး၊ ငါတို့ပြောတဲ့စကား
နားမထောင်ရင် နင့်မျက်စေ့ရှေ့မှာတင် သူ့ကို လှံနဲ့ထိုးသတ်
မယ်"

ဟုပြောပြီး လူသုံးယောက်က ကူလိန်းအနီးသို့ကပ်က
လှံများဖြင့် ချိန်လိုက်ကြသည်။

မတတ်နိုင်တော့ပေ။

"ငါ့ မောင်ကို လက်ဖျားနဲ့တောင်မထိနဲ့"

ဟု ပြောတော့မှ နောက်ပြန်ဆုတ်သွားလေတော့သည်။
ထို့နောက်မှာတော့ သူတို့မောင်နှမနှစ်ယောက်ကို တောစပ်မှ
ရှိသော စပါးကျီဟောင်းတစ်လုံးအတွင်းသို့ ထည့်ကာ တံခါးပိတ်



ားလိုက်သည်။

စပါးကျီမှာ သစ်သားများဖြင့် အခိုင်အခံ့ဆောက်ထား
သာ အဆောက်အဦးဖြစ်ပြီး စပါးတော့မရှိပေ။

နံရံများတွင် သစ်သားတန်းများဖြင့် စေ့နေအောင်ကာ
ထားသဖြင့် ထွက်၍မလွယ်ပေ။

အထဲတွင် မီးအိမ်မရှိသောကြောင့် မှောင်နေသည်။

အထဲရောက်တော့ မောင်နှမနှစ်ယောက် ကောက်ရိုး
င်းထားသောနေရာတွင် ထိုင်လိုက်ကြသည်။

"အစ်မ သူတို့က ငါတို့နှစ်ယောက်ကို ဘာကြောင့်ဖမ်း
ာလဲ"

"ငါလည်းဘယ်သိပါ့မလဲ"

"ငါတို့ ပြန်မလာရင်တော့ အဖေကစိတ်ပူပြီး လိုက်ရှာ
ာပဲ၊ အဖေတို့ရောက်လာရင် အဲဒီလူတွေကို သတ်ပစ်မယ်"

"တိုးတိုးပြော ကိုယ်မသတ်ခင် သူတို့က အရင်သတ်လို့
သနေဦးမယ်"

ဟု သတိပေးလိုက်သည်။

ဆွယ်လီမှာ စိတ်ပျော့သူတစ်ယောက်တော့ မဟုတ်ပေ။
ယ်အရာ ဘယ်ကိစ္စမဆို စိတ်ဓာတ်ကြံ့ခိုင်စွာဖြင့် ရင်ဆိုင်ဖြေ
င်းတတ်သူဖြစ်သည်။

ယခုလည်း ထိုသို့ဖြစ်လာရသောအကြောင်းကို တစ်ခု
ခင်းပြန်တွေးကြည့်သောအခါ အဖြေက ရေးရေးပေါ်လာလေ
သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုလိုဖြစ်ရခြင်းမှာ. . လက်ဝတ်ရတနာများကို အ… ကြောင်းပြုပြီး ဖြစ်ရခြင်းဖြစ်၏။

လက်ဝတ်ရတနာများအကြောင်းကို သိသူမှာနီမောင်… နှင့်လောင်တလန်ရွာမှ ထန်ကုန်းသာရှိသည်။

နီမောင်ကတော့ ဘယ်နည်းနှင့်မျှ ထိုကဲ့သို့ ပြုလုပ်မည်… မဟုတ်ပေ။ သို့ဆိုလျှင်တော့ ထန်ကုန်းသာ ကျန်တော့သည်…

ထန်ကုန်းက ရတနာပစ္စည်းများအကြောင်းပြုပြီး သူမ… အပိုင်းသိမ်းရန် ကြံစည်ခြင်းဖြစ်ပေလိမ့်မည်။

ညဉ့်ဦးပိုင်းအချိန်ရောက်တော့ လူတစ်ယောက်ရော… လာပြီး အစားအသောက်များ လာပို့ပေးသည်။

ကူလိန်းကသာစားပြီး၊ ဆွယ်လီကတော့ လုံးဝမစား… အတော်ကြာတော့ စပါးကျီထဲသို့ လူသုံးယောက်ဝင်လာပြီး နှ… ယောက်က ကူလိန်းကို အပြင်ခေါ်ထုတ်သွားကြလေသည်။

"ငါ့မောင်ကို တစ်ခုခုလုပ်ရင်တော့ နင်တို့ကို မဖြစ်ဖြ… တဲ့နည်းနဲ့ ကလဲ့စားချေပစ်မယ်"

စပါးကျီထဲမှာ ကျန်နေသူထံမှ ရယ်သံတိုးတိုးထွက်လာ… သည်။ ထိုသူမှ အဝတ်နက်ကြီးကိုခြုံထားပြီး ခေါင်းစွပ်တစ်… လည်း စွပ်ထားသေးသည်။

"နင်က ငါ့လက်ခုပ်ထဲကရေဖြစ်နေပြီ၊ ဒီလောက်ဒေါသ… ကြီးမနေနဲ့တော့"

ထိုအသံကြားတော့ ဆွယ်လီကပြောလိုက်သည်။

"နင်ရုပ်ဖျက်ထားလည်း ငါသိတယ်၊ အသံဖျက်ပြော… …သည်း ငါသိတယ်၊ အကြံပက်စက်တဲ့ ထန်ကုန်းမဟုတ်လား"



သဘောကျသောအမူအရာဖြင့် အသံထွက်အောင် …ရယ်လိုက်ပြန်သည်။

"ငါ့ဆီက လက်ဝတ်ရတနာတွေကို လုယူသွားတာလဲ …င်ပဲ မဟုတ်လား"

"ငါ မဟုတ်ဘူး"

"ဒါဖြင့် ရတနာတွေ ပြန်ရပြီဆိုတာ ဘယ်မှာလဲ"

"ဖြေးဖြေးပေါ့၊ ငါပြောတာကို လက်ခံသဘောတူရင် …င်ပျောက်သွားတဲ့ရတနာတွေကို ရအောင်ပြန်ရှာပေးမယ်"

ဆွယ်လီက ပြန်မပြောပဲ အံကြိတ်ထားလိုက်သည်။

"နင် ငါနဲ့ လက်ထပ်မလား၊ နင်ဘက်က သဘောတူရင် ရတနာတွေပြန်ရအောင် ငါလုပ်ပေးမယ်"

"ငါအသက်သေချင်သေပေစေ နင့်လိုလူယုတ်မာတော့ တစ်သက်လုံးမယူဘူး"

ဟု ပြန်ပြောလိုက်သည်။

"နင် မယူလည်း ငါကတော့ရအောင်ယူမှာပဲ၊ အခု နင် ငါ့လက်ထဲရောက်နေပြီး. . မကြာခင် နင် ငါ့မိန်းမဖြစ်တော့မှာပဲ"

"ထွီ လူယုတ်မာ"

" ဘာပဲဖြစ်ဖြစ်၊ နင့်ကို ဒီတစ်ညတော့ စဉ်းစားခွင့်ပေးမယ် မနက်ဖြန်ညရောက်တဲ့အထိ သဘောမတူသေးဘူးဆိုရင်တော့ နင့်မျက်နှာပေါ်မှာ အုပ်ထားတဲ့ ပါးရဲမျက်နှာဖုံးကို ငါ့လက်နဲ့ခွာပြီးတော့ နင့်ကိုသိမ်းပိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး စပါးကျီထဲမှ ပြန်ထွက်သွားလေသည်။

ခဏကြာတော့ စပါးကျီထဲသို့ ကူလိန်းပြန်ရောက်လာသည်။

"ကူလိန်း နင်ဘာဖြစ်သေးလဲ"

"ငါဘာမှမဖြစ်ပါဘူး၊ နင်ရောဘာဖြစ်သေးသလဲ"

"ဘာမှမဖြစ်ဘူး"

"ငါတို့ ဒီနေရာကလွတ်အောင် ဘယ်လိုကြံစည်ကြမလဲ"

"ဒီလိုပဲ ကြံစည်ရမှာပဲ"

ဟု ပြောဆိုနေသည်။

ထိုသို့ပြောနေရင်းမှာ ဆွယ်လီရင်ထဲမှာတော့ ပူနေလေသည်။

ထိုကဲ့သို့ပင် မိုးချုပ်ချိန်အထိ သူတို့မောင်နှမနှစ်ယောက် ပြန်မရောက်လာသေးသောအခါ ဦးထန်ဖုန်းရှိန်တို့မှာလည်း စိတ်ပူနေကြလေပြီ။

အချိန်တန်၍ ပြန်မလာသောအခါ သူတို့မောင်နှမနှစ်ယောက်နှင့်အတူသွားမိန်းကလေးကို ခေါ်မေးသောအခါ အကျိုးအကြောင်းသိရတော့သည်။

"ငါတို့အတူတူပြန်လာကြတော့ လမ်းမှာ ဟိုဘက်ရွာက လားမသိဘူး၊ မိန်းကလေးနှစ်ယောက်လာခေါ်တာနဲ့ လိုက်သွားကြတယ်"

ထိုစကားကြားသောအခါ ဦးထန်ဖုန်းရှိန်က ပြောသည်။





"ငါ့သားနဲ့သမီးကို လောင်တလန်ရွာကလူတွေ ဖမ်းခေါ်သွားတာဖြစ်မယ်၊ အခုချက်ချင်း ရွာသားတွေစုပြီး လောင်တလန်ရွာကို သွားရမယ်"

"ဒီလိုလုပ်လို့မဖြစ်ဘူးအဖေ"

သားအကြီးဖြစ်သူ ဗန်ဟေးက ဝင်တားသည်။

"ဘာကြောင့် မဖြစ်ရမှာလဲ"

"ဆွယ်လီတို့မောင်နှမကို သူတို့ရွာကလူတွေ ဖမ်းခေါ်သွားတယ်ဆိုတာ မသေချာသေးဘူး၊ ဒီအခြေအနေမျိုးမှာ လူစုလူဝေးနဲ့သွားရင် အထင်လွဲပြီး တစ်ရွာနဲ့တစ်ရွာ ရန်မီးပွားလိမ့်မယ်"

"ဒီတော့ ဘယ်လိုလုပ်မလဲ"

"သေချာအောင်အရင်သွားပြီး စုံစမ်းမယ်၊ သေချာပြီဆိုတော့မှ လုပ်သင့်တာလုပ်မယ်"

ဗန်ဟေးမှာ အသက်(၃၀)ကျော်ပြီး စဉ်းစားချင့်ချိန်နိုင်သည့် အရွယ်ရောက်နေပေပြီ။

သူပြောသည်မှာ နည်းလမ်းကျသောကြောင့် ဦးထန်ဖုန်းရှိန်လည်း ထပ်မပြောသာတော့ပေ။

"ငါတော့အတော်စိတ်ပူနေပြီ၊ မင်းကောင်းသလိုသာ လုပ်ပေတော့"

ဟု ခွင့်ပေးလိုက်သည်နှင့် ဗန်ဟေးက ချက်ချင်းဆိုသလို နီမောင်ရှိရာသို့ သွားလေသည်။

နီမောင်နှင့်တွေ့ပြီး စောထီး၊ ငမဲအောင်တို့ပါခေါ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ပြီး အကျိုးအကြောင်းပြောပြသည်။

ထိုသတင်းကို ကြားသော့အခါ နီမောင်စိတ်ထဲမှာလည်း ဆွယ်လီအတွက် ပူပန်သွားလေသည်။

"သူတို့မောင်နှမကို ဘာကြောင့်ဖမ်းခေါ်သွားတာလဲ မင်းသိသလား နီမောင်"

နီမောင်က လက်ဝတ်ရတနာများအကြောင်းကို ပြောပြလိုက်သည်။

"ဟင်. . ဒါဖြင့် ဥစ္စာသိုက်က သူယူလာတဲ့ လက်ဝတ်ရတနာတွေ ပြန်မပေးနိုင်လို့ နှစ်ယောက်စလုံး လာခေါ်သွားတာများလား"

"ဒီလိုတော့ မဟုတ်သေးပါဘူး. . ၊ တကယ်လို့ခေါ်ရင်တောင် ကျွန်တော်ကိုပါခေါ်မှာပဲ၊ အခုဖြစ်တာ ဆွယ်လီကို နှစ်သက်နေတဲ့လူတစ်ယောက်ယောက်က ကြံစည်တာ ဖြစ်နိုင်တယ်"

"ဘယ်သူဖြစ်မလဲ၊ ငါညီမသဘောမတူပဲ အတင်းကြံစည်လို့ကတော့ နေရာမှာတင်သတ်ပစ်မယ်"

ဟု ကြိမ်းမောင်းပြောဆိုလေသည်။

"ကျွန်တော်တို့ အချိန်ဆွဲနေလို့တော့ မဖြစ်ဘူး၊ အခုချက်ချင်း လောင်တလန်ရွာဘက်သွားပြီး စုံစမ်းကြရမယ်"

"ငါလည်းလိုက်ခဲ့မယ်၊ လက်နက်လေးများတွေအပြင် ငါ့မှာရှိတဲ့ တူမီးသေနတ်ပါ ယူလာခဲ့မယ်"

"လက်နက်တွေအပြင် တခြားလိုတာရှိသေးတယ်"



"ဘာလဲ"

"အချိန်မတော်သွားမှာဆိုတော့ သရဲသဘက်တွေနဲ့ပါ တွေ့နိုင်တယ်၊ သူတို့ကိုနိုင်တဲ့ ဆေးဝါးအဆောင်တွေယူသွားရမယ်"

"ဒီအတွက်တော့ စိတ်မပူနဲ့၊ နတ်ဆရာဇလျှန်ထန်ဆီ သွားပြီး အကျိုးအကြောင်းပြောပြရင် သူလုပ်ပေးလိမ့်မယ်"

ဟု ပြောဆိုပြီး လေးယောက်သား လိုအပ်သောပစ္စည်းများစုဆောင်းပြင်ဆင်၍ ယူဆောင်ကာ နတ်ဆရာနေအိမ်သို့ သွားလေသည်။

"ဇန်ဟေးပါလား အချိန်မတော်မှ ဘာဖြစ်လာတာလဲ"

"ငါ့ညီမပျောက်သွားတာ လိုက်ရှာကြမလို့၊ နတ်ဆရာက သရဲသဘက်တွေနဲ့တွေ့ရင် သုတ်သင်ပစ်ဖို့ ဆေးဝါးနဲ့အဆောင်လက်ဖွဲ့တွေလုပ်ပေးပါ။ ငါ့ညီမ ပြန်တွေ့လာရင် ဘွေသဲလုပ်ပေးပါ့မယ်"

ဟု ကတိပေးလိုက်သောအခါ နတ်ဆရာကလည်း သဘောတူပြီး လိုအပ်သောအစီအရင်များ ပြုလုပ်ပေးလိုက်လေသည်။

နတ်ဆရာစီရင်ပေးသော ဆေးဝါးနှင့်အဆောင်လက်ဖွဲ့များရသောအခါ သူတို့ကိုင်ဆောင်နေကျ ဓား၊ လှံ၊ လေးများနှင့် တူမီးသေနတ်များ ယူဆောင်ပြီး လောင်တလန်ရွာဘက်သို့ ဦးတည်ပြီး သွားကြလေသည်။

လောင်တလန်ရွာစပ်ရောက်တော့ သူတို့သွားမည့်လမ်း

www.burmeseclassic.com

www.burmeseclassic.com



ရှေ့တည့်တည့်မှ အနှောင့်အယှက်တစ်ခုနှင့် တွေ့ကြရသည်။

သစ်ပင်တမျှ အရပ်အမောင်မြင့်သော သရဲတစ်ကောင်က လမ်းပေါ်မှပိတ်ရပ်နေသည်။

နီမောင်က မြားတံတစ်ချောင်းတွင် နတ်ဆရာစီရင်ပေးလိုက်သော အင်းချပ်ကို လိပ်ချည်ပြီး သရဲကိုပစ်သည်။ မြားထိသည်နှင့် မီးခိုးငွေ့များထွက်လာပြီး တောထဲသို့ ဝင်ပြေးသွားလေတော့သည်။

နောက်တစ်နေရာရောက်တော့လည်း သူတို့သွားမည့်လမ်းပေါ်မှာ ရှေ့သို့ဆက်မသွားနိုင်အောင် ဆီးတားနှောင့်ယှက်နေကြသော သရဲသဘက်အချို့နှင့် ထပ်တွေ့ရသေးသည်။

ထိုသရဲသဘက်များမှာ အမှတ်မထင်လာတွေ့နေကြခြင်းတော့မဟုတ်ပေ။

လောင်တလန်ရွာမှ နတ်ဆရာဇမုန်းထန်က ဗန်တလန်ရွာမှ လိုက်လာခဲ့လျှင် လမ်းမှဆီး၍ အနှောင့်အယှက်ပေးရန် သရဲသဘက်များကို စေခိုင်းထားခြင်းပင် ဖြစ်ပေသည်။

သို့သော်လည်း နီမောင်တို့ကတော့ နတ်ဆရာဇလျှန်ထန် စီရင်ပေးလိုက်သည့် အင်းချပ်များအစွမ်းကြောင့် အတားအဆီးတို့ကို ကျော်ဖြတ်သွားနိုင်ကြလေသည်။

အချိန်ကလည်း ညဉ့်နက်ပိုင်းအချိန်သို့ ရောက်နေပြီ။ ထိုအချိန်တွင် နှင်းမှုန်နှင်းဖွဲများကျနေသဖြင့် ပတ်ဝန်းကျင်မှာ မှုံဝါးဝါးသာ မြင်ရတော့သည်။

တဖြေးဖြေးနှင့်လျှောက်လာကြရာ တစ်နေရာရောက်



တော့ စကားပြောသံလိုလို ကြားရသဖြင့် နားစွင့်လိုက်သည်။

အသံက ခတ်တိုးတိုးပင် ကြားရခြင်းဖြစ်သည်။ လေးယောက်သား တစ်ဦးနှင့်တစ်ဦး အချက်ပြပြီး အသံကြားရာဘက်သို့ သွားကြသည်။

တစ်နေရာရောက်တော့ စပါးကျီအဟောင်းတစ်လုံးကို တွေ့ကြရသည်။

တံခါးပေါက်ဝဘက်မှာ လူသုံးယောက်ထိုင်ပြီး ခေါင်းရေသောက်နေကြသည်။

"ဒီအချိန်မှာ မီးဖိုမဖိုဘဲ. . အမှောင်ထဲမှာ ထိုင်နေပုံထောက်တော့ သွေးရိုးသားရိုးတော့ ဟုတ်မယ်မထင်ဘူး"

"မင်းတို့ဒီနေရာကစောင့်နေ. . ငါအနောက်ဘက်က လှည့်ပြီး စပါးကျီထဲကို သွားချောင်းကြည့်မယ်"

ဟု ပြောပြီး ငမဲအောင်က လှစ်ခနဲထွက်သွားသည်၊

ခဏကြာတော့ ပြန်ရောက်လာပြီး ပြောသည်။

"စပါးကျီထဲမှာ မှောင်နေတော့ သိပ်မမြင်ခဲ့ရဘူး၊ အထဲမှာစပါးတော့မရှိဘူး၊ လူနှစ်ယောက်တော့ရှိနေပုံပဲ"

"ဆွယ်လီတို့မောင်နှမဖြစ်မယ် ဘယ်လိုလုပ်မလဲ"

"အစောင့်သုံးယောက်ကို ဝင်ရှင်းပြီး ပြန်ခေါ်ရမှာပေါ့"

ဟု ပြောပြီး စပါးကျီနောက်မှ ပတ်သွားကြသည်။

စပါးကျီနေရာရောက်တော့ ဘယ်နေရာကထွက်လာမှန်းမသိသော သရဲတစ်ကောင်က ထွက်လာပြီး ရန်မူလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"နီမောင် မင်းဆီမှာ အင်းစာရွက်ရှိသေးသလား"

"မရှိတော့ဘူး"

ထိုသို့ပြောနေစဉ် . . အမွေးစုတ်ဖွားနှင့် ကိုယ်လုံးကိုယ် ထည်ကြီးမားသောသရဲက မနီးမဝေး ရောက်လာလေတော့ သည်။

သရဲကိုတော့ ပါလာသောဓားလှံများဖြင့် ထိုးခုတ်၍မ ပေ။ သို့ကြောင့် ဇန်ဟေးက. . .

"သရဲက သေနတ်နဲ့ပစ်ရင်ရတယ်"

ဟု ပြောပြီး တူမီးသေနတ်ဖြင့် နှစ်ချက်သုံးချက်ပစ်လ တိတ်ဆိတ်နေသောတောထဲမှာ သေနတ်သံများ ပွဲတင်ထပ်သွာ လေသည်။

သေနတ်ဖြင့်ပစ်တော့မှ သရဲလည်းပျောက်သွားတော့ သည်။ သို့သော် ရှေ့မှာစောင့်နေသော လူသုံးယောက်က ဓား လက်နက်များဖြင့် ပြေးလာကြရာ နီမောင်တို့သုံးယောက်ဒ တိုက်ခိုက်ကြလေသည်။

ခေါင်းရှေ့မှူးနေသော လူသုံးယောက်တို့မှာ ပြင်းပြင်းထ ထန် မတိုက်လိုက်ရခင်မှာ ဒဏ်ရာဒဏ်ချက်များရကာ လဲ သွားလေတော့သည်။

ရှင်းသွားတော့မှ နီမောင်က ပိတ်ထားသောတံခါး ဖွင့်ပေးလိုက်ရာ ဆွယ်လီနှင့်ကူလိန်းတို့နှစ်ယောက် ထွက်လာ သည်။

သူတို့ကို မြင်တော့ ဝမ်းသာသွားကြလေသည်။



ထိုအခိုက်မှာပင် တောထဲမှာလာနေသော ခြေသံများ၊ သူသံသူသံများကြားသဖြင့် ဇန်ဟေးကပြောသည်။

"နီမောင် မင်းသူတို့နှစ်ယောက်ကို ခေါ်ပြီးသွားနှင့်ပေ တော့၊ ငါသူတို့ကို တူမီးသေနတ်ပစ်တာ ဘယ်လောက်လက် ဖြောင့်တယ်ဆိုတာ ပြလိုက်ဦးမယ်"

ဟု ပြောကာ စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်နှင့် အတူနေခဲ့ကြသည်။

ခဏကြာတော့ ထိုနေရာသို့ ထန်ကုန်းခေါင်းဆောင် သော လူ(၆)ယောက်ရောက်လာကြသည်။

ထန်ကုန်းလက်ထဲမှာ တူမီးသေနတ်တစ်လက်ပါလာ သည်။

"ငါတို့လူသုံးယောက်လည်း လဲနေပြီ၊ ကျိုတံခါးလည်း ဖွင့်နေပြီ၊ သူတို့လွတ်သွားပြီထင်တယ်"

"သူတို့ကို အလွတ်ပေးလို့မဖြစ်ဘူး၊ အမြန်တွေ့အောင် ရှာရမယ်"

ဟု ပြောဆိုနေစဉ် သစ်ပင်ကွယ်မှာ မြားနှစ်စင်းထွက် လာပြီး နှစ်ယောက်လဲကျသွားသည်။

ထန်ကုန်းစိတ်ထင်ရာဘက်သို့ သေနတ်ဖြင့်ချိန်ပြီး နှစ် ချက်သုံးချက် ပစ်လေသည်။

၄င်းပစ်၍ နားသွားတော့ အသင့်စောင့်နေသော ဇန် ဟေးက အသေအချာချိန်ပြီး တစ်ချက်တည်း ပစ်ချလိုက်လေ သည်။

www.burmeseclassic.com

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com



“တူမီးသေနတ်ဆိုတာ ရမ်းမပစ်ရဘူး၊ သေချာမှ သေ
ဒီလိုပစ်ရတယ်ကွ”

“ဗိုန်း. . .”

ပြောပြောဆိုဆိုဖြင့် ပစ်ချလိုက်ရာ ထန်ကုန်းမှာ သေ
နတ်တခြား လူတခြားဖြစ်ကာ လဲကျသွားလေတော့သည်။

(၆)ယောက်လာရာ သုံးယောက်လဲကျသွားသည်ကို မြ
သောအခါ. . . ကျန်သုံးယောက်လည်း ဘာလုပ်ရမှန်းမသိ
ကြောက်လန့်နေစဉ် သေနတ်ဖြင့်ချိန်ပြီး လက်နက်ချခိုင်းလို
သည်။

“မင်းတို့ကို ဘယ်သူခိုင်းတာလဲ”

“ထန်ကုန်းခိုင်းလို့ လုပ်ရတာပါ ငါတို့ကို မသတ်ပါ

ဟု တောင်းပန်သဖြင့် ထိုလူသုံးယောက်ကို ပြန်လွှ
ပေးလိုက်ပြီး ထိုနေရာမှ ပြန်ထွက်ခဲ့ကြလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာတော့ မြူနှင်းများက ပိတ်
နေဆဲပင်ရှိသေး၏။





## အခန်း ( ၁၅ )

# မျှော်လင့်ခွင့် မရှိသော မင်္ဂလာပွဲ

တောနက်ထဲမှာ အမှောင်ရိပ်များဖုံးနေသောကြောင့်
ာမှမမြင်ရပေ။ နေ့အချိန်ပင် မှောင်နေရာယခုလို ညအချိန်
်တော့ ပိုပြီးအခြေအနေဆိုးသည်။

ထို့ပြင် မြူနှင်းများက ထူထပ်စွာကျနေပြန်သဖြင့် လမ်း
မြင်ရတော့ဘဲ မှန်းဆပြီး သွားနေကြရသည်။

ယခုလိုအချိန်မျိုးမှာ တောထဲမှာမသွားသင့်ပေ။ တော
ောင်ကြီးများနှင့် နေရာမရွေး၊ အချိန်မရွေး တွေ့နိုင်သလို. .

www.burmeseclassic.com

www.burmeseclassic.com



အခြားအန္တရာယ်များလည်းရှိသည်။

မတတ်နိုင်တော့။

အခြေအနေက ရပ်တံ့နေ၍မဖြစ်ပေ။

ရှေ့မှာရှိနေနိုင်သော အန္တရာယ်ထက်၊ နောက်ကလိုက်လာမည့်အန္တရာယ်က ပိုပြီးကြောက်နေရသဖြင့် သတိကြီးစွာ ထားကာ ခရီးဆက်ခဲ့ကြရခြင်းဖြစ်သည်။

ထိုသို့ပြေးလာကြစဉ်မှာ နောက်ဘက်မှ သေနတ်သံများ ကြားကြရသည်။

တစ်နေရာရောက်တော့ ဆွယ်လီကပြောသည်။

"နီမောင် ငါမျက်နှာကို သစ်ကိုင်းနဲ့ ထိမိသွားလို့ သွေးတွေထွက်နေတယ် ခဏနားရအောင်"

သို့ကြောင့်. . .

"ကူလိန်း ဒီလမ်းအတိုင်းတည့်တည့်သွားရင် ငါတို့ရွာ ရောက်နိုင်တယ် မင်းအရင်သွားနှင့်ပြီး လူကြီးတွေကို အကျိုးအ ကြောင်းပြောပြထားနှင့်ပါ"

ဟု ပြောလိုက်ရာ ကူလိန်းလည်း လှံတစ်ချောင်းကိုင် ပြီး နီမောင်လမ်းညွှန်ပြသောဘက်သို့ ခတ်သုတ်သုတ်ထွက်သွား လေတော့သည်။

ထို့နောက် ရန်သူများလိုက်လာပါက ရုတ်တရက်မတွေ့ နိုင်လောက်သည့် ကျောက်တုံးကြီးနှစ်တုံးကြားသို့ ခေါ်လာပြီး နားကြသည်။

ထိုနေရာကသစ်ရိပ်များ လွတ်သောကြောင့် အလင်း



ရောင်အနည်းငယ်ရနေသည်။

"ဒဏ်ရာက ဘယ်နေရာမှာလဲ"

ဆွယ်လီက မျက်နှာမော့ပြသည်။

မျက်နှာဖုံးစွပ်ထားသော အောက်ဘက်မှ သွေးများစီး ကျနေလေသည်။

"ဒဏ်ရာကများပုံရတယ်၊ သွေးလည်းအတော်ထွက်နေ တယ်. . သွေးမတိတ်ရင် နင်ခက်မယ်"

ဆွယ်လီက ဘာမှပြန်မပြောဘဲ မျက်နှာဖုံးအောက်မှ စီးကျလာသော သွေးများကိုလက်ဖြင့်သုပ်ပစ်နေရာ လက်မှာ သွေးများစွန်းပေနေတော့သည်။

"ဆွယ်လီ နင်ဒီအတိုင်းဆက်နေရင် ဒုက္ခရောက်လိမ့် မယ်၊ နင်မျက်နှာပေါ်က ပါးရဲမျက်နှာဖုံးကို ခဏချွတ်ပေးမှဖြစ် မယ်"

ဆွယ်လီက တစ်ချက်မော့ကြည့်သည်။

"ချွတ်လို့မဖြစ်ဘူး၊ ဒီမျက်နှာဖုံးက ငါနဲ့လက်ထပ်မယ့် သူမှ ချွတ်ခွင့်ရှိတယ်၊ မဟုတ်ရင် အမေ့ကိုပေးထားတဲ့ ကတိပျက် ပြီး ငါ့မျက်နှာပေါ်မှာ ပါးရဲအထိုးခံရလိမ့်မယ်"

ထိုစကားကြားတော့. . အတော်ကလေး စိတ်ညစ်သွား သည်။

"ဆွယ်လီ နင် ငါ့ကိုလက်ခံပေးနိုင်မလား၊ လက်ခံပေး ရင် ငါနင့်ကို လက်ထပ်မယ်"

"ဟင်. . နင်က ငါ့ကိုလက်ထပ်မယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ဒီလောက်ရုပ်ဆိုးတဲ့ မိန်းမတစ်ယောက်ကိုလက်ထ မယ်ဆိုတာ တကယ်ရောဟုတ်ရဲ့လား"

"ဟုတ်ပါတယ် မျက်နှာဖုံးချွတ်လိုက်လို့ ဒီထက်ရုပ်ဆိုး နေတဲ့မျက်နှာမျိုးဖြစ်နေရင်လည်း ငါလက်ထပ်ယူမယ်လို့ က ပေးတယ်၊ နင်လက်ခံပေးမလား"

"ဒီလိုကတိပေးရင်တော့ မငြင်းတော့ပါဘူး၊ နင့်သဘေ ပဲ. . "

ထိုသို့ပြောပြီး မျက်နှာမော့ပေးဘော့မှ တစ်စုံတစ်ခု သတိရသဖြင့် မေးလိုက်သည်။

"နင်ကရော ငါ့ကိုချစ်ရဲ့လား"

သူမက ခေါင်းညိတ်ပြသည်။

"ချစ်လို့. . တစ်သက်လုံး တပ်ထားတဲ့မျက်နှာဖုံးကို န လက်နဲ့ ချွတ်ခွင့်ပေးတာပေါ့"

ဟု ပြောတော့မှ မျက်နှာဖုံးကို ချွတ်ဖယ်လိုက်သည်

"ဟင်"

မျက်နှာဖုံးခွာလိုက်ပြီး ဆွယ်လီ၏ ပင်ကိုယ်မျက်နှာလေ ကိုမြင်တော့မှ အံ့သြလွန်းသဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွ လေသည်။ အဘယ်ကြောင့်ဆိုသော်. . .

ဆွယ်လီ၏ မျက်နှာလေးမှာ မျက်လုံး၊ မျက်ခုံး၊ နှာတံ နှုတ်ခမ်းစသည့်တို့၏ လှပမှုကြောင့် ချောမောနေသည့် မျက်နှ ဖြစ်နေသောကြောင့်ပင်ဖြစ်၏။



"ဒီလောက်ချောတဲ့မျက်နှာကို ဘာကြောင့် အကျည်း အောင် ပါးရဲမျက်နှာဖုံးတပ်ထားတာလဲ"

"ပါးရဲမထိုးချင်လို့ တပ်ထားတာ"

ထိုသို့ပြောသဖြင့် နီမောင်က သူမမျက်နှာပေါ်မှဒဏ်ရာ ကြည့်သည်။ ဒဏ်ရာက နဖူးပေါ်မှာ ခြစ်မိထားခြင်းဖြစ်ပြီး နေရာမှ သွေးများထွက်နေခြင်းဖြစ်သည်။

နီမောင်က သွားလေရာဆောင်ထားသော. . . ပျားဖ ာင်ချက်နှင့် မရှော့ရွက်ဆေးမှုန့်များ သိပ်ပေးလိုက်တော့မှ းတိပ်သွားသည်။

"ဆွယ်လီ ဒီမျက်နှာဖုံးပြန်တပ်ထားဦးမှာလား"

"ချွတ်ပြီးရင် ပြန်တပ်လို့မရတော့ဘူး၊ အမေ့ကိုပြန်ပေး ယ်"

"ငါတို့နှစ်ယောက် ချစ်သူတွေဖြစ်ပြီးပြီဆိုတော့ ရွာပြန် ာက်တာနဲ့ လူကြီးတွေခွင့်တောင်းပြီး အမြန်လက်ထပ်ရမယ်"

"ဘာဖြစ်လို့လဲ"

နီမောင်က သက်ပြင်းတစ်ချက် ချလိုက်ပြီးမှပြောသည်။

"နင် ပျောက်သွားတဲ့ပစ္စည်းတွေမှ ပြန်မရတော့တာ. . ပစ္စည်းတွေ ပြန်မရခဲ့ရင် နင်နဲ့ငါလက်ထပ်ပြီးလည်း တစ် ာက်ယောက်က သိုက်ထဲသွားရတော့မှာမဟုတ်လား"

"ဟုတ်ပါရဲ့ ဒီလိုဖြစ်ရတာ ငါ့ရဲ့အမှားတွေပါ နီမောင် "

ဟု ပြောပြီး နီမောင်ကိုဖက်ပြီး ငိုလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နီမောင်ကလည်း ပူပူနွေးနွေး ချစ်သူကိုယ်ကလေးကို ဖက်ထားရင်း နှစ်သိမ့်မှုပေးရလေသည်။

"ဖြစ်ခဲ့ပြီးမှတော့ ဖြစ်သမျှအကြောင်းလို့သာ သဘော ထားပေါ့ဟာ၊ နင်နဲ့ငါ လက်ထပ်ပြီးရင် သိုက်ထဲသွားရရင်လည်း တစ်ယောက်တည်းတော့ မသွားဘူး၊ နှစ်ယောက်စလုံးအတူ သွားကြတာ ပိုကောင်းမယ်ထင်တယ်"

ဟု ပြောသောအခါ ဆွယ်လီက ရှိုက်ကြီးတငင်ငိုကြွေး နေရင်းမှ ခေါင်းညိတ်ပြသည်။

"ကဲ ဒီလောက်လည်း ငိုမနေပါနဲ့တော့ဟာ၊ တော်ကြာ လူကြီးတွေစိတ်ပူနေကြလိမ့်မယ်၊ ငါတို့သွားကြရအောင်"

ဟု ပြောပြီး ထိုနေရာမှ ထွက်လာခဲ့ကြလေသည်။

သူတို့နှစ်ယောက် ရွာသို့ပြန်ရောက်သောအခါ အာရုဏ် တက်ချိန်ပင် ရောက်နေချေပြီ။

ကုလိန်းအပြင် ဇန်ဟေး၊ စောထီး၊ ငမဲအောင်တို့ပါ ပြန် ရောက်နေနှင့်ကြပြီ။

သူတို့ပြန်ရောက်လာတော့မှ ဦးထန်ဖုန်းရှိန်နှင့် ဒေါ်ဇယ် လီတို့လည်း စိတ်အေးကာ သက်ပြင်းချနိုင်လေတော့သည်။

အတန်ကြာတော့မှ . . ဒေါ်ဇယ်လီက ဆွယ်လီမျက်နှာ ပေါ်၌ မျက်နှာဖုံးမရှိတော့သည်ကို သတိပြုမိသွားသည်။

"ပါးရဲမျက်နှာဖုံး ဘယ်ရောက်သွားပြီလဲ"

"မျက်နှာမှာဒဏ်ရာရလို့ ဖြုတ်ပစ်လိုက်တယ်"

"ဘယ်သူဖြုတ်ပေးတာလဲ"



ဆွယ်လီက နီမောင်ကို လက်ညှိုးထိုးပြလိုက်သည်။

"မျက်နှာဖုံးချွတ်တဲ့သူက နင်နဲ့လက်ထပ်မယ့်သူဖြစ်ရ မယ်လို့ ငါ့ကိုကတိပေးထားခဲ့တယ်မဟုတ်လား"

"ငါသိပါတယ် သူကငါ့ချစ်တဲ့သူပါ"

ထိုအခါ နီမောင်ကပါဝင်ပြောသည်။

"သူပြောတာ ဟုတ်ပါတယ်၊ ကျွန်တော်တို့နှစ်ယောက် ကချစ်သူတွေဖြစ်နေကြပါပြီ၊ လူကြီးတွေကခွင့်ပေးရင် မကြာခင် တောင်းရမ်းယူပါ့မယ်"

"ဒီလိုဆိုရင်လည်းပြီးတာပဲ မင်္ဂလာဆောင်တဲ့ကိစ္စတော့ သိပ်မကြာစေနဲ့၊ ဘာကြောင့်လည်းဆိုရင် မျက်နှာပေါ်မှာပါးရဲ မျက်နှာဖုံးမရှိဘဲနဲ့ သူ့ကို အကြာကြီးမထားချင်ဘူး"

"ကျွန်တော့်မိဘတွေအသိပေးပြီး အမြန်ဆုံးစီစဉ်ပေးပါ့ မယ်"

"ကောင်းပြီ၊ ဒီပါးရဲမျက်နှာဖုံးတော့ ငါပဲပြန်သိမ်းထား လိုက်တော့မယ်"

ဟု ပြောပြီး ဆွယ်လီပြန်ပေးသော ပါးရဲမျက်နှာဖုံးကို ယူပြီး အိမ်ပေါ်ပြန်တက်သွားလေတော့သည်။

ထိုအခါ စောထီးနှင့်ငမဲအောင်တို့က အနားရောက်လာ ပြီးပြောကြသည်။

"နီမောင် မင်းတော့ကံကောင်းတာပဲ"

"ဘာဖြစ်လို့လဲ"

"ဆွယ်လီက မျက်နှာဖုံးမရှိတော့ အတော်ချောတာပဲ၊

www.burmeseclassic.com



ဒူဝါတွေကလည်း ကျေကျေနပ်နပ်ခွင့်ပေးကြပြီဆိုတော့.. ဘယ်တော့မင်္ဂလာဆောင်ကြမှာလဲ”

“အခုရက်ထဲမှာပဲ အမြန်ဆုံးစီစဉ်ပြီးဆောင်မယ်”

“မြန်လှချည်လား”

“သူပျောက်သွားတဲ့ လက်ဝတ်ရတနာတွေက ပြန်မရသေးဘူး၊ ဒီတော့ဘယ်လိုဖြစ်လာမယ်မှန်း မသိသေးဘူး”

ထိုစကားကြားတော့ နှစ်ယောက်စလုံး စကားမဆက်တော့ဘဲ သက်ပြင်းချလိုက်ကြသည်။

“ကံကောင်းပါစေကွာ”

နောက်ရက်မှာတော့ မိဘများကို အသိပေးပြီး ဆွယ်လီတို့မလေ့ထုံးစံအတိုင်း မင်္ဂလာဆောင်ရန် စီစဉ်ကြလေတော့သည်။

ချင်းလူမျိုးများသည် မင်္ဂလာဆောင်သောအခါ မလေ့ထုံးတမ်းအတိုင်း မင်္ဂလာကြေး (Man =မန်)ကို မဖြစ်မနေပေးကြရ၏။

ထိုသို့ပေးရခြင်းသည် အဓိကအားဖြင့် မိမိယူရမည့်သတို့သမီး၏ ဂုဏ်သိက္ခာကို မြှင့်တင်ခြင်း၊ တန်ဖိုးထားခြင်းကြောင့်ဖြစ်သည်။

သူတစ်ပါး၏ သမီးအား သက်မဲ့ပစ္စည်းကဲ့သို့ သဘောမထားဘဲ လွယ်လွယ်နှင့်ယူရအပ်သော ပစ္စည်းမဟုတ်ဟု သဘောထားခြင်းလည်းဖြစ်သည်။

ထိုသို့ ကြေးပေးရခြင်းအားဖြင့် မိသားစုဆွေမျိုးဆက်နွယ်မှု ပိုမို၍ခိုင်မြဲသောကြောင့်လည်း ဖြစ်ပါသည်။



အချို့သောသမီးရှင်များသည် ပုံမှန်ကြေးထက် အဆမတန်တောင်းကြသည်။

ဤသည်မှာ အချို့သမီးရှင်များသည် တောင်း၍ရသောအခွင့်အရေးဟူသမျှ တစ်ခုမကျန်တောင်းဆိုမည်ဟူသော စိတ်ထားရှိကြဟန်တူသည်။

ယခုအခါ ချမ်းသာ၍ ငွေကိုသုံးနိုင်ဖြုန်းနိုင်သူမိသားစုများကလည်း လိုသည်ထက်ပို၍ ပေးကမ်းတတ်ကြသည်။

သာမန်မိသားစုများအတွက် မင်္ဂလာကြေးပေးရန် အခက်အခဲနှင့် ကြုံလာရသည်။

အများအားဖြင့်ပေးရသည့် ကြေးကြီး (Manpi) များတွင် ငါးမျိုးရှိသည်။ ၎င်းတို့မှာ -

- ဖွန်ထော့(ခေါ်)သမီးရှင်၏ မိဘကြေး (Phunthawh)
- ယောက္ခမကြေး (Puman)
- အမေကြေး (Numan)
- အဒေါ်ကြေး (Niman)
- ယောက်ဖကြေး (Taman)

တို့ ဖြစ်ကြသည်။

နီမောင်မှာ ၎င်းတို့အတွက် အခက်အခဲတစ်ခု ရှိနေသောကြောင့် မင်္ဂလာပွဲကိုလည်း တကယ်သုတ်ရိုက်ပြီး စီစဉ်ဆောင်ရွက်ခဲ့ရပေသည်။

တကယ်ဆိုမူ လူတစ်ယောက်၏ အပျော်ရွှင်ဆုံးအချိန်

www.burmeseclassic.com

www.burmeseclassic.com



ကာလများထဲတွင် ချစ်သောသူနှင့် မင်္ဂလာဆောင်ခြင်းလည်း တစ်ခုအပါအဝင် ဖြစ်ပေသည်။

ယခုတော့နီမောင်နှင့်ဆွယ်လီတို့မှာ ချစ်သူဘဝလည်း ရောက် လက်ထပ်ခွင့်လည်းရခဲ့ပြီးမှ ပြည့်ပြည့်ဝဝ ပျော်ရွှင်ခွင့် မရကြပေ။

"ဆွယ်လီ နင်ဘာကြောင့် မျက်နှာညှိုးနေရတာလဲ"

"ငါတို့နှစ်ယောက်. . ဒီဘဝမျိုးနဲ့ ဘယ်လောက်ကြာအောင် နေခွင့်ရကြမှာလည်းဟင်"

"အဲဒါတွေ တွေးမနေနဲ့တော့၊ ဖြစ်သမျှအကြောင်း အကောင်းပဲလို့သာ သဘောထားရမှာပဲ အခုလိုအတူတူနေခွင့်ရတဲ့ အချိန်လေးမှာ ပျော်ပျော်ရွှင်ရွှင်နေကြရအောင်နော်"

ဟု ပြောပြီး သူမကိုယ်လေးကို ထွေးဖက်ကာ နှစ်သိမ့်မှုပေးလိုက်လေသည်။





## အခန်း (၁၆)

# ပလ္လင်ပျောက်ကုန်းမှ မျက်နှာဖုံးရှင်

မင်္ဂလာဆောင်ပြီး ရက်အနည်းငယ်ကြာတော့မှ နီမောင်နှင့် ဆွယ်လီတို့နှစ်ယောက်စလုံး ပလ္လင်ပျောက်ကုန်းသို့ သွားကြလေသည်။ သူတို့နှစ်ယောက်ရောက်သွားသောအချိန်မှာ ညနေပိုင်းအချိန် ရောက်နေချေပြီ။

နှစ်ယောက်သား ထိုနေရာသို့ ရောက်သည်နှင့် အရှေ့မြောက်ထောင့်အရပ်မှာရှိသော အင်္ဂါးသိုက်ရှိရာသို့ သွားကြလေ

www.burmeseclassic.com



သည်။ ထိုနေရာရောက်လာတော့ နှစ်ယောက်စလုံး အသက်ပင် မရှူဝံ့လောက်အောင် စိတ်လှုပ်ရှားနေကြသည်။

အငှားသိုက်ရှိသောနေရာရောက်တော့ ဂဠုန်ရုပ်ကြီး အနောက်ဘက်မှာ အမျိုးသမီးတစ်ယောက် ထွက်လာသည်။

သူတို့ကို လက်ဝတ်ရတနာပစ္စည်းများ ငှားပေးလိုက်သည့် စောမာလာဆိုသော အမျိုးသမီးပင်ဖြစ်ပေသည်။

"ရောက်လာကြပြီလား၊ ငှားယူသွားတဲ့ပစ္စည်းတွေရော ပါလာကြပြီလား"

ထိုအခါ ဆွယ်လီက သူယူလာသော ပစ္စည်းထုပ်ကို လှမ်းပေးရင်းနှင့် ပြောပြလိုက်သည်။

"ငှားယူသွားတဲ့ လက်ဝတ်ရတနာအချို့က လူဆိုးတွေ လုယူသွားလို့ ပါသွားပါတယ်၊ ဒီအထုပ်ထဲမှာတော့. . . အချို့လောက်ပဲ ပါတော့တယ်"

စောမာလာက ပစ္စည်းထုပ်ကိုလှမ်းယူရင်း ပြောလိုက်သည်။

"ဒီလိုပျောက်သွားပြီဆိုရင်တော့ ပေးထားတဲ့ကတိအတိုင်း တစ်ယောက်က သိုက်ထဲမှာလာနေပေးရလိမ့်မယ်၊ ဘယ်သူနေမလဲ"

"ပစ္စည်းငှားယူတာ ကျွန်မပဲဆိုတော့ ကျွန်မကိုပဲခေါ်ပါ"

"သူ့ကိုမခေါ်ပါနဲ့ ကျွန်တော်ကိုပဲခေါ်ပါ၊ ကျွန်တော်နေပေးပါ့မယ်၊ ဒီလိုမလုပ်ရင်တော့ ကျွန်တော်တို့နှစ်ယောက်စလုံးကိုသာခေါ်ပါ အတူတူနေပါရစေ"



"ဘယ်လိုအကြောင်းကြောင့်လဲ"

"ဒီလိုပါမမရယ် ပထမတစ်ခေါက်၊ ဒီနေရာရောက်လာပြီး ပစ္စည်းငှားတုန်းက ကျွန်တော်တို့က မိတ်ဆွေတွေပဲ ရှိပါသေးတယ်၊ အခုတော့. . ချစ်သူဘဝ ရောက်ရုံမကတော့ဘဲ မင်္ဂလာဆောင်ပြီး အကြင်လင်မယား ဘဝရောက်နေကြပါပြီ၊ ဒါကြောင့် သိုက်ထဲခေါ်ရင် တစ်ယောက်တည်းမခေါ်ဘဲ နှစ်ယောက်စလုံးသာ ခေါ်ပေးဖို့ တောင်းပန်ပါရစေ"

ဟု ရှင်းပြလိုက်သည်။

ထိုစကားကြားတော့ စောမာလာဆိုသော အမျိုးသမီးက အတော်ကြာအောင် မျက်မှောင်ကျုံ့ပြီး စဉ်းစားနေလေသည်။

ပြီးမှ. . .

"မင်းတို့က ဒီအခြေအနေမျိုးတောင် ရောက်သွားကြမှတိုး၊ ဒီလိုဆိုမှတော့ နှစ်ယောက်စလုံးပဲခေါ်သွားရတော့မှာပေါ့၊ ငါ့နောက်ကသာ လိုက်ခဲ့ကြပေတော့"

ဟု ပြောပြီးခေါ်သွားရာ. . နှစ်ယောက်သားကြောက်ကြောက်လန့်လန့်ဖြင့် လိုက်သွားကြလေသည်။

ဂဠုန်ရုပ်ကြီးနောက်ဘက်ရောက်တော့ တင်းပုတ်ထမ်းထားသောဘီလူးနှစ်ကောင် စောင့်နေသော ဝင်ပေါက်ကိုတွေ့ရသည်။

သူတို့ဝင်သွားပြီးတော့မှ သိုက်တံခါးပေါက်က 'ဝုန်း'ခနဲ ပြန်ပိတ်သွားလေတော့သည်။

နီမောင်စိတ်ထဲမှာတော့ ပြင်ပလူ့လောကနှင့် ဘဝခြား

www.burmeseclassic.com

www.burmeseclassic.com



သွားသကဲ့သို့ ခံစားလိုက်မိလေသည်။

သိုက်တွင်းရောက်သွားသောအခါ မီးရောင်များလင်းနေ သည်ကိုတွေ့ရသည်။

ပျားဖယောင်းတိုင်ကြီးများကြောင့် အလင်းရောင်ရနေ ရာ အံ့ရာဝတ္တုများကို ကောင်းစွာမြင်နေရသည်။

ထို့ပြင် သင်းပျံ့သောရနံ့များကလည်း အခန်းထဲမှာပြန့် နှံ့နေသည်။ တစ်နေရာမှာတော့ ရွှေတုံးများကို အုတ်ချပ်များထပ် ထားသကဲ့သို့ စီထပ်ထားသည်။

နောက်တစ်နေရာမှာတော့ ရွှေငွေကျောက်မျက်ရတနာ များ၊ လက်ဝတ်ရတနာမျိုးစုံတို့ကို သေတ္တာကြီးငယ်တို့ဖြင့် ထည့် ကာ စုပုံထားသည်ကို တွေ့ရသည်။

ထို့ပြင်အရောင်တဝင်းဝင်း တောက်ပနေသော ပတ္တမြား စသည့်ကျောက်မျက်ရတနာတို့ကိုလည်း တွေ့မြင်ရသည်။

သိုက်ထဲရောက်တော့ စောမာလာက သူတို့နှစ်ယောက် ကို အခန်းတစ်ခန်းထဲသို့ ပို့ပေးလေသည်။

"မင်းတို့နေရာက ဒီအခန်းပဲ"

ဟု ပြောကာ တံခါးပြန်ပိတ်သွားလေတော့သည်။

ထိုအခါ ဆွယ်လီက နီမောင်ကိုဖက်ပြီး ငိုလေသည်။

"နီမောင် ငါတို့နှစ်ယောက်တော့ ဘဝဆုံးပြီထင်ပါရဲ့ ငါတို့အဖြစ်က အတော့်ကိုကံဆိုးပါတယ်"

"ဒီလိုပေါ့ ဆွယ်လီရယ်. . . ဖြစ်သမျှကံအကြောင်း အ ကောင်းပဲလို့သာ သဘောထားလိုက်ပါတော့"



"ဒါတွေဟာ ငါရဲ့အပြစ်တွေပါပဲ၊ တကယ်ဆိုရင် ဒီသိုက် ထဲမှာ ငါတစ်ယောက်ထဲ နေသင့်ပါတယ်"

"ဒီလိုတော့လည်း ဘယ်ဟုတ်ပါ့မလဲ၊ နင်မရှိတော့ဘဲ ငါတစ်ယောက်တည်း ကျန်နေခဲ့လို့လည်း ဘယ်ဖြစ်ပါ့မလဲ၊ ဘယ် ဘဝမျိုးရောက်ရောက် အခုလိုအတူတူနေခွင့်ရတာကိုက အဆိုး ထဲကအကောင်းလို့ပဲ သဘောထားကြရမှာပဲ"

ဟု ပြောကာ ဆွယ်လီကိုယ်လေးကိုဖက်ပြီး နှစ်သိမ့်မှု ပေးရလေသည်။

ထိုသို့နှစ်သိမ့်မှုပေးနေရင်းမှပင် သူ့စိတ်ထဲမှာလည်း ဝမ်း နည်းကြေကွဲမှုများ ဖြစ်နေမိလေသည်။

နောက်တစ်နေ့ရောက်တော့ စောမာလာရောက်လာ လေသည်။

သူမလက်ထဲမှာ အထုပ်တစ်ထုပ်ပါလာသဖြင့် ဆွယ်လီ ကိုပေးလိုက်သည်။

"ဖြေကြည့်ပါဦး"

ဆွယ်လီက တုံရင်နေသောလက်ဖြင့် အထုပ်ကို ဖြည် ကြည့်လိုက်လေသည်။

အတွင်းမှာတော့ ရတနာပစ္စည်းအချို့ရှိသည်။

"ဒါ. . ဒါ. . ကျွန်မပျောက်သွားတဲ့ လက်ဝတ်ရတနာ တွေ မဟုတ်လားဟင်"

စောမလာက ခေါင်းညိတ်ပြသည်။

"ဒီကို ဘယ်လိုပြန်ရောက်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါပြန်ယူထားတာပါ"

"ဘာကြောင့် ပြန်ယူထားတာလဲဟင်"

"အမှန်ပြောရရင် သူ့ကိုသိုက်ထဲခေါ်ထားချင်လို့ တမင်ပြန်ယူထားတာပါ၊ အရင်တစ်ခေါက်လာတုန်းက. . နင်တို့နှစ်ယောက်က လွတ်လပ်နေကြတယ်လေ၊ ဒါကြောင့် သူ့ကိုခေါ်ထားမလို့ စိတ်ကူးတာပါ"

"အခုတော့ ကျွန်မယောကျ်ား ဖြစ်နေပါပြီမမရယ်"

"ပိုင်ဆိုင်သူရှိနေတဲ့ ယောကျ်ားတစ်ယောက်ကိုတော့ ငါလည်း ခေါ်ထားပိုင်ခွင့်မရှိပါဘူး၊ ဒါကြောင့် မင်းတို့နှစ်ယောက်စလုံးကို ပြန်ခွင့်ပေးပါ့မယ်"

"ကျေးဇူးတင်လိုက်တာမမရယ် ဝမ်းသာလိုက်တာ"

"ငါ့ကိုချည်း ကျေးဇူးတင်ရမှာ မဟုတ်ဘူး၊ နောက်ကျေးဇူးတင်ရမှာ နှစ်ယောက်ရှိသေးတယ်"

"ဘယ်သူတွေလဲ ဟင်"

"အခု ပလ္လင်ပျောက်ကုန်းမှာ အဓိဋ္ဌာန်ဝင်နေတဲ့ ဆရာကြီးနှစ်ယောက် ရောက်နေကြတယ်၊ သူတို့က ကိုးနေရာစလုံး အဓိဋ္ဌာန်ဝင်ပြီး မေတ္တာပို့ အမျှအတန်းဝေပေးကြတယ်. . ၊ ဒါကြောင့် ဒီနေရာရှိတဲ့ ပရလောကသားအတော်များများ ကျွတ်လွတ်ခွင့်ရကြတယ်၊ ဒီအထဲမှာ ငါလည်းပါတယ်"

"ဟင်"

"မကြာခင်မှာ ငါဒီဘဝက ကျွတ်လွတ်ခွင့်ရတော့မယ် ဒါကြောင့် နင်တို့နှစ်ယောက်ကို ပြန်လွှတ်ပေးလိုက်တာပါ၊ ဒီ



ရတနာတွေက ရိုးသားပြီး စိတ်ထားဖြူစင်တဲ့ နင်တို့နှစ်ယောက်အတွက် ငါကလက်ဆောင်ပေးလိုက်တာပါ"

ဟု ပြောပြီး အပေါက်ဝအထိ လိုက်ပို့ပေးလေသည်။

သူတို့နှစ်ယောက် အပြင်ရောက်တော့မှ သိုက်တံခါးပေါက်က ပြန်ပိတ်သွားလေတော့သည်။

နီမောင်နှင့်ဆွယ်လီတို့နှစ်ယောက်လည်း ဝမ်းသာစွာဖြင့် ပလ္လင်ပျောက်ကုန်းတစ်ဝိုက်လိုက်ရှာရာ ဆရာကြီးသူရဇ္ဇတို့နှင့် တွေ့ရလေသည်။

ထိုအခါ အကြောင်းစုံပြောပြပြီး ကန်တော့ကြသည်။

"လောကမှာ ရိုးသားခြင်း၊ စိတ်ထားဖြူစင်ခြင်းဟာ. . အန္တရာယ်မှန်သမျှကို ဖယ်ရှားပေးပြီး လိုရာဆန္ဒအဝဝတို့ကို ပြီးမြောက်စေနိုင်တယ်၊ လူဆင်းရဲပေမယ့် စိတ်ထားမဆင်းရဲအောင်သာ တစ်သက်လုံးကြိုးစားစောင့်ထိမ်းသွားကြပါ"

ဟု ဆုံးမစကားပြောလိုက်သည်။

ထိုနောက် နီမောင်နှင့်ဆွယ်လီတို့နှစ်ယောက်မှာ ပျော်ရွှင်စွာဖြင့် ပလ္လင်ပျောက်ကုန်းမှ ပြန်ထွက်လာကြလေသည်။

"ငါတို့နှစ်ယောက် လက်ထပ်လိုက်မိတာ အတော်ကံကောင်းသွားတယ်၊ မဟုတ်ရင်. . သူက နင့်တစ်ယောက်ထဲကိုပဲ ခေါ်ထားလိုက်မှာ"

"ဒီလိုခေါ်ထားတော့လည်း အေးအေးချမ်းချမ်းနေရလို့ ပိုကောင်းတာပေါ့"

"ဘာလဲ. . နင်က သူနဲ့နေချင်လို့လား ဒီလိုဆိုရင် ငါကို

www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့ပြီး သွားနေပါလား"

မျက်စောင်းထိုးကာ ပြောလေသည်။

"ငါက အလကားစတာပါ ဆွယ်လီရယ် တကယ်မနေချင်ပါဘူး၊ ဒီလောကမှာ ငါအချစ်ဆုံးက နင်တစ်ယောက်တည်းပဲ ရှိပါတယ်"

ဟု စကားပြန်ဖြေပြောလိုက်တော့မှာ မျက်နှာပေါ်မှာ အပြုံးရိပ်ကလေးများ သမ်းလာလေသည်။

ယခုတော့လည်း သူတို့နှစ်ယောက်၏ ဘဝခရီးလမ်းမှာ ငပုတ်ဖမ်းခြင်းမှလွတ်သော လရောင်ကဲ့သို့သော်လည်းကောင်း လှိုင်းလေကင်းစင်နေသော မြစ်ရေပြင်ကဲ့သို့သော်လည်းကောင်း ကြည်လင်သာယာစွာဖြင့် ရှိနေလေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ပလ္လင်ပျောက်ကုန်းမှ မျက်နှာဖုံးရှင်) အမည်ရှိသည့် ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ်အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိစ္စယာဟောတု သုခိအတ္တာနံ ပရိဟရန္တု

စာပြီးချိန်။ ။ ၂၀၁၄ ခုနှစ်၊ ဇွန်လ( ၂၅ )ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက်(၀၀)နာရီ




www.burmeseclassic.com